မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ နယုန်လကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၁၉ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၂၆၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# COVID –19 နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေး





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID – 19 နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ထူးချွန်ဆုရ တောင်သူလယ်သမား ဒေါ်ကျင်ဆိုင်တို့အား Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁၈**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID – 19 နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ ဧရာဝတီတိုင်းဒေသကြီးမှ ထူးချွန်ဆုရ တောင်သူလယ်သမား ဒေါ်ကျင်ဆိုင်တို့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**“မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးသည် အလွန်အရေးကြီး၊ ကိုဗစ်ကာလတွင် လှမ်းသည့်ခြေလှမ်းများသည် ယခင်လုပ်ခဲ့သည့်အရာများနှင့် သဟဇာတဖြစ်ရန်လို၊ နောင်အတွက်လည်း မိမိတို့၏ ရေရှည်ဆောင်ရွက်မည့်ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်လည်း စပ်ဟပ်မှုရှိရန်လို”**

တရုတ်နိုင်ငံက ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်လုံး လွှတ်တင် စာ ၁၂

ပေကျင်း အာဏာပိုင်များ ကိုဗစ်–၁၉ အစုလိုက်ကူးစက်မှုကို ထိန်းချုပ်ရန် ဆောင်ရွက် စာ ၁၃



## ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှု လျှော့ချရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဥပဒေသစ်

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကို ယခုနှစ် မေလ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းလိုက်သည်။ ဥပဒေအသစ်ပေါ်လာသောကြောင့် ၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မော်တော်ယာဉ်ဥပဒေမှာ နိဂုံးချုပ်သွားသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေတွင် စည်းကမ်းချက်အသစ်များ ထပ်မံထည့်သွင်းထားခြင်းနှင့်အတူ ဒဏ်ကြေးများကိုလည်း တိုးမြှင့်ထားသည်ကို တွေ့ရသည်။ ယခုနှစ်သည် National Road Safety Action Plan (၂၀၁၄-၂၀၂၀) အရ ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုကို ထက်ဝက်လျှော့ချနိုင်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းစီမံချက်၏ နောက်ဆုံးနှစ်ဖြစ်သည်။ ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုကို ထက်ဝက်လျှော့ချနိုင်ရေးဟုဆိုရာတွင် ၂၀၁၃ ခုနှစ်ကို အခြေခံထားပြီး ယင်းနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့သူ ဦးရေ ၃၇၀၀ ကျော်၏ ထက်ဝက်သို့ လျှော့ချရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ၂၀၁၇၊ ၂၀၁၈၊ ၂၀၁၉ ခုနှစ်များအတွင်း ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုဦးရေမှာ လျှော့ကျမသွားဘဲ တိုးလာခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းအရ မြန်မာနိုင်ငံတွင် လူတစ်သိန်းလျှင် ၂၀ ဦး ယာဉ်တိုက်မှုကြောင့် သေဆုံးနေရကြောင်း သိရသည်။

ယာဉ်တိုက်မှုများ၏ ထက်ဝက်ခန့်မှာ ဆိုင်ကယ်များနှင့် ပတ်သက်နေပြီး လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး မှတ်ပုံတင်ဆိုင်ကယ်စီးရေ ခြောက်သန်းခန့်ရှိနေရာ မှတ်ပုံမတင်(လိုင်စင်မဲ့) ဆိုင်ကယ်များအပါအဝင် ဆိုင်ကယ်စီးသူဦးရေ မြောက်မြားစွာရှိနေခြင်းနှင့်အတူ ယာဉ်စည်းကမ်း လမ်းစည်းကမ်း နားမလည်၊ မလိုက်နာ၊ အကာအကွယ်ဦးထုပ်လည်း မဆောင်း၊ မီး၊ မှန် မပြည့်စုံနှင့် စည်းကမ်းမဲ့ မောင်းနှင်နေမှုများကို ထိထိရောက်ရောက် အရေးယူခြင်းဖြင့် ယာဉ်တိုက်မှုနှင့် လူသေဆုံးမှုဖြစ်စဉ်ရာခိုင်နှုန်း တော်တော်များများ လျော့ကျသွားမည်ဖြစ်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေအရ ဆိုင်ကယ်နောက်ကြည့်မှန်နှင့် အိတ်ဇောရှိ အသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်းမပြုရန်၊ ဆိုင်ကယ်မောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့ညအချိန်တိုင်းဖွင့်၍ မောင်းနှင်ရန်၊ ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူကိုဖြစ်စေ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်ဆင်၍ ဆောင်းခြင်းမပြုဘဲ ဆိုင်ကယ်ကို မောင်းနှင်ခြင်းမပြုရန် တားမြစ်ထားပြီး ဖောက်ဖျက်ကျူးလွန်ပါက ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်သည်နှင့်အမျှ မော်တော်ဆိုင်ကယ်ကို အကြောင်းပြု၍ ဖြစ်ပွားသည့် ယာဉ်တိုက်မှုများနှင့် လူသေဆုံးမှုများ လျော့ပါးသွားမည်ဟု ယုံကြည်မိသည်။

ထို့အပြင် ယာဉ်မောင်းလိုင်စင်မရှိဘဲ မော်တော်ယာဉ် မောင်းနှင်ခြင်း၊ အခြားသူ၏ မော်တော်ယာဉ်လိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊ သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းခြင်း၊ လျှော့မောင်းခြင်း၊ မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မဆင်မခြင်၊ အရှိန် ပြင်းစွာ၊ ပေါ့လျော့စွာ မောင်းနှင်ခြင်းတို့ကဲ့သို့သော ပြစ်မှုများအတွက် တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပြီး တစ်နှစ်အတွင်း ထပ်မံကျူးလွန်မိပါက ထို့ထက် သုံးဆပိုသော ပြစ်ဒဏ်များ ချမှတ်ခံရမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူတိုင်း အထူးဂရုပြုကြရန် တိုက်တွန်းလိုသည်။

မြန်မာနိုင်ငံသည် ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုနှုန်းတွင် အရှေ့တောင်အာရှနိုင်ငံများအနက် ဒုတိယနေရာတွင်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လွန်ခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက ဖော်ပြခဲ့သည်။ ယင်းနောက်တွင်လည်း ကိန်းဂဏန်းများလျော့ကျသွားခြင်းမရှိဘဲ တက်မြဲတက်ခဲ့ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ ဆက်လက်ချိုးဖောက်ခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအသစ်နှင့်အတူ ဥပဒေပါပြဋ္ဌာန်းချက်များ ရှင်သန်စိုးမိုးရေး အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြခြင်းဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် အနိဋ္ဌာရုံတို့လျော့ပါးလာမည်ဖြစ်ပါကြောင်း။ ။

## ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ်မွမ်းမံတည်ဆောက်ခြင်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ပရိယတ္တိစာအောင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် နယ်စပ်နှင့် တောင်တန်းဒေသသာသနာပြု လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၈**
နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ် မွမ်းမံတည်ဆောက်ခြင်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်း၊ ပရိယတ္တိစာအောင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်းနှင့် နယ်စပ်နှင့် တောင်တန်းဒေသသာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများအတွက် အလှူတော်ငွေကျပ်သိန်း ၃၄၅၀၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး ဘက်စုံပြုပြင်မွမ်းမံခြင်း လုပ်ငန်းအတွက် အလှူတော်ငွေကျပ်သိန်း ၈၅၀၊ ပရိယတ္တိစာအောင် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းခြင်းအတွက် အလှူတော်ငွေကျပ် ၅၇၅ သိန်း၊ နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အလှူတော်ငွေကျပ်သိန်း ၅၅၀ စုစုပေါင်း အလှူတော်ငွေကျပ် ၅၄၂၅ သိန်းတို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို က လက်ခံရယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ် လေးရာကျော်အနက် ၇၀ ရာခိုင်နှုန်းနီးပါး ဖွင့်လှစ်ခွင့်ရရှိနိုင်ရေး ဆောင်ရွက်ထား

**မန္တလေး ဇွန် ၁၈**
မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက အသိအမှတ်ပြုချထားပေးသည့် ဟိုတယ်များ ပြန်လည်ဖွင့်လှစ်ရေးအတွက် ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်များ ပြည့်စုံစွာ ဆောင်ရွက်ထားမှုများကို စစ်ဆေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ် လေးရာကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းနီးပါး ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်ထားကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ဟိုတယ်နှင့် တည်းခိုခန်းများကို ဖွင့်လှစ်ခွင့် ယာယီပိတ်ထားခဲ့ရာမှ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအတိုင်း ပြည့်စုံစွာဆောင်ရွက်မှုရှိ မရှိစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ရယူထားသည့် ဟိုတယ် အလုံးပေါင်း ၄၀၀ ကျော်ရှိရာ စစ်ဆေးပြီးစီးသည့် ဟိုတယ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားကြောင်း သိရပြီး အသုတ်လိုက်ခွဲကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုနေကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ ဟိုတယ်အလုံးလေးရာ ကျော်ရှိတယ်။ ဖွင့်လှစ်တင်ပြတဲ့ ဟိုတယ်တွေကို စစ်ဆေးပြီး ညွှန်ကြားချက်အတိုင်း ပြည့်စုံတယ်ဆိုရင် အသုတ်လိုက် ခွဲပြီး ဖွင့်လှစ်ခွင့်ပြုပေးနေတယ်။ တိုင်းဒေသကြီးတစ်ခုလုံးအနေနဲ့ ၆၀ ရာခိုင်နှုန်းကျော် ၇၀ ရာခိုင်နှုန်းနီးပါး စစ်ဆေးပြီးဖြစ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားပြီး ဖွင့်လှစ်ခွင့်ရရှိနိုင်အောင် ဆောင်ရွက်ထားပါတယ် "ဟု မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

"စစ်ဆေးရာမှာ A အဆင့်ရှိတယ်ဆိုရင် ဖွင့်လှစ်ခွင့်ရရှိမယ်။B နဲ့ C ဆိုရင်တော့ လိုအပ်ချက်တွေ ရှိနေသေးလို့ ဖြည့်ဆည်းဆောင်ရွက်ရမှာပါ။ အဲဒါကို ပြန်ပြီးစစ်ဆေးတယ်။ စစ်ဆေးပြီးတာတွေကို တိုင်းဒေသကြီးအစိုးရထံ တင်ပြပါတယ်" ဟု စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သည့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးမင်းနိုင်က ပြောသည်။

စစ်ဆေးမှုကို ကျန်းမာရေးဦးစီးဌာနက အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း စသည်တို့ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**

## နိုင်ငံတကာ တေးဂီတပွဲတော်နေ့ အွန်လိုင်းမှကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**
မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် JOOX မှ နိုင်ငံတကာတေးဂီတပွဲတော်နေ့ (World Music Day) ကို အွန်လိုင်းမှ ပြည်တွင်း ပြည်ပ အနုပညာရှင်များ၊ အဆိုတော်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

"The Sound of Happiness" ဟု အမည်ပေးထားသည့် အဆိုပါဂီတပွဲတော်ကို ဇွန် ၂၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်ပြီး JOOX အက်ပလီကေးရှင်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ "တစ်ကမ္ဘာလုံးမှာ ကိုဗစ် - ၁၉ ရဲ့ အကျိုးသက်ရောက်မှုဟာ




တော်တော်လေးကြီးမားပြီး အကူအညီလိုအပ်တဲ့သူတွေ အများကြီးရှိနေပါတယ်။ ကျွန်တော်တို့ JOOX အနေနဲ့ မြန်မာဂီတပရိသတ်တွေအတွက် သူတို့လိုအပ်နေတဲ့ တိုက်ရိုက်ဖျော်ဖြေမှုဆီက စိတ်လှုပ်ရှားတက်ကြွမှုတွေပေးနိုင်ဖို့ လုပ်ဆောင်ပေးရတဲ့အတွက် ကျေနပ်မိပါတယ်။ JOOX အက်ပလီကေးရှင်းက ရရှိတဲ့ငွေကြေးတွေကို ကိုဗစ်-၁၉ ရန်ပုံငွေအတွက် လှူဒါန်းသွားပါမယ်" ဟု JOOX Myanmar မှMr. Zhang က ပြောသည်။

အဆိုပါ ဂီတပွဲတော်တွင် နိုင်ငံကျော်အဆိုတော်များ ဖြစ်သည့် ဝေလ၊ Big Bag၊ ဖြူဖြူကျော်သိန်း၊ ရွှေထူး၊ အိမ့်ချစ်၊ ဖြိုးပြည့်စုံ၊ မေနှင့် ချမ်းမြေ့မောင်ချိုတို့က ပါဝင်ဖျော်ဖြေသွားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာမှ အဆိုတော်များဖြစ်သည့် Ruel၊ Alexander 23၊ Circa Waves၊ Mxmtoon၊ Conor Matthews ၊ Gracie Abrams၊ Griff၊ JC Stewart နှင့် Maximillian တို့လည်း ပါဝင်မည်ဖြစ်ကာ Pop၊ R&B၊ Hip Hop နှင့် Rock စသည့် ခေတ်ပေါ် တေးဂီတအမျိုးအစားများစွာနှင့် ဖျော်ဖြေသွားမည်ဖြစ်သည်။

၁၉၈၂ ခုနှစ်တွင် နိုင်ငံတကာ တေးဂီတပွဲတော်နေ့ကို ပြင်သစ်နိုင်ငံ၌ စတင်ပြုလုပ်ကျင်းပခဲ့ပြီး နှစ်စဉ် ဇွန် ၂၁ ရက်နေ့တိုင်း ကျင်းပပြုလုပ်ခဲ့သည်။ ယခင်နှစ်များက ကမ္ဘာတစ်ဝန်း မြို့ပေါင်းတစ်ထောင်ကျော်ရှိ အများပြည်သူကြည့်ရှုနိုင်သည့် နေရာများတွင် အခမဲ့ တေးဂီတပွဲတော်ကြီးများကို ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# ပြည်သူသာလျှင် အဓိက

- ❒ ယခုကဲ့သို့ Covid-19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်သည့်အချိန်တွင် နိုင်ငံအသီးသီးအနေဖြင့် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ခဲ့
- ❒ ထိုသို့ ထုတ်ပြန်ခဲ့သည့်အတွက် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် နှေးကွေးမှုရလဒ်ကို အခြားနိုင်ငံများနည်းတူ ရရှိခဲ့ပြီး လယ်ယာကဏ္ဍရှိ ကျေးလက်နေပြည်သူများအပေါ်တွင် အကျိုးသက်ရောက်မှုရှိခဲ့
- ❒ နိုင်ငံတော်အနေဖြင့် စီမံချက်များနှင့်အတူ ဘဏ္ဍာငွေကျပ် ၉၂ ဒသမ ၆၁ ဘီလီယံအား ယခုကာလတွင် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့

❖ *ရှေ့ဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးသည် အလွန်အရေးကြီးပါကြောင်း၊ ကိုဗစ်ကာလတွင် လှမ်းသည့်ခြေလှမ်းများသည် ယခင်လုပ်ခဲ့သည့် အရာများနှင့် သဟဇာတဖြစ်ရန်လိုကြောင်း၊ နောင်အတွက်လည်း မိမိတို့၏ ရေရှည်ဆောင်ရွက်မည့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်လည်း စပ်ဟပ်မှုရှိရန်လိုပါကြောင်း၊ မိမိတို့နိုင်ငံကို စိုက်ပျိုးရေးကိုအခြေခံသည့် ခေတ်မီစက်မှုနိုင်ငံမျိုး ဖြစ်စေလိုပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် သဘာဝအားဖြင့် အားသန်ချက်မှာ စိုက်ပျိုးရေးဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို အခြေခံပြီး အောင်မြင်သည့်နိုင်ငံများလည်း ရှိပါကြောင်း၊ ဥပမာပေးရလျှင် နယူးဇီလန်နိုင်ငံဖြစ်ပါကြောင်း၊ နယူးဇီလန်နိုင်ငံသည် ကျွန်းနိုင်ငံငယ်ဖြစ်သော်လည်း စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံတစ်နိုင်ငံဖြစ်လာပါကြောင်း၊ တိုးတက်ခေတ်မီဖွံ့ဖြိုးပြီး ကမ္ဘာပေါ်တွင် တိုးတက်မှုအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဟု ပြော၍ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည်လည်း ယင်းနိုင်ငံကဲ့သို့ မဖြစ်နိုင်စရာ မရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးအတွက် အခြေခံများလည်း ပြည့်စုံပါကြောင်း၊ ယင်းကို ပို၍ထိရောက်ပြီး အရည်အချင်းမြင့်တက်လာရန်အတွက် စီစဉ်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်ကိုကြည့်ကာ နောင်အနာဂတ်တွင် မည်သို့ဖြစ်နိုင်သည်ကို တွက်ရပါကြောင်း၊ ပစ္စုပ္ပန်ချည်းကြည့်၍ မရပါကြောင်း၊ ယခုဆိုလျှင် ယင်းကိစ္စမှာ ပို၍သိသာပါကြောင်း၊ ကိုဗစ်ကာလတွင် ယနေ့နှင့် မနက်ဖြန်အတွက် စဉ်းစားရပါကြောင်း၊ ကိုဗစ်အခြေအနေသည် တစ်နေ့နှင့်တစ်နေ့ မည်သို့ဖြစ်မည်မှာ မသေချာပါကြောင်း၊ ထို့သို့ စဉ်းစားသည့် တစ်ချိန်တည်းတွင် ကိုဗစ်ကာလနောက်ပိုင်း ရေရှည်တွင် မိမိတို့နိုင်ငံသွားစေလိုသည့်လမ်း၊ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်လည်း အမြဲစဉ်းစားရပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယခုကဲ့သို့ Covid–19 ကမ္ဘာ့ကပ်ရောဂါ ကျရောက်သည့်အချိန်တွင် နိုင်ငံအသီးသီးအနေဖြင့် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုသို့ ထုတ်ပြန်ခဲ့သည့်အတွက် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် နှေးကွေးမှုရလဒ်ကို အခြားနိုင်ငံများနည်းတူ ရရှိခဲ့ပြီး လယ်ယာကဏ္ဍရှိ ကျေးလက်နေပြည်သူများအပေါ်တွင် အကျိုးသက်ရောက်မှု ရှိခဲ့ပါကြောင်း။

## ထုတ်လုပ်အားလျော့ကျ

ပထမအချက်မှာ လက်ရှိကုန်စည်စီးဆင်းမှု နှေးကွေးမှုများနှင့်အတူ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်ကုန်များ ဈေးကွက်ထိခိုက်မှုနှင့် ရောင်းလိုအား၊ ဝယ်လိုအား မမျှတမှုတို့ကို ကြုံတွေ့ခဲ့ရပါကြောင်း၊ ဒုတိယအချက်မှာ ပို့ကုန်လမ်းကြောင်းများ ရပ်ဆိုင်းသွားသည့်အတွက် ပြည်ပသို့တင်ပို့သည့် ပို့ကုန်များ တုံ့ဆိုင်းသွားသည်ကို တွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံသည် သိုလှောင်ထိန်းသိမ်းနိုင်မှု အခြေခံအဆောက်အအုံ မပြည့်စုံခြင်းစသည့် အားနည်းချက်ရှိနေပါကြောင်း၊ တတိယအချက်မှာ နယ်စပ်ကုန်သွယ်ရေးများတွင် တစ်ဖက်နိုင်ငံ၏ မူဝါဒအပြောင်းအလဲနှင့်အတူ တင်းကျပ်သည့် စိစစ်မှုများကြောင့် ယခုကာလအတွင်း ကုန်စည်စီးဆင်းမှု တုံ့ဆိုင်းနေခဲ့သည်ကို တွေ့ရပါကြောင်း၊ စတုတ္ထအချက်မှာ မိမိတို့နိုင်ငံအတွင်း အရည်အသွေးစစ်ဆေးမှု အားနည်းချက်ဖြစ်ပြီး ပဉ္စမအချက်မှာ ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသူများမှ ကျေးလက်နေမိသားစုများထံ ငွေများလွှဲပို့နိုင်မှု လျော့နည်းသွားသည်ကို တွေ့ရှိရပါကြောင်း၊ နောက်ဆက်တွဲအနေဖြင့် ကျေးလက်နေ တောင်သူလယ်သမားများ မြီးခြွေတာသုံးစွဲရသည့်အတွက် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ လျော့ကျလာပြီး ထုတ်လုပ်အား လျော့ကျလာမည်ကို သတိပြုမိပါကြောင်း။

ထို့ပြင် အသွားအလာကန့်သတ်မှု အကျိုးဆက်အနေဖြင့် လယ်ယာလုပ်ငန်းခွင်နှင့်အတူ ယင်းနှင့်ဆက်စပ်လုပ်ငန်းများတွင် ဝင်ငွေရရှိမှု လျော့နည်းလာပါကြောင်း၊ ယင်းအခြေအနေများကို ကုစားနိုင်ရန် မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးအပေါ်တွင် ထိခိုက်မှုသက်သာရေးစီမံချက် COVID–19 Economic Relief Plan – CERP ထွက်ပေါ်လာသည့်အတွက် မိမိတို့၏ ဆောင်ရွက်မှုများ အဆင်ပြေခဲ့ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စီမံချက်များနှင့်အတူ ဘဏ္ဍာငွေကျပ် ၉၂ ဒသမ ၆၁ ဘီလီယံအား ယခုကာလတွင် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့ပါကြောင်း။

## အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် အချက် ၄ ချက် လျာထားပါကြောင်း၊ ပထမအချက်မှာ စိုက်ပျိုးထုတ်လုပ်မှု မလျော့ကျစေရန် ဆောင်ရွက်မည့် လုပ်ငန်းစဉ်ဖြစ်ပြီး CERP ၏ 2.1.7(B) အရဖြစ်ပါကြောင်း၊ ယင်းမှာ စပါးမျိုးစေ့ထုတ်လုပ်ငန်းဧက (၁) သိန်း စီမံကိန်းဖြစ်ကာ စိုက်ပျိုးရေးဦးစီးဌာနက Focal အနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်မှအပ ကျန်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်ပေါင်း ၂၈၇ မြို့နယ်တွင် ဆောင်ရွက်မည်ဖြစ်ပြီး မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော မျိုးစေ့ထုတ်တောင်သူအသင်းအဖွဲ့၊ မျိုးစေ့ထုတ် သမဝါယမအသင်းအဖွဲ့၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ကန်ထရိုက် အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဧက(၁)သိန်းတွင် အထွက်ကောင်းမျိုးစပါးဧကပေါင်း ခြောက်သောင်းကိုးထောင်ကျော်နှင့် အရည်အသွေးကောင်းသည့် စပါးမျိုးပေါင်း ဧကသုံးသောင်းခြောက်ရာကျော်အား ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် မျိုးစေ့၊ ပြုစုလုပ်အားခ၊ မျိုးကွဲနုတ်ပယ်သည့်လုပ်ငန်းနှင့် မျိုးစေ့သန့်စင်သည့်လုပ်ငန်းများ၏ လုပ်အားခများကို ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ ထောက်ပံ့ငွေကျပ် ၁၄ ဒသမ ၉၁ ဘီလီယံအား CERP Program မှ ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များအား ယခုကာလမှစတင်ကာ စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## ကျေးရွာပေါင်း ၁၇၀၀ တွင် ထောက်ပံ့ပေးသွားမည်

ဒုတိယတစ်ခုမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်မည့် အရင်းမပျောက် မတည်ရန်ပုံငွေဖြစ်ပြီး ကျေးရွာနေပြည်သူများ ကိုယ်တိုင်စီမံခန့်ခွဲမည်ဖြစ်ပါကြောင်း၊ အိမ်ခြေ ၅၀ အောက် ငွေကျပ် သိန်း ၁၀၀၊ အိမ်ခြေ ၅၀ နှင့် ၁၀၀ ကြား ငွေကျပ် သိန်း ၂၀၀၊ အိမ်ခြေ ၁၀၀ နှင့်အထက် ငွေကျပ် သိန်း ၃၀၀ ထောက်ပံ့သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာပေါင်း ၁၇၀၀ တွင် ထောက်ပံ့ပေးသွားမည်ဖြစ်ကာ စုစုပေါင်း ငွေကျပ် ၄၂ ဘီလီယံ မတည်ရန်ပုံငွေ ထူထောင်ပေးသွားမည် ဖြစ်ပါကြောင်း။

တတိယလုပ်ငန်းမှာ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ငါးမွေးမြူရေးဦးစီးဌာနမှ မျိုးငါးနှင့် ငါးသားပေါက်များ ထောက်ပံ့ခြင်းဖြစ်ပါကြောင်း၊ တစ်ဧကလျှင် ငါးသားပေါက် ၂၀၀၀ အား ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများထံ ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ ခန့် ထောက်ပံ့မည်ဟု မျှော်မှန်းထားပြီး ငွေကျပ် ၆ ဘီလီယံခန့် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထလုပ်ငန်းမှာ လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးခြင်းဖြစ်ပြီး စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ငွေကျပ် ၁ ဒသမ ၂၅၇ ဘီလီယံ အသုံးပြုသွားမည် ဖြစ်ပါကြောင်း။

## ငွေကျပ် ၁ ဒသမ ၄၄ ဘီလီယံ အသုံးပြုသွားမည်

ထို့ပြင် တောင်သူများ ဝင်ငွေရရှိစေမည့် အလုပ်အကိုင်ဖန်တီးခြင်းလုပ်ငန်း (၆) မျိုး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပထမဆုံးတစ်ခုမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာအခြေခံအဆောက်အအုံနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေမည်ဖြစ်ပြီး ကျေးရွာ၏ အခြေခံအဆောက်အအုံများကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျေးရွာပေါင်း ၂၄၈၈ ရွာတွင် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာအား ငွေကျပ် သိန်း ၁၀၀ နှုန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကျိုးပြုမည့် အိမ်ထောင်စုမှာ ၁ ဒသမ ၂ သိန်းခန့်ဖြစ်ပြီး လူဦးရေ ၆ သိန်းခန့် အကျိုးပြုမည်ဖြစ်ပါကြောင်း၊ ငွေကျပ် ၂၅ ဘီလီယံ အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ ဒုတိယတစ်ခုမှာ မွေးမြူထုတ်လုပ်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ခြင်း ဖြစ်ပါကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တောင်သူလယ်သမားများအား မွေးမြူရေးဆိုင်ရာ သင်တန်း ၆ မျိုးကို ၁၈ ရက်ကြာ သင်တန်းပို့ချသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်းမှ သင်တန်းသား ၁၀၀၀၀ ခန့်အား ယခုကာလအတွင်း လူသားအရင်းအမြစ်အနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး ငွေကျပ် ၁ ဒသမ ၄၄ ဘီလီယံ အသုံးပြုသွားမည် ဖြစ်ပါကြောင်း။

တတိယမှာ ရေလုပ်သားများ၏ ပင်လယ်ပြင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ သင်တန်းများဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကမ်းရိုးတန်းဒေသရှိ နေရာ ၅ နေရာတွင် ကိုဗစ်ကာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငွေကျပ် ၆၀ ဒသမ ၇၇ သန်း အသုံးပြုသွားမည်ဖြစ်ပြီး သင်တန်းကြိမ်ရေ ၃၀ အထိ ပို့ချပေးသွားမည် ဖြစ်ပါကြောင်း၊ စတုတ္ထတစ်ခုမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်သည့် လက်တံမြောင်း၊ လက်ခွဲမြောင်း၊ ရေနုတ်မြောင်းငယ်များအား ပြုပြင်ခြင်းနှင့် ရေငန်တားတာ၊ ရေဘေးကာကွယ်ရေးတာများကို ကြံ့ခိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် လုပ်သားအင်အား အဓိကထားဆောင်ရွက်မည်ဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ပြီး ငွေကျပ် ၁ ဒသမ ၁၃၉ ဘီလီယံ အသုံးပြုသွားမည် ဖြစ်ပါကြောင်း။

## အစအဆုံးဆောင်ရွက်ပေးသွားမည်

ပဉ္စမတစ်ခုမှာ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဖြစ်ပြီး စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်များဖြင့် စိုက်ပျိုးပေးခြင်းလုပ်ငန်းများအား အစအဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယင်းကို Potential အများဆုံးရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၆ ခုတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ငွေကျပ် ၂၀၄ သန်း အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးတစ်ခုဖြစ်သည့် အလုပ်အကိုင်ဆိုင်ရာ သင်တန်းများ ဆောင်ရွက်ပေးမှုများကို အသေးစားစက်မှုလက်မှုဦးစီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သင်တန်းအမျိုးအစား ၅ မျိုး ပို့ချသွားမည်ဖြစ်ပါကြောင်း၊ လူသုံးကုန်သင်တန်း၊ စားသောက်ကုန်သင်တန်း၊ လျှပ်စစ်၊ စက်မှု၊ စက်ပြင်သင်တန်းများ၊ ရက်ကန်းသင်တန်း၊ ယွန်းထည်လက်မှုလုပ်ငန်းသင်တန်း စသည့် သင်တန်းများပါဝင်ပြီး အကြိမ်အရေအတွက် ၃၀၀ ခန့် မျှော်မှန်းထားပြီး သင်တန်းသား ၉ ထောင်ခန့် သင်ကြားပေးနိုင်မည် ဖြစ်ပါကြောင်း၊ ငွေကျပ် ၆၀၀ ဒသမ ၂၁ သန်း သုံးစွဲသွားမည် ဖြစ်ပါကြောင်း။

## ပေါင်းစပ်ကူညီဆောင်ရွက်

ကုန်စည်စီးဆင်းမှု သွက်လက်စေရေးနှင့် ပံ့ပိုးကူညီဆောင်ရွက်မည့် အစီအစဉ်အား မိမိတို့ဝန်ကြီးဌာနအပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

## ရန်ပုံငွေအချို့ကို ထည့်သွင်းသုံးစွဲ

ပြည်ပတင်ပို့မှုနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအား ကုန်စည်စီးဆင်းမှု သွက်လက်စေရန်အတွက် ထွက်ကုန်များနှင့် ရောင်းချမည့်ကုန်များအား အရည်အသွေးစစ်ဆေးချက် ထောက်ခံချက်ထုတ်ပေးမည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တိုးမြှင့်ဆောင်ရွက်ရန် ကြိုးစားအားထုတ်သွားမည်ဖြစ်ပါကြောင်း၊ နောက်ဆုံးအချက်အနေဖြင့် ကိုဗစ်အလွန်ကာလတွင် ဆောင်ရွက်မည့်ကိစ္စများဖြစ်ပါကြောင်း၊ CERP ပါ လုပ်ငန်းများအနက်မှ 2.1.7 ပါ လက်ရှိကာလအတွင်း ဆောင်ရွက်သွားမည့် B နှင့် D အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်အလွန်ကာလတွင် 2.1.7 ပါ C အား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းမှာ ဈေးကွက်ချိတ်ဆက်ရေး၊ ကန်ထရိုက်လယ်ယာစနစ် အကောင်အထည်ဖော်ရေးနှင့် အရည်အသွေးစစ်ဆေးသည့် ဓာတ်ခွဲခန်းများ၊ မပြည့်စုံသည့် အချက်များကို အဆင့်မြှင့်တင်ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်မှ ချေးငွေရယူရေး ဆောင်ရွက်နေပါကြောင်း၊ အာဟာရကဏ္ဍ ပြုပြင်ရေးနှင့် စပ်လျဉ်း၍ EU အထောက်အပံ့ ယူရိုငွေ သန်း ၇၀ ဖြစ်ပါကြောင်း၊ EU အနေဖြင့် မူလက အာဟာရအတွက် ထောက်ပံ့သော်လည်း ကိုဗစ်အတွက် သုံးစွဲနိုင်သည်ဟု ဆိုသည့်အတွက် ယင်းအထဲတွင် ရန်ပုံငွေအချို့ကို ထည့်သွင်းသုံးစွဲပြီး 2.1.7 တွင် ပါရှိသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

**မျိုးစပါးတင်း ၅၀၀ ကျော် ရောင်းပေးနိုင်ခဲ့**

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီးမှ ထူးချွန်ဆုရ တောင်သူလယ်သမား ဒေါ်ကျင်ဆိုင်က COVID – 19 နှင့် ပတ်သက်၍ လယ်ယာကဏ္ဍအတွက် အချက် (၁၀) ချက်ဖြင့် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ယခင်နှစ်တွင် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ယင်းမြေဆီလွှာပြုပြင်ရေးတွင် မိမိအနေဖြင့် စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်ပေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ လမ်းညွှန်ထားသည့် နည်းဥပဒေအတိုင်း မျိုးများထုတ်ခြင်းနှင့် ပတ်ဝန်းကျင်မှ တောင်သူများကိုလည်း မျိုးစပါးတင်း ၅၀၀ ကျော် ရောင်းပေးနိုင်ခဲ့သည့်အတွက် ယခုနှစ်တွင် တောင်သူထူးချွန်ဆု ရရှိခဲ့ပါကြောင်း။

ယခုနှစ်တွင် မိမိတို့အား နိုင်ငံတော်အစိုးရအနေဖြင့် RSSG ၊ RSA စီမံကိန်းကို WHH မှ ဖော်ဆောင်ပြီး မိမိတို့အား ထွန်စက်ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယင်းသို့ ထောက်ပံ့ပေးခဲ့သည့်အတွက် ယမန်နှစ်က နွေရာသီတွင် ၅ ဧက၊ မိုးရာသီတွင် ၅ ဧက မျိုးစပါးထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ်တွင် ၁၆ ဧကခွဲ မျိုးစပါးထုတ်လုပ်ရန် လျာထားပါကြောင်း၊ ကိုဗစ်ကာလတွင်လည်း အလေးထားလိုက်နာဆောင်ရွက်ရမည့် အချက်များဖြစ်သော အိမ်ထဲမှာနေခြင်း၊ Mask တပ်ခြင်း၊ လက်ဆေးခြင်းစသည့် အချက်များကို ကြေညာပေးသကဲ့သို့ WHH အနေဖြင့်လည်း မျိုးထုတ်တောင်သူ ၂၃ ဦးကို လက်သန့်စင်ဆေးရည်များကို အိမ်တိုင်ရာရောက် ကူညီခဲ့ပါကြောင်း။

တောင်သူများအနေဖြင့် Stay Home ကာလတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး လုပ်ကိုင်သည့်အတွက် မီးဖိုချောင်သစ်သီးဝလံများနှင့် စားပင်များ ပိုမိုပေါများလာပါကြောင်း၊ ယင်းကြောင့် ပိုလျှံပြီး မြို့များသို့လည်း ရောင်းချနိုင်ခဲ့ပါကြောင်း၊ ငါး၊ ပုစွန်များကိုလည်း ဒေသတွင်ရှိသည့် ချောင်းများမှ ရှာဖွေသည့်အတွက် ပေါများလာပါကြောင်း၊ မျိုးစပါးဝယ်သည့်နေရာတွင် အနည်းငယ်အခက်အခဲဖြစ်ပေါ်ပါကြောင်း၊ မိမိအနေဖြင့် မျိုးထုတ်ရာတွင် ဖျာပုံအောက်ကွင်းမှ မျိုးမှာယူရပါကြောင်း၊ ယင်းမှာ အခက်အခဲမရှိသော်လည်း ဆင်းသုခမျိုးမှာ ဖျာပုံအောက်ကွင်းတွင် မရှိသည့်အတွက် နေပြည်တော်သို့ မှာယူရာတွင် လမ်းများပိတ်သွားသည့်အတွက် အချိန်မီရောက်မလာမည်ကို စိုးရိမ်ခဲ့ရပါကြောင်း၊ သို့သော် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးရောက်လာစေရန် ဝိုင်းဝန်းပံ့ပိုးပေးခဲ့သည့်အတွက် အချိန်မီ ရောက်ရှိဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မျိုးစပါးထုတ်ပြီး ပြန်ရောင်းချရာတွင်လည်း မျိုးစပါး ၅၀၀ ထုတ်ယူထားပြီး သိမ်းဆည်းရပါကြောင်း၊ သင်္ကြန်မတိုင်မီတွင် မြိတ်မြို့မှ မှာယူခြင်းရှိသော်လည်း သန့်စင်ထုပ်ပိုးပြီးချိန်တွင် လမ်းပိတ်သွားသဖြင့် မတင်ပို့နိုင်တော့၍ ငွေမရတော့ပါကြောင်း၊ စိုက်ပျိုးရေးဘဏ် ချေးငွေကလည်း ပြန်ဆပ်ရမည်ဖြစ်ပြီး စပါးက မရောင်းရသဖြင့် မိမိတို့တွင် အခက်အခဲဖြစ်ခဲ့ပါကြောင်း၊ ယခုအခါ WHH က မျိုးစပါးထုတ်တောင်သူ ၂၃ ဦးကို အမေရိကန်ဒေါ်လာ ၂၀၀ စီထောက်ပံ့သည့်အတွက် ယခုအခါ အဆင်ပြေပါကြောင်း။

မျိုးစပါးကို ထုတ်လုပ်ပြီးနောက် ရောင်းချနိုင်ရန် အဆက်အသွယ်များကို နိုင်ငံတော်အစိုးရက ဆက်သွယ်ပေးမည်ဆိုပါက မိမိတို့အနေဖြင့် ချက်ချင်းရောင်းပြီး စိုက်ပျိုးရေးဘဏ်ကိုလည်း ပြန်လည်ဆပ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ်နွေရာသီက ထုတ်လုပ်ထားသည့် မျိုးစပါးများသည် နောင်နှစ်ဆောင်းရာသီမှ ရောင်းချရမည်ဆိုပါက မျိုးစပါးများသည် သိုလှောင်ရုံများတွင် အောင်းနေသည့်အတွက် ငွေကြေးအခက်အခဲရှိပါကြောင်း၊ မိမိကဲ့သို့ မျိုးစပါးထုတ်လုပ်သည့် တောင်သူများအားလုံးအတွက် ငွေကြေးအခက်အခဲရှိမည် ဖြစ်ပါကြောင်း။

**ကျွမ်းကျင်လုပ်သားများ ခေါ်ယူဆောင်ရွက်**

WHH က မျိုးစပါးထုတ်တောင်သူများအား သိုလှောင်ရုံများ၊ ထွန်စက်နှင့် ရိတ်သိမ်းစက်များ ပံ့ပိုးပေးပါကြောင်း၊ မျိုးစပါးများ ရောင်းချသည့်နေရာတွင် အဆက်အသွယ်မရှိသဖြင့် အခက်အခဲရှိပါကြောင်း၊ ထွန်စက်များ ပံ့ပိုးပေးထားသော်လည်း မိမိတို့ဒေသတွင် ကျွမ်းကျင်သူများမရှိသဖြင့် ရွှေဘိုမှ ကျွမ်းကျင်လုပ်သားများ ခေါ်ယူဆောင်ရွက်ရပါကြောင်း၊ ယင်းကျွမ်းကျင်လုပ်သားများသည် ကိုဗစ်-၁၉ ဖြစ်ပွားသဖြင့် ၎င်းတို့အရပ်ဒေသသို့ ပြန်သွားကြသဖြင့် စက်များကို ရပ်ဆိုင်းထားရပါကြောင်း၊ ထို့ကြောင့် လှိုင်သာယာမှ ကျွမ်းကျင်လုပ်သားများကို ထပ်မံခေါ်ယူရာတွင်လည်း လှိုင်သာယာမြို့သည် ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားသည့်အတွက် ဒေသခံများက လက်မခံသဖြင့် ယင်းလုပ်သားများကိုလည်း ပြန်လွှတ်လိုက်ရပါကြောင်း၊ ထို့ကြောင့် ကျေးရွာမှ လူငယ်များကို စက်မှုလယ်ယာမှ ဖွင့်လှစ်သည့် သင်တန်းသို့ စေလွှတ်တက်ရောက်စေပြီး ယင်းသင်မောင်းများနှင့်ပင် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ ဆောင်ရွက်ရသောကြောင့် ငွေရေးကြေးရေး အခက်အခဲရှိသည့် တောင်သူများက ထွန်ယက်ခြင်းတို့ကို မဆောင်ရွက်တော့သဖြင့် မိမိအနေဖြင့် ထွန်ယက်ခ ဈေးနှုန်းများ လျှော့ချပေးခြင်း၊ အကြွေးစနစ်ဖြင့် ထားရှိမောင်းနှင်ပေးခြင်းတို့ဖြင့် အဆင်ပြေအောင် ဆောင်ရွက်ခဲ့ရာ ယခုအခါ အောင်မြင်လျက်ရှိပါကြောင်း၊ ကောက်စိုက်သည့်နေရာတွင်လည်း မိမိတို့ဒေသမှ လူငယ်များသည် ကောက်စိုက်စက်ကို ကျွမ်းကျင်စွာ အသုံးမပြုနိုင်သဖြင့် စက်များကို အသုံးမပြုဘဲ လူများကိုသာ အသုံးပြုစိုက်ပျိုးလျက်ရှိပါကြောင်း၊ ယခုအခါ လူများခေါ်ယူစိုက်ပျိုးရာတွင် လုပ်သားရှားပါးသောကြောင့် အခက်အခဲများ ရှိပါကြောင်း၊ စိုက်ပျိုးသည့်နေရာတွင် ရက်သတ်မှတ်စိုက်ပျိုးရသည့်အတွက် မျိုးစပါးကို ချင့်ချိန်ပြီး ပျိုးထောင်နေရပါကြောင်း။

**အားသွန်ခွန်စိုက်ထုတ်လုပ်စိုက်ပျိုး**

စိုက်ပျိုးရေးသည် ရာသီအလိုက်ဆောင်ရွက်ရသည့်အတွက် အချိန်နှောင်းသွားမည်ကို စိုးရိမ်ပူပန်နေရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မျိုးစပါးထုတ်တောင်သူများကို မျိုးစေ့နှင့် သွင်းအားစုများကို စိုက်ထုတ်ပေးထားပြီး မျိုးစပါးထုတ်လုပ်တောင်သူများ စိုက်ပျိုးထားသည့် မျိုးစပါးများကို ထိန်းသိမ်းပေးနိုင်မည့် အဖွဲ့အစည်းဖြင့် ဆက်သွယ်ဆောင်ရွက်ပေးမည်ဆိုပါက ထုတ်လုပ်ရကျိုးနပ်မည်ဖြစ်ပါကြောင်း၊ မျိုးစပါး ထုတ်လုပ်စိုက်ပျိုးသည့် တောင်သူများအနေဖြင့်လည်း အားသွန်ခွန်စိုက်ထုတ်လုပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

**ရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့**

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က COVID–19 စတင်ဖြစ်ပေါ်သည့်အချိန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ကူးစက်ရောဂါအဖြစ် ကြေညာသည့် မတ်လဆန်းခန့်တွင် တစ်ကြိမ်၊ မြန်မာနိုင်ငံတွင် COVID–19 စတင်တွေ့ရှိသည့်အချိန်တွင် တစ်ကြိမ် ပြည်တွင်းစားသုံးသူများက စိုးရိမ်ပူပန်စိတ်များဖြင့် ရိက္ခာဝယ်ယူစုဆောင်းခြင်းများ လုပ်ဆောင်ကြသဖြင့် ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်လာမှုကို တွေ့ရပါကြောင်း၊ ယင်းအခြေအနေမျိုးတွင် ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ပုဂ္ဂလိကဆန်စက်လုပ်ငန်းရှင်များက Social Media အပါအဝင် လူမှုကွန်ရက်များကတစ်ဆင့် ဆန်ဖူလုံမှုရှိကြောင်း၊ ဆန်အတွက် စိုးရိမ်စရာမရှိကြောင်းကို သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ကုန်သည်စက်မှုအသင်းချုပ်နှင့် ပူးပေါင်းပြီး စက်မှုဇုန်များတွင် ဆန်တစ်ပြည်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် လိုက်လံရောင်းချပေးခြင်းများ ဆောင်ရွက်ခဲ့သည့်အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း ဆန်စက်လုပ်ငန်းရှင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရိက္ခာလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပါကြောင်း။

ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်ရမည့် အချက်များရှိသော်လည်း ဆန်စက်များ၊ သိုလှောင်ရုံများကို ပိတ်ထားခြင်းမပြုဘဲ တတ်နိုင်သမျှ စည်းကမ်းလိုက်နာ ဆောင်ရွက်ခဲ့ပြီး သင်္ကြန်ကာလ နိုင်ငံတော်က ရိက္ခာဝေသည့် အစီအစဉ်တွင် ဆန်တန်ချိန် ၇ သောင်းကျော်ကို နိုင်ငံတော်အစိုးရနှင့်အတူ ပုဂ္ဂလိကလယ်ယာစီးပွားရေးလုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၏ ဝန်ထမ်းများကလည်း ယင်းလုပ်ငန်းစဉ်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

**“ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်ရမည့်အချက်များ ရှိသော်လည်း ဆန်စက်များ၊ သိုလှောင်ရုံများကို ပိတ်ထားခြင်းမပြုဘဲ တတ်နိုင်သမျှ စည်းကမ်းလိုက်နာ ဆောင်ရွက်ခဲ့ပြီး သင်္ကြန်ကာလ နိုင်ငံတော်က ရိက္ခာဝေသည့် အစီအစဉ်တွင် ဆန်တန်ချိန် ၇ သောင်းကျော်ကို နိုင်ငံတော်အစိုးရနှင့်အတူ ပုဂ္ဂလိကလယ်ယာစီးပွားရေးလုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ ပူးပေါင်းပြီး ဖြည့်ဆည်းဆောင်ရွက်ခဲ့”**

နိုင်ငံတော်အစိုးရက ထုတ်ပြန်သည့် CERP တွင် ပြည်ပတင်ပို့မှုများကို ဆက်လက်အရှိန်အဟုန်မပျက် လုပ်ဆောင်ရန်ဆိုသည့် အချက်ကိုလည်း တွေ့ရပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ပတင်ပို့သည့်လုပ်ငန်းကို စနစ်တကျ ပို့သင့်ပို့ထိုက်သည့် ပမာဏဖြစ်အောင်၊ ပြည်တွင်းတွင်လည်း ပြတ်လပ်မှုမရှိအောင် ပြည်ပတင်ပို့မှုကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်အောင် အရန်ဆန် ထားရှိသည့်အစီအစဉ်နှင့်တွဲပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

**ကန်ဒေါ်လာ သန်း ၁၀၀ ခန့် နိုင်ငံခြားဝင်ငွေရရှိခဲ့**

COVID ကာလ ဧပြီနှင့် မေလဆန်းတွင် နိုင်ငံတော်အရန်ဆန် ရောင်းချသည့် လုပ်ငန်းစဉ်၌ ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အခက်အခဲအချို့ ရှိခဲ့သော်လည်း ယင်းအခက်အခဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်း၍ တစ်ဆင့်ပြီးတစ်ဆင့် ကျော်လွှားပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ အရန်ရိက္ခာဆန်သည် ယခုဆိုလျှင် တန်ချိန် ၄ သောင်းကျော် စုဆောင်းထားသည့် အနေအထားရှိပါကြောင်း၊ ပြည်ပတင်ပို့သည့် လုပ်ငန်းစဉ်ကိုလည်း မေလ ၁ ရက်မှ ဇွန် ၁၅ ရက်အထိ တန်ချိန် ၂ သိန်းကျော် ပုံမှန်ထက်ပို၍ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် နိုင်ငံခြားဝင်ငွေ ရရှိခဲ့ပါကြောင်း။

COVID ကာလတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ တရုတ်၊ မလေးရှားနိုင်ငံတို့မှ ဆန်ရောင်းချပေးရန် သံတမန်လမ်းကြောင်းက တောင်းဆိုမှုများကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါကြောင်း။

**တန်ဖိုးမြှင့်ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်**

လယ်ယာကဏ္ဍကို စဉ်းစားရာတွင် ဆန်စပါးတစ်ခုတည်း အာရုံစိုက်ပြီး စဉ်းစား၍လည်း မရပါကြောင်း၊ ကျန်သည့်မွေးမြူရေးလုပ်ငန်းများ၊ အခြားသီးနှံ စိုက်ပျိုးသည့် လုပ်ငန်းများကိုပါ ထည့်သွင်းစဉ်းစားရပါကြောင်း၊ သို့မှသာ တောင်သူလယ်သမားများအတွက် ဝင်ငွေနှင့် ထုတ်လုပ်မှုစွမ်းရည်များ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဆန်စပါးအထဲတွင် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သည့် ဆန်ခေါက်ဆွဲ၊ ဆန်မှုန့်၊ ဆန်က ထုတ်လုပ်သည့် အလှကုန်ပစ္စည်းများအပါအဝင်၊ ဖွဲနုဆီ၊ စပါးခွံက လျှပ်စစ်ထုတ်လုပ်ခြင်း စသည်တို့ရှိပါကြောင်း၊ ဆန်စပါးကဏ္ဍအတွင်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များစွာကို ထုတ်လုပ်နိုင်ပါကြောင်း။

COVID ကာလတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလယ်ယာစီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူများသည် ပုံမှန်ထက်ပိုသည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လာနိုင်သည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ ၃ ပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက နယူးဇီလန်နိုင်ငံ၊ ကနေဒါနိုင်ငံကဲ့သို့ လယ်ယာစိုက်ပျိုးရေးကို အောင်မြင်အောင်လုပ်နိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ပါကြောင်း။

**အမြန်ဆုံးအကောင်အထည်ဖော်ပေးစေလို**

နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲလိုက်သည့် ၂၀၁၂ လယ်ယာမြေဥပဒေသည် တောင်သူလယ်သမားများအတွက် အလွန်အရေးကြီးပါကြောင်း၊ လယ် ၁၀ ဧကခန့်ရှိလျှင် စပါးကို ၅ ဧက၊ ၆ ဧက ခန့်စိုက်ပျိုးလိုပြီး ကျန်သည့်ဧကတွင် အခြားသီးနှံကို ပြောင်းလဲစိုက်ပျိုးလိုသည့် ဆန္ဒရှိကြသည်ကို တွေ့ရပါကြောင်း၊ လယ်ယာမြေဥပဒေတွင် အခြားသီးနှံ ပြောင်းလဲစိုက်ပျိုးခွင့်နှင့် မွေးမြူရေးလုပ်လိုလျှင်လည်း လုပ်ခွင့်ပြုနိုင်သည့်အနေအထားမျိုး ဥပဒေအသစ်က ပြဋ္ဌာန်းလိုက်ပါကြောင်း၊ ယင်းကို အောက်ခြေတွင် အကောင်အထည်ဖော်နိုင်ရန် ထိထိရောက်ရောက် ကူညီပေးစေလိုပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေကို ၂၀၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ ယင်းဥပဒေကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပါက ကျေးရွာရန်ပုံငွေများပါ ထူထောင်လာနိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အားပေးလာနိုင်မည်ဖြစ်သည့်အတွက် ပိုမိုထိရောက်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းဥပဒေကို အမြန်ဆုံး အကောင်အထည်ဖော်ပေးစေလိုပါကြောင်း။

လယ်ယာကဏ္ဍတွင် အမှန်တကယ် လိုအပ်နေသည့် အခြောက်ခံစက်များ၊ သိုလှောင်ရုံများကို နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံက ထောက်ပံ့သကဲ့သို့ အခြားနိုင်ငံများက ချေးငွေများရယူပြီး အခြောက်ခံစက်များ၊ သိုလှောင်ရုံများ ဆောင်ရွက်ပေးနိုင်မည်ဆိုပါက များစွာထိရောက်မည် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများက သိုလှောင်ရုံတွင် လာရောက်ကုန်အပ်လိုက်သည့်အခါ ကုန်အပ်လက်မှတ်ထုတ်ပေးမည် ဖြစ်ပါကြောင်း၊ ပစ္စည်းသည် သိုလှောင်ရုံတွင် ရှိနေသည့်အတွက် ကုန်အပ်လက်မှတ်ကို အခြေခံပြီး ဘဏ်များတွင် ချေးငွေရယူနိုင်သည့် စနစ်မျိုးလိုအပ်ပါကြောင်း၊ အခြား လယ်ယာစိုက်ပျိုးရေးနိုင်ငံများတွင် တွင်တွင်ကျယ်ကျယ် ကျင့်သုံးနေပါကြောင်း၊ သိုလှောင်ရုံများ၊ အခြောက်ခံစက်များတိုးချဲ့ဆောင်ရွက်သကဲ့သို့ သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေခံပြီး ချေးငွေရယူနိုင်သည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်မည်ဆိုပါက တောင်သူများသည် ဈေးကောင်းရမည့်အချိန်ကို စောင့်ပြီးရောင်းနိုင်သည့် အနေအထားမျိုးဖြစ်ပါကြောင်း၊ တောင်သူများ ဈေးကောင်းရမည့်အချိန်ကို စောင့်ပြီး ရောင်းနိုင်မှလည်း ၎င်းတို့အတွက် ဝင်ငွေကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်ခဲ့ပါကြောင်း၊ ယင်းဥပဒေကို ပြင်ဆင်ရာတွင် တောင်သူလယ်သမားအဖွဲ့အစည်းကို တောင်သူများနှင့် ဖွဲ့စည်းမည်ဆိုသည့် အချက် ပါပါကြောင်း။

**ပိုပြီးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနိုင်**

တောင်သူလယ်သမားအဖွဲ့အစည်း ဖွဲ့စည်းနိုင်ပါက တောင်သူလယ်သမားကဏ္ဍ ဖွံ့ဖြိုးရေးကို စနစ်တကျ ထိထိရောက်ရောက် တောင်းဆို၊ တင်ပြ၊ ညှိနှိုင်းနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းဥပဒေအား နည်းဥပဒေဆက်လက်ပြဋ္ဌာန်းပြီး တောင်သူလယ်သမားအဖွဲ့အစည်း ဖွဲ့စည်းရေးကို ဆောင်ရွက်ပေးလိုပါကြောင်း၊ လယ်ယာကဏ္ဍတွင် လိုအပ်နေသည့် ချေးငွေသည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ နိုင်ငံပိုင်ဘဏ်၊ နိုင်ငံခြားဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီဖြင့် လယ်ယာကဏ္ဍတွင် တောင်သူများပါဝင်သည့် ထုတ်လုပ်မှုအပိုင်း၊ လုပ်ငန်းရှင်များပါဝင်သည့် ကြိတ်ခွဲ၊ ပြုပြင်သန့်စင် တန်ဖိုးမြှင့်သည့်အပိုင်း၊ ကုန်သွယ်ရောင်းဝယ် ပြည်ပတင်ပို့သည့် အပိုင်းတို့အတွက် ချေးငွေကို ဦးစားပေးစီစဉ်ပေးနိုင်မည်ဆိုပါက လယ်ယာကဏ္ဍသည် ပိုပြီးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း။

ဆန်စပါးကဏ္ဍအပါအဝင် လယ်ယာကဏ္ဍတွင် စိန်ခေါ်မှုများ အလွန်များပါကြောင်း၊ စွန့်စားရသည့်အနေအထား အလွန်များပါကြောင်း၊ ပါဝင်နေသည့် လုပ်ငန်းရှင်များကို ကြည့်မည်ဆိုလျှင် အသေးစား၊ အလတ်စား လုပ်ငန်းရှင်များ များပါကြောင်း၊ အထူးသဖြင့် ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်လုပ်ငန်းရှင်များသည် ကျေးလက်ဒေသတွင်ရှိသည့် ဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သည့်အတွက် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များကို ချေးငွေ လွယ်လွယ်ကူကူရရှိအောင် ဆောင်ရွက်ပေးရန်နှင့် စည်းမျဉ်းစည်းကမ်းပိုင်းများတွင် ပိုမိုနားလည်အောင်၊ လွယ်ကူအောင်၊ ရိုးရှင်းအောင် သတ်မှတ်ပေးစေလိုပါကြောင်း။ *စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

### စနစ်တကျဖွဲ့စည်းဆောင်ရွက်ရန်လို

တောင်သူလယ်သမားများပါဝင်သည့် ရေအသုံးချသူများအသင်းကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းပါဝင်မှုဖြင့် ဆည်မြောင်းကဏ္ဍ ဖွံ့ဖြိုးရေး ဆောင်ရွက်မည်ဆိုပါက တောင်သူလယ်သမား လိုအပ်သည့်ရေကို ပိုမိုထိရောက်စွာ ဖြန့်ဝေပေးနိုင်မည် ဖြစ်ပါကြောင်း။

ကမ္ဘာ့လူဦးရေသည် တစ်နှစ်လျှင် သန်း ၈၀ ခန့် တိုးတက်နေသည်ဖြစ်သည့်အတွက် ကမ္ဘာ့ဆန်စပါး ဝယ်လိုအားသည်လည်း တည်ငြိမ်ပါကြောင်း၊ တည်ငြိမ်သည့် ဝယ်လိုအားနှင့် တည်ငြိမ်သည့်ဈေးကွက် ရှိပါကြောင်း၊ ယင်းတည်ငြိမ်မှုကို အခြေခံပြီး အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူလယ်သမားများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက များစွာတိုးတက်နိုင်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တောင်သူလယ်သမားများ၏ ဘဝနှင့် အရည်အချင်းများ ပိုမိုမြင့်တက်လာရန် လိုအပ်ပါကြောင်း၊ ကျေးလက်တောရွာများတွင် လူနေမှုအဆင့်မြင့်လာရန် လိုအပ်ပြီး ယင်းကိုဖြစ်အောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လူနေမှုအဆင့်မြင့်တင်ရင်းဖြင့် ပိုမိုမြင့်တက်အောင် လုပ်ဆောင်နိုင်မည့် အခွင့်အရေးများကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ COVID ကာလတွင် ငွေကျပ်သန်းဘီလီယံနှင့်ချီပြီး နိုင်ငံတော်က သုံးစွဲနေပါကြောင်း၊ နိုင်ငံတော်က ထောက်ပံ့သည့်ငွေများသည် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အခြားနိုင်ငံများ၏ ချေးငွေများ၊ ထောက်ပံ့ငွေများထဲမှ လာခြင်းဖြစ်ပါကြောင်း၊ ချေးငွေဆိုသည်မှာ ပြန်လည်ပေးဆပ်ရပါကြောင်း၊ ပြန်ဆပ်ရမည်ဖြစ်သည့်အတွက် အင်မတန်မှ အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာအတွက်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် စီးပွားရေးအရ ယုံကြည်ရသည့် နိုင်ငံဖြစ်သည်ကို အများက မြင်ရန်မှာလည်း အရေးကြီးပါကြောင်း။

### အားလုံးအတူတူ လက်တွဲပြီးဆောင်ရွက်

လွတ်လပ်ရေးရရှိခါစအချိန်တွင် မြန်မာနိုင်ငံသည် စစ်ဒဏ်ကြောင့် လွန်စွာထိခိုက်နစ်နာခဲ့သည့် နိုင်ငံတစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံသည် ကြွေးဆပ်သည့်အခါတွင် အင်မတန်မှ တိကျမှန်ကန်ခဲ့ပါကြောင်း၊ တစ်ရက်နောက်မကျဘူးဆိုသည့် သိက္ခာရှိခဲ့သော သတင်းကျော်ကြားမှု ရှိခဲ့သည့်အတွက်ကြောင့် ကူညီချင်သည့်သူများ၊ ချေးချင်သူများ ရှိပါကြောင်း၊ မိမိတို့လည်း ထိုအတိုင်း သွားချင်ပါကြောင်း၊ ချေးယူပြီးလျှင် ချေးငွေကို ပြန်ပြီးဆပ်နိုင်ရန် လိုအပ်ပါကြောင်း၊ တောင်သူလယ်သမား တစ်ဦးချင်း တစ်ဦးချင်းက မိမိတို့ ပြန်ဆပ်ရမည့်ချေးငွေများကို ပြန်ဆပ်လိုစိတ်ရှိကြမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ချေးယူသည့်ငွေများကို ပြန်လည်ဆပ်နိုင်သည့် အခြေအနေရှိအောင် ဦးတည်ရပါကြောင်း၊ ပြန်လည်ဆပ်နိုင်အောင် ငွေများကို ရင်းနှီးမြှုပ်နှံသုံးစွဲသည့်အခါတွင် ပိုမိုပွားလာအောင် လုပ်ဆောင်ရန် အင်မတန်အရေးကြီးပါကြောင်း၊ COVID ကာလတွင် တောင်သူလယ်သမားများ၏ အထူးလိုအပ်ချက်များနှင့်ပတ်သက်၍ ပြောပြစေလိုပါကြောင်း၊ ပြည်သူနှင့်အစိုးရ အားလုံးအတူတူ လက်တွဲပြီး ဆောင်ရွက်ရမည့်ကိစ္စများ ဖြစ်ပါကြောင်း။

### ထည့်သွင်းသင်ကြားပေးရန်လို

စိတ်ဖိစီးမှုနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်သည့် စိတ်ဓာတ်ရှိရန် အရေးကြီးပါကြောင်း၊ ယခုတင်ပြဆွေးနွေးချက်များအားလုံးကို မှတ်သားထားပါကြောင်း၊ အခက်အခဲများအားလုံးကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျွမ်းကျင်လုပ်သားများ မရှိသည့်ကိစ္စနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ကျွမ်းကျင်လုပ်သားများကို ပြုစုပျိုးထောင်ရမည် ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြုသည့် စက်ပစ္စည်းများ ရောင်းချသည့်နေရာတွင် အသုံးပြုနည်းသင်တန်းများကို တစ်ခါတည်း ဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက်မွေးဝမ်းကျောင်းသင်တန်းများတွင် စိုက်ပျိုးရေးကဏ္ဍ စက်ပစ္စည်းအသုံးပြုနည်းသင်တန်းများကို ထည့်သွင်းသင်ကြားပေးရန် လိုအပ်ပါကြောင်း။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများ မြန်မာနိုင်ငံသို့ ပြန်လာချိန်တွင် ယင်းပြန်လာသူများထဲတွင် ကျွမ်းကျင်သူများ ရှိ၊ မရှိကို စဉ်းစားရမည် ဖြစ်ပါကြောင်း၊ ယင်းတို့ကို မြန်မာနိုင်ငံတွင်သာ အလုပ်လုပ်ကိုင်စေလိုပါကြောင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ရာတွင် အလွန်ပင်ပန်းပြီး တစ်ခါတစ်ရံ အခက်အခဲများစွာရှိသည်ကို သိရှိရပါကြောင်း၊ ပြည်ပပြန်လာသူများထဲတွင် ကျွမ်းကျင်သူများရှိပါက မိမိတို့နိုင်ငံမှ ကျွမ်းကျင်မှုလိုအပ်သည့် နေရာများနှင့် ချိတ်ဆက်ပေးရမည် ဖြစ်ပါကြောင်း။

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများအနေဖြင့် မိမိနိုင်ငံအတွင်း လိုအပ်သည့်နေရာတွင် အခြေချ၍ ကျွမ်းကျင်မှုများကို ပြန်လည်အသုံးချရန် လိုအပ်ပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာရှိပါက ညှိနှိုင်းခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းသည် တစ်နိုင်ငံလုံး ကျင့်သုံးရမည့် အခြေခံမှုဖြစ်ပါကြောင်း၊ ပြဿနာဖြစ်ပွားပါက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်း အလေ့အထကို နိုင်ငံ၏ အလေ့အထတစ်ခု ဖြစ်စေလိုပါကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးကို လက်မလွှတ် စေချင်ပါကြောင်း၊ ယခုအချိန်တွင် တစ်ကမ္ဘာလုံးတွင် သဘောပေါက်လာသည်မှာ စားနပ်ရိက္ခာဖူလုံရေးပင်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရေးသည် အလွန်အရေးကြီးလာပါကြောင်း၊ စားနပ်ရိက္ခာ မထုတ်လုပ်နိုင်သည့် နိုင်ငံများက အခြားနိုင်ငံများကို အားကိုးရပါကြောင်း၊ စားနပ်ရိက္ခာသည် အမြဲတမ်း လိုအပ်လျက် ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံသည် မည်မျှဖွံ့ဖြိုးတိုးတက်သည်ဖြစ်စေ နိုင်ငံသူ၊ နိုင်ငံသားများ စားသောက်ရန်အတွက် ဖူလုံစွာထုတ်လုပ်နိုင်မှု မရှိခြင်းသည် ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့လိုအပ်ချက်ကို ပံ့ပိုးပေးနေသည့် တစ်ချိန်တည်းတွင် နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြည့်ရန်လိုအပ်ပါကြောင်း။

### ဆန်စပါးသည် နိုင်ငံအတွက် အရေးကြီး

မြန်မာနိုင်ငံသည် တစ်ချိန်တစ်ခါက ကမ္ဘာ့ဆန်အိုးကြီးဟု ကျော်ကြားခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် ကမ္ဘာပေါ်တွင် ဆန်စပါးအထွက်ဆုံးနေရာဟု ပြောနိုင်သည့် အခြေအနေရှိခဲ့ပါကြောင်း၊ ယင်းသည် အတိတ်တွင် ကျန်ခဲ့ပြီဖြစ်ပါကြောင်း၊ အနာဂတ်အတွက် တည်ဆောက်ရာ၌ ပစ္စုပ္ပန်တွင် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ဆန်စပါးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ နောင်တွင်လည်း အရေးကြီး နေမည်ဖြစ်ပါကြောင်း၊ ဆန်စပါးသည် ပြည်သူများ စားသုံးသည့် အခြေခံရိက္ခာဟု ပြောရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ကမ္ဘာကို လေ့လာကြည့်ပါက ဆန်စပါးကို အားကိုးသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆန်စပါးကို အားကိုးမှု နည်းပါးလာပါကြောင်း၊ ဂျပန်နိုင်ငံသည် ယခင်က ဆန်အဓိကစားသုံးသည့် နိုင်ငံဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်ပြီးနောက်ပိုင်းတွင် ဂျုံစားသုံးမှု များလာသည်ကို သတိပြုမိပါကြောင်း၊ ထိုကဲ့သို့ စားသုံးမှုပုံစံများ ပြောင်းလဲလာပါကြောင်း၊ ထို့ကြောင့် ကမ္ဘာကြီးပြောင်းလဲလာသည်နှင့်အမျှ မိမိတို့နိုင်ငံပါ လိုက်ပါပြောင်းလဲနိုင်ရန် လိုအပ်ပါကြောင်း။

### ဆန်စားသုံးမှုများလာ

ရာသီဥတု ပြောင်းလဲလာမှုသည် စိုက်ပျိုးရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ ယခင်ကရာသီဥတုအခြေအနေနှင့် ဆောက်လုပ်ထားသည့် အခြေခံအဆောက်အဦများသည်ပင်လျှင် ယခုအချိန် ရာသီဥတုအခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ မသိနိုင်ပါကြောင်း၊ ကမ္ဘာ့ဈေးကွက်ပုံစံ ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆန်ကို စားသုံးသည့် နိုင်ငံများသည် ဂျုံကိုစားသုံးလာသကဲ့သို့ ဆန်ကို မမြင်ဖူးသည့် နိုင်ငံများတွင် ဆန်စားသုံးမှုများလာပါကြောင်း ပြန်လည်ဆွေးနွေးသုံးသပ်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် တောင်သူလယ်သမားများနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများတွင် လိုအပ်သည့် အချက်များပါဝင်ရန် ပြောကြားမှုကိုလည်း မိမိတို့အနေဖြင့် အချိန်တိုင်း စောင့်ကြည့်နေပါကြောင်း၊ ဘက်စုံနားထောင်ရပါကြောင်း၊ တစ်ခါတစ်ရံတွင် နှစ်ဖက်မကြည့်ပါက မပြည့်စုံပါကြောင်း၊ သိုလှောင်ရုံနှင့် ခြောက်သွေ့စက်များ လုံလောက်စွာရခြင်းကို ပြောကြားခဲ့မှုနှင့်ပတ်သက်၍ တချို့နေရာများတွင် သတိထားမိသည်မှာ သိုလှောင်ရုံများရှိသော်လည်း သိုလှောင်ရုံ မသုံးသည့် တောင်သူလယ်သမားများရှိပါကြောင်း။

သိုလှောင်ရုံများ လုံလောက်စွာရှိပါက ဈေးကောင်းရသည်အထိ စောင့်၍ရသည်ကို ပြောကြားသွားပါကြောင်း၊ တချို့သည် သိုလှောင်ရုံရှိသော်လည်း ဈေးကောင်းသည်အထိ မစောင့်လိုကြဘဲ ချက်ချင်းရောင်းချလိုကြပါကြောင်း၊ သိုလှောင်ရုံရှိပါက သိုလှောင်ရုံတွင်ထားပြီး စောင့်စေလိုပါကြောင်း၊ ချက်ချင်းသုံးရန်အတွက် စိတ်မလောစေရေး ပညာပေးရန်လိုအပ်ပါကြောင်း၊ ခြောက်သွေ့စက်များ အဆင့်အတန်းမီရန်မှာ များစွာအရေးကြီးပါကြောင်း၊ ချေးငွေကိစ္စသည်လည်း အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ လုံလောက်စွာချေးငွေပေးရန် လိုအပ်သည်ကိုလည်း သိရှိပါကြောင်း၊ အလတ်တန်းစား၊ အငယ်တန်းစား လုပ်ငန်းများနှင့် တစ်ဦးချင်း တစ်ဦးချင်းလည်း လိုအပ်သည့် ချေးငွေများကို တောင်သူလယ်သမားများထံသို့ ပေးနိုင်ရန် မိမိတို့အမြဲတမ်း ကြိုးစားပါကြောင်း။

### ပုဂ္ဂလိက ကဏ္ဍအရေးကြီး

ပုဂ္ဂလိက ကဏ္ဍကို မိမိတို့အနေဖြင့် အားပေးပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှ နိုင်ငံ၏စီးပွားရေးသည် တောင့်တင်း ဖွံ့ဖြိုးနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်မှာ အစိုးရက ဦးဆောင်၍ အချိန်တိုင်း ကိုင်တွယ်၍ မရပါကြောင်း၊ ပုဂ္ဂလိကနှင့်အစိုးရ တွဲဖက်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့သော် ပုဂ္ဂလိကကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိုးနှောင်းသည့်အခါတွင် သိုလှောင်ရမည်ဟု ပြောကြားသွားခဲ့ပါကြောင်း၊ ယင်းမှာ ပြောင်းလဲသွားသည့် ရာသီဥတု အခြေအနေအရ အမျိုးမျိုး စဉ်းစားရပါကြောင်း၊ ပြောင်းလဲသွားသည့် ရာသီဥတုသည် ပုံမှန်မဟုတ်တော့ပါကြောင်း၊ ယင်းမှာ နံပါတ်(၁) ပြဿနာဖြစ်ပါကြောင်း။

### ခေတ်မီနည်းပညာများဖြင့် လေ့လာရမည်

ယခင်နှစ်များတွင် မုတ်သုံပုံမှန် ဝင်၊ ထွက်မှုရှိပြီး မိုးရွာခြင်းမှာ ပုံမှန်ရှိပါကြောင်း၊ ယခုတွင် မုတ်သုံမည်သည့်အချိန်တွင် စတင်မည်ကို ပြော၍မရပါကြောင်း၊ ရွာသည့်အခါ ရက်ပိုင်းများစွာရွာသွန်းပြီး လုံးဝ မိုးတိတ်သွားသည့် ပုံစံမျိုးဖြစ်နေပါကြောင်း၊ ယင်းမှာ ယခုရာသီဥတု၏ ပုံစံဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေမရှိသည့်အခါ မရှိသကဲ့သို့ ရေကြီးသည့်အခါလည်း ကြီးပါကြောင်း၊ ယင်းအစွန်းဘက်နှစ်ခုကို ကိုင်တွယ်နိုင်စေရန် ခေတ်မီနည်းပညာများဖြင့် ပြန်လည်လေ့လာရမည်ဖြစ်ပါကြောင်း၊ ဥပမာအနေဖြင့် ဂျပန်နိုင်ငံသည်လည်း ရာသီဥတုပြောင်းလဲမှု၏ စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် သက်ရောက်ပုံကို အထူးလေ့လာထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ယင်းနိုင်ငံများဆီမှ ကျွမ်းကျင်မှုများကို သင်ယူပြီး မိမိတို့နိုင်ငံအတွက် သင့်တော်သကဲ့သို့ အသုံးပြုရမည် ဖြစ်ပါကြောင်း၊ ရာသီဥတု ပြောင်းလဲလာသည်နှင့်အမျှ အခြေခံအဆောက်အဦကို အတိုင်းအတာတစ်ခုအထိ ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ လမ်း၊ တံတားများတည်ဆောက်ရာ၌လည်း ယခင်ကဲ့သို့ မုတ်သုံပုံစံကြည့်၍ ဆောက်ထားခြင်းများသည် ယခုပုံစံဖြင့် မသင့်တော်သည်များရှိပါကြောင်း၊ ဆည်မြောင်းများသည်လည်း ယင်းအတိုင်းပင်ဖြစ်ပါကြောင်း၊ တာ၊ တမံများ၊ ဆည်မြောင်းများသည် ယခင်ရာသီဥတုနှင့်ချိန်၍ တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ယခုပြောင်းလဲသွားသည့် ရာသီဥတုနှင့် ကိုက်ညီစေရန် မည်သို့ဆောင်ရွက်ရမည်ကို ရေရှည်စဉ်းစားရမည် ဖြစ်ပါကြောင်း၊ ယခုရာသီဥတု ပုံစံအသစ်သည် ရှိနေမည်ဖြစ်ပါကြောင်း၊ ယင်းအတွက်လည်း စဉ်းစားရမည်ဖြစ်ပါကြောင်း။

သီးနှံတစ်ခုတည်းကို အားကိုးနေ၍ မဖြစ်ပါကြောင်း၊ ဆန်ကိုသာ အားကိုးနေ၍ မဖြစ်ပါကြောင်း၊ ဆန်ဈေးကွက်ကိုလည်း ပိုမိုကောင်းမွန်ကျယ်ပြန့်စေရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆန်ကိုပုံစံအမျိုးမျိုး၊ ဆန် အမျိုးအစား အမျိုးမျိုးဖြင့် ချဉ်းကပ်စေလိုပါကြောင်း။

### တီထွင်ခြင်းသည် အကျိုးရှိ

တောင်သူလယ်သမားများက ဆန်အပြင် အခြားစိုက်ပျိုးရေးများ စိုက်ပျိုးချင်သည် ဆိုသည့်အတွက် များစွာဝမ်းသာမိပါကြောင်း၊ တီထွင်ချင်သည့်စိတ်၊ တီထွင်ရဲသည့်စိတ်၊ ဆန်းသစ်သည့်အရာများကို လုပ်ရဲကိုင်ရဲ စမ်းသပ်ရဲသည့် စိတ်ရှိရန် အင်မတန်လိုအပ်ပါကြောင်း၊ လိုအပ်ခြင်းသည် တီထွင်ခြင်း၏ မိခင်ဖြစ်သည်ဆိုသည့် အဆိုတစ်ခုရှိပါကြောင်း၊ ကိုဗစ်အချိန်တွင် ပို၍စုစည်းမှုရှိသည်၊ လိုအပ်ချက်ရှိလာသည့်အခါတွင် နည်းအမျိုးမျိုးရှာပြီး ပုဂ္ဂိုလ်အချင်းချင်း၊ လူအချင်းချင်းနီးကပ်စွာ မဆွေးနွေးနိုင်သော်လည်း ပူးပေါင်းဆောင်ရွက်နိုင်အောင်၊ တစ်ယောက်နှင့်တစ်ယောက် အပေးအယူ လုပ်ဆောင်နိုင်အောင် တီထွင်ရပါကြောင်း၊ ယင်းတီထွင်ခြင်းသည်လည်း မိမိတို့ရရှိသည့် အကျိုးဖြစ်ပါကြောင်း၊ စိန်ခေါ်မှုဆိုသည်မှာ မိမိတို့အတွက် အခွင့်အရေးဖြစ်ပါကြောင်း၊ စိန်ခေါ်မှုကို အခွင့်အရေးဖြစ်အောင် မိမိတို့ လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

ကိုဗစ်ကာလတွင် အရေးပေါ်အတွက်ဆိုပြီး ကျင့်သုံးလိုက်သည့် နည်းလမ်းများသည် ရေရှည်အတွက် ကောင်းမွန်သည်ဆိုလျှင် ရေရှည်အတွက် မိမိတို့ အသုံးပြုသွားရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်က စမ်းသပ်ခြင်းအတွက် များစွာအထောက်အကူပြုသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ယခုကာလသည် စမ်းသပ်ကာလကဲ့သို့ ဖြစ်ပါကြောင်း၊ အချို့ကိစ္စများသည် ယခုကာလအတွက်ဆိုပြီး စမ်းသပ်လိုက်သော်လည်း ရေရှည်အတွက် အဆင်ပြေသည်ဆိုလျှင် ရေရှည်အတွက် အသုံးပြုနိုင်ရန် အနည်းငယ်ပြောင်းလဲပြုပြင်ပြီး အသုံးပြုသွား၍ရပါကြောင်း၊ ယင်းကိုလည်း မိမိတို့အနေဖြင့် တစ်ချိန်လုံးကြည့်ရှုနေရန် လိုအပ်ပါကြောင်း။

### နိုင်ငံအတွက် အင်အားတစ်ခု

အထူးသဖြင့် စိုက်ပျိုးရေးတွင် တောင်သူလယ်သမားများအနေဖြင့် ယနေ့ မိုးရွာမည်၊ ယနေ့ နေပူမည် စသည့် ရာသီဥတုကို တစ်နေ့နှင့် တစ်နေ့ ကြည့်ရှုနေရပါကြောင်း၊ တစ်နှစ်ချင်း တစ်နှစ်ချင်းမဟုတ်ဘဲ တစ်နေ့ချင်း တစ်နေ့ချင်း ခန့်မှန်း၍ လုပ်ဆောင်နေရသည့် အလုပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မြန်ဆန်ဆန် ပြောင်းလဲနိုင်သည့် အနေအထား၊ ပြောင်းလဲတတ်သည့် အလေ့အကျင့်များစွာ လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားများသည် မိမိတို့နိုင်ငံအတွက် အင်အားတစ်ခုဖြစ်သကဲ့သို့ တောင်သူလယ်သမားများ ကိုယ်တိုင်ကလည်း အင်အားရှိသည့် အစုအဖွဲ့ ဖြစ်စေလိုပါကြောင်း၊ မိမိအနေဖြင့် အင်အားကို ရိုးရိုးတွက်ချက်ရမည်ဆိုလျှင် မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကို မည်မျှအကျိုးပြုလဲ ဆိုသည်မှာ မိမိ၏ အင်အားဖြစ်ပါကြောင်း၊ တခြားအင်အားများကို သိပ်မကြည့်ပါကြောင်း၊ အင်အားသည် အမျိုးမျိုးရှိပါကြောင်း၊ အင်အားကို အဓိပ္ပာယ်ဖော်ပုံ အမျိုးမျိုးရှိပါကြောင်း၊ မိမိအနေဖြင့် အခြေခံအင်အားဆိုသည်မှာ မိမိအသိုင်းအဝိုင်းဖြစ်ပါကြောင်း၊ မိမိအသိုင်းအဝိုင်း၊ မိမိနိုင်ငံအတွက် အကျိုးရှိအောင် အရည်အချင်း မည်မျှရှိသည်ဆိုသည်မှာ အင်အားဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအတွက် ယင်းအင်အားသည် အင်မတန်ကြီးပါကြောင်း၊ အင်အားကြီးလေလေ မှန်မှန်ကန်ကန်အသုံးပြုနိုင်ရေး သတိပြုရန် လိုအပ်လေလေ ဖြစ်ပါကြောင်း။

### အဓိကကျသည့် အင်အားတစ်ခု

ဆန်ဆိုသည်မှာလည်း မိမိတို့နိုင်ငံ၏ အင်အားဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တစ်ချိန်တစ်ခါတွင် နိုင်ငံ၏ စီးပွားရေးကို ဆန်ပေါ်တွင် အခြေခံခဲ့ပါကြောင်း၊ ယခုအချိန်သည် ထုတ်ကုန်တစ်ခုတည်းကို အခြေခံ၍ရသည့် ခေတ်မဟုတ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ တစ်ခုလုံးသည် မိမိတို့နိုင်ငံအတွက် အင်မတန် အဓိကကျသည့် အင်အားတစ်ခုဖြစ်ပါကြောင်း၊ ကုန်ကြမ်းထုတ်ရုံဖြင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မလုံလောက်ပါကြောင်း၊ ကုန်ကြမ်းမှ ကုန်ချောအဖြစ် စိုက်ပျိုးရေးကဏ္ဍက ဖွံ့ဖြိုးအောင်လုပ်သည့်နည်းကိုလည်း အာရုံစိုက်ရန် လိုအပ်ပါကြောင်း၊ ယခုအချိန်တွင် ယင်းကိစ္စကို မြှင့်တင်ပေးရန် များစွာလိုအပ်ပါကြောင်း၊ ထိုသို့မြှင့်တင်ပေးရန် တောင်သူလယ်သမားများ၊ အစိုးရနှင့် လုပ်ငန်းရှင်များအားလုံး ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် မတိုးတက်၊ မအောင်မြင်နိုင်စရာ မရှိပါကြောင်း၊ နောင်တစ်ချိန်တွင်လည်း ယခုကဲ့သို့ ဆွေးနွေးသည့် အခွင့်အရေးများ ရရှိမည်ဖြစ်ပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ကဏ္ဍတွင် မိမိတို့ အောင်မြင်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ သက်ရောက်မှုကာလအတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပ

**နေပြည်တော် ဇွန် ၁၈**

Coronavirus Disease COVID-19 သက်ရောက်မှု ကာလအတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။



ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၈/ ၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပစဉ်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ ကျန်အဖွဲ့ဝင်များက သက်ဆိုင်ရာနေရာ ဒေသများမှလည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း (၆) ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် အခြားကဏ္ဍတို့မှ လုပ်ငန်းအသစ် (၉) ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၃၈၉ သန်းနှင့် ငွေကျပ် ၆၄၃၄၁ ဒသမ ၈၂၇ သန်း ရှိပြီး ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂၅၀၇ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် မေလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၅၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၁ ရာခိုင်နှုန်း ဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆီမီယို အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများ၏ မူဝါဒရေးရာ e-Forum သို့ တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့နံနက် ၉ နာရီတွင် ဆီမီယိုအရှေ့တောင်အာရှ ပညာရေးဝန်ကြီးများ၏ မူဝါဒရေးရာ e-Forum သို့ တက်ရောက် ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ဆီမီယိုအဖွဲ့ဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် ဆီမီယို မိတ်ဖက်အဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်ပညာရေးအရာရှိကြီးများ တက်ရောက်ကြပြီး ဆီမီယို Secretariat မှ ညွှန်ကြားရေးမှူး Dr. Ethel Agnes Pascua-Valenzuela က အဖွင့်အမှာစကား ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆီမီယို အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများ၏ မူဝါဒရေးရာ e-Forum သို့ တက်ရောက်ဆွေးနွေးစဉ်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ပညာရေးဝန်ကြီး၊ ဆီမီယိုကောင်စီဥက္ကဋ္ဌ Dr. Radzi Jidin နှင့် စင်ကာပူနိုင်ငံ ပညာရေးဝန်ကြီး၊ ဆီမီယိုကောင်စီ ဒုတိယဥက္ကဋ္ဌ Mr.Ong Ye Kung တို့က keynote speech များ ပြောကြားကြပြီး ဆီမီယိုအဖွဲ့ဝင်နိုင်ငံများ၏ ပညာရေးဝန်ကြီးများက ကိုဗစ်-၁၉ ကာလအတွင်း ပညာရေး၊ ကိုဗစ်-၁၉ အလွန်ပညာရေးနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းဆိုင်ရာ အကြောင်းအရာများကို အလှည့်ကျတင်ပြကြသည်။

## ပြန်လည်ထူထောင်ရေးစီမံချက်ရေးဆွဲ

ကိုဗစ်-၁၉ ကာလအလွန် ပညာရေးနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ စာမေးပွဲများပြီးစီး၍ ဧပြီလနှင့် မေလများသည် ကျောင်းပိတ်ကာလများဖြစ်သဖြင့် အခြေခံပညာကျောင်းများတွင် ထိခိုက်မှုမရှိခဲ့သော်လည်း အခြေခံပညာသင်ရိုးသစ် သင်ကြားသင်ယူမှုနည်းစနစ် သင်တန်းများ၊ တက္ကသိုလ်ကောလိပ်များ၏ ပထမနှစ်ဝင်စာမေးပွဲများ၊ တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာလုပ်ငန်းများ၊ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်းများကို ရွှေ့ဆိုင်းခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံ တွင် မတ် ၂၃ ရက်မှ ဇွန် ၁၂ ရက်အထိ ၈၁ ရက်ကာလအတွင်း မြို့နယ် ၆၂ ခုတွင် အတည်ပြု လူနာ ၂၆၁ ဦးတွေ့ရှိပြီး ၁၆၅ ဦးမှာ ပြန်လည်ကျန်းမာရေးကောင်းမွန်လာပါကြောင်း၊ ပထမလှိုင်းကို ကျော်လွှားနိုင်ခဲ့ပြီဟု ယူဆနိုင်ပါကြောင်း၊ ပညာရေးဆိုင်ရာ မြန်မာ ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယခုဇွန်လတွင် တက္ကသိုလ်ဝင် စာမေးပွဲစာစစ်လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အခြေခံပညာအထက်တန်းကျောင်းများကို ဇူလိုင်လအတွင်း ပြန်လည်ဖွင့်လှစ်ကာ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းများကို အဆင်မပြေမှုများနှင့် အခက်အခဲများအရ အဆင့်လိုက် ဆက်လက်ဖွင့်လှစ်သွားရန် ပြင်ဆင်ထားပါကြောင်း။

## နည်းလမ်း ၄ သွယ်ဖြင့် ဖွင့်လှစ်သွားမည်

သင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေး၊ မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦး တစ်ယောက်မျှ မကျန်ရစ်စေရေးကို ဦးတည်လျက် လူစုလူဝေးမဖြစ်ပေါ်ရေးနှင့် ထိတွေ့မှုကို လျှော့ချရေး ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဦးစားပေးလုပ်ငန်းများအဖြစ် သတ်မှတ်ပြင်ဆင်ဆောင်ရွက်ထားပါကြောင်း၊ ကျောင်းများပြန်လည် ဖွင့်လှစ်ပါက ကျောင်းသား ကျောင်းသူများအားလုံးအား ဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ နှာခေါင်းစည်းများ၊ မျက်နှာကာများကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ပြီး ကျောင်းတိုင်းအား သာမိုမီတာများနှင့် လက်သန့်စင်ရေးပစ္စည်းများကိုလည်းကောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုများသော မြို့နယ်များရှိ ကျောင်းများသို့ PPE ရောဂါ ကာကွယ်ရေးဝတ်စုံ ၂ စုံစီကိုလည်းကောင်း အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ စာသင်ခန်းအတွင်း တစ်ဦးနှင့် တစ်ဦး ၆ ပေခြား၍ ခပ်ခွာခွာ နေထိုင်မှုကို စီစဉ်ထားရှိလျက် အခြေခံပညာကျောင်းများကို နည်းလမ်း ၄ သွယ်ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ပုံမှန်တက်ကျောင်း၊ တစ်ပတ်ခြားကျောင်း၊ တစ်ပတ်ခြား၍ နှစ်သုတ်တက်ကျောင်း၊ တစ်ပတ်ခြားပြီး နှစ်သုတ်တက်၍ သုံးရက်တက်ကျောင်းများအဖြစ် လျာထားပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ နေအိမ်များသို့ ပြန်လည်ရောက်ရှိချိန် အိမ်တွင် ဆက်လက်သင်ယူလေ့ကျင့်မှုများ လိုအပ်မည်ဖြစ်ပါကြောင်း၊ အွန်လိုင်းသင်ကြားသင်ယူမှုများအတွက်လည်း လိုအပ်သည်များ ဖြည့်ဆည်းနိုင်ရေး စီစဉ်ထားပါကြောင်း။

## သင်ယူမှုရလဒ်ကောင်းများ ပေါ်ထွက်ရေး

မြန်မာဒစ်ဂျစ်တယ် ပညာရေးပလက်ဖောင်း (MDEP)ကို တည်ဆောက်ပြီးဖြစ်ရာ ဆရာ ဆရာမ ၂၅ ရာခိုင်နှုန်းခန့် မှတ်ပုံတင်သွင်းထားပြီး သင်ယူလေ့ကျင့်လျက်ရှိပါကြောင်း၊ ဝေးလံသောဒေသများရှိ ကျောင်းများသို့ ကျောင်းသုံးဖတ်စာအုပ်များ၊ သင်ကြားသင်ယူမှုဆိုင်ရာ ဗီဒီယိုများ စသည့် သင်ယူလေ့လာစရာများပါဝင်သည့် DBE Box များကို ဖြန့်ဝေထားပါကြောင်း၊ ကျောင်းများသို့ Tablet တစ်လုံးစီ ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ ပညာရေးမှူးများနှင့်လည်း Video Conferencing အစည်းအဝေးများ ကျင်းပခဲ့ပါကြောင်း၊ ကျောင်းထွက်နှုန်းလျှော့ချရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုရှိသော စဉ်ဆက်မပြတ်သင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးရေး၊ ဆရာအရည်အသွေး မြှင့်တင်ရေးနှင့် အရည်အသွေးရှိသော သင်ယူမှုရလဒ်ကောင်းများ ပေါ်ထွက်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေး လုပ်ငန်းစဉ်များ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ကျန်းမာပြီး လုံခြုံသော သင်ယူမှုဝန်းကျင်ကောင်း ရရှိစေရန်၊ သင်ယူမှုများအဆက်မပြတ်စေရန်နှင့် အရည်အသွေးရှိသော သင်ယူမှုများ အရှိန်အဟုန်ဖြင့် တိုးတက်စေရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆီမီယိုနိုင်ငံများ ပညာရေးဝန်ကြီးများ၏ မူဝါဒဆိုင်ရာ ဆွေးနွေးပွဲမှ ရလဒ်များမှာ သင်ယူသူများအား နည်းပညာဆိုင်ရာ တိုးတက်မှုရှိစေရန်အတွက် ပြင်ဆင်ပေးရန်၊ မိမိနိုင်ငံ အနေအထားပေါ် မူတည်၍ အမျိုးမျိုးသော ပညာရေးဆိုင်ရာ ပလက်ဖောင်းများကို အသုံးပြုရန်၊ ဆရာ ဆရာမများ၏ လက်ရှိအခြေအနေကို မြှင့်တင်ပြီး ၎င်းတို့အတွက် အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများနှင့် သင်တန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ ဖွံ့ဖြိုးမှုအနည်းဆုံးသော သင်ယူသူများနှင့် ဖွံ့ဖြိုးမှုနည်းသောဒေသရှိ ကျောင်းများအထိ ရောက်ရှိရေး ဆောင်ရွက်ရန်၊ ၂၁ ရာစု ပညာရေးဆောင်ရွက်သူများအတွက် လိုအပ်သော အသိပညာ၊ ကျွမ်းကျင်မှု သဘောထားများ၊ တန်ဖိုးထားမှုများကို အပြည့်အဝ အသုံးပြုရန်၊ ပညာရေးအတွက် အခြေခံအဆောက်အဦနှင့် ဘဏ္ဍာငွေကို ပိုမိုမြှင့်တင်ရန်နှင့် ပညာရေးရလဒ်ကောင်းများ ရရှိစေရန်အတွက် ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်တို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး နည်းပညာပံ့ပိုးမှုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ဆန်းစစ်ခြင်းစာရင်းပုံစံများ အသုံးပြု

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လတ်တလောကာလတွင် မိမိတို့နိုင်ငံ၌ ပြည်ပမှ ပြန်လည်ဝင်ရောက်သူများ များပြားနေသောကာလဖြစ်ပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေသည့်ကာလနှင့် တိုက်ဆိုင်နေပါကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ ရပ်ကွက်၊ ကျေးရွာ၊ နေရာစုံမှ ကျောင်းသား ကျောင်းသူများသည် နေရာတစ်ခုတည်းတွင် စုစည်းရောက်ရှိလာမည်ဖြစ်သဖြင့် ရောဂါကူးစက်ပြန့်ပွားမှုများ မရှိစေရေး စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ရန်မှာ အထူးအရေးကြီးပါကြောင်း၊ နေအိမ်မှ ကျောင်းသို့ ရောဂါကူးစက်ခြင်း ရှိနိုင်သကဲ့သို့ ကျောင်းတွင် ရောဂါကူးစက်ကာ နေအိမ်ရှိ မိသားစုများထံသို့ ထပ်ဆင့်ကူးစက်ခြင်းလည်း ရှိနိုင်သဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို သေချာစွာ စနစ်တကျ လုပ်ဆောင်ထားရမည်ဖြစ်ပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန် တစ်လျှောက်လုံးတွင်လည်း ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် စည်းကမ်းလိုက်နာဆောင်ရွက်မှုအခြေအနေများကို စောင့်ကြည့်ဆန်းစစ်ခြင်းအား ဆန်းစစ်ခြင်း စာရင်းပုံစံများ အသုံးပြု၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် မည်သူက မည်သည့်လုပ်ငန်းဆောင်ရွက်ရမည်၊ မည်သို့သတင်းပေးပို့ရမည် စသည့်အချက်များအား လုပ်ငန်းအမျိုးအစားအလိုက် ဆန်းစစ်ခြင်းစာရင်းပုံစံများဖြင့် ဆန်းစစ်ရန်လိုအပ်ပြီး ပါဝင်ရမည့်အချက်များကို ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲပြုစုနေသည်မှာ ကောင်းမွန်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပညာရေးနှင့် ကျန်းမာရေး တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ မိဘဆရာအသင်းဝင်များ ဆောင်ရွက်ရမည့် တာဝန်ခွဲဝေသတ်မှတ်မှုသည် အရေးကြီးပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့် ပထမလသည် အရေးအကြီးဆုံးဖြစ်ပြီး စနစ်တကျ အားထုတ်ဆောင်ရွက်သွားပါက နောက်လများတွင် လုပ်ဆောင်မှုများ အသားကျကာ ပိုမိုအဆင်ပြေလာမည်ဖြစ်ပါကြောင်း၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် မိဘဆရာအသင်းဝင်များ၊ မြို့နယ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၏ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပညာ၊ ကျန်းမာရေး စာတတ်မြောက်မှု မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းများ ပြန်လည်မဖွင့်လှစ်မီ အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အတန်းခေါင်းဆောင်ကဖြစ်စေ၊ ကျောင်းသား ကျောင်းသူ တစ်ဦးကဖြစ်စေ အခြားအတန်းတူ ကျောင်းသား ကျောင်းသူများအား အတန်းတွင်း ပညာပေးဟောပြောခြင်း ဆောင်ရွက်ပါက ပိုမိုထိရောက်ရုံသာမက ကျောင်းသား ကျောင်းသူများအနေဖြင့် ကိုဗစ်-၁၉ မကူးစက်စေရေးကိစ္စသည် မိမိတို့တွင်လည်း တာဝန်ရှိသည်ဟူသော အသိစိတ်ဓာတ်များ ရရှိသွားမည်ဖြစ်ပါကြောင်း။

### အပြီးသတ်ရေးဆွဲ အတည်ပြု

ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ အပါအဝင် အခြားသော အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်၍ အသိပညာဗဟုသုတများ ကြွယ်ဝလာမည်ဖြစ်ကာ ရေရှည်တွင် နိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကာ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အသီးသီးတို့အတွက် နေအိမ်မှ ကျောင်းသို့လာချိန်၊ ကျောင်းစာသင်ခန်းသို့ သွားချိန်၊ စာသင်ကြားချိန်၊ မုန့်စားနားနေချိန်နှင့် ကျောင်းဆင်းချိန်တို့တွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် လုပ်ထုံးလုပ်နည်းများကို ကျောင်းများ ပြန်လည်မဖွင့်လှစ်မီ ရေးဆွဲပြီးဖြစ်သည့်အတွက် ကနဦးရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခြင်း (pilot testing) ပြုလုပ်ပြီး လိုအပ်သလို ပြုပြင်ကာ အပြီးသတ်ရေးဆွဲ အတည်ပြုသွားမည်ဖြစ်ပါကြောင်း။

### ညှိနှိုင်းပူးပေါင်းဆောင်ရွက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များကို အခြေခံထားကာ မိမိတို့နိုင်ငံနှင့် ကိုက်ညီဆီလျော်စွာ မွမ်းမံ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို အတန်းတစ်ခုတွင် တွေ့ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ကြိုတင်ရေးဆွဲချမှတ်ထားပြီး တာဝန်ရှိသူများ အားလုံးက သိရှိထားရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ စာသင်ကျောင်းအလိုက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် မိဘဆရာအသင်းဝင်များသည် မြို့နယ်ပညာရေးနှင့် ကျန်းမာရေးတာဝန်ရှိသူများ လစဉ်တွေ့ဆုံညှိနှိုင်းပြီး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စေရန် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ စာသင်ကျောင်းများတွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မရှိစေရေး စည်းကမ်းများနှင့် လမ်းညွှန်ချက်များ သတ်မှတ်ဆောင်ရွက်ခြင်းသည် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများ အကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်ကို သိရှိစေရန် အသိပေးရှင်းလင်းပြောကြားမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ အန္တရာယ်ကင်းရှင်းစွာဖြင့် စာသင်ကျောင်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်သူများအားလုံး ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကာလဖြစ်စဉ်တွင် ကျန်းမာရေးရှုထောင့်၊ ပညာရေးရှုထောင့်၊ လူမှုစီးပွားရေးရှုထောင့် စသည်ဖြင့် ရှုထောင့်စုံမှ လေ့လာဆန်းစစ်ကာ နိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် အသင့်တော်ဆုံးကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### ဦးစားပေးဆောင်ရွက်သွားမည်

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာမှ ပညာရေးကဏ္ဍ တာဝန်ရှိသူများနှင့် Video Conferencing စနစ်ဖြင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လုပ်ငန်းလမ်းညွှန်များ၊ စည်းကမ်းချက်များကို ပြုစုရေးဆွဲထားရှိပါကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းမပြုမီ ဖွင့်လှစ်နိုင်ရန်အချက်များ ကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်ခြင်းလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်ရာတွင် မဖြစ်မနေ လိုက်နာရမည့်အချက်များကို လိုက်နာဆောင်ရွက်မှုရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စာသင်ချိန်များကိုလည်း ကျောင်းသား ကျောင်းသူအရေအတွက် အနည်းအများအလိုက် ပုံမှန်၊ တစ်ပတ်ခြား၊ တစ်ပတ်ခြား၍ ကျောင်းချိန်နှစ်သုတ် စသည်ဖြင့် အချိန်များခွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဇူလိုင်လအတွင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် - (က)ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ သင်ယူမှု မဆုံးရှုံးစေရေး အလေးထားကာကွယ်ရန်၊ ကျန်းမာရေးနှင့် ညီညွတ်၍ လုံခြုံဘေးကင်းရန်တို့အတွက် စီမံဖြေရှင်း ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ (ခ) ကျောင်းသား၊ ဆရာ တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေကွာခြား၍ သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်ရေး၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက လုံခြုံဘေးကင်းရေး၊ ကျောင်းထွက်မှုအနည်းဆုံးဖြစ်ရေး၊ သင်ယူတတ်မြောက်မှု ပြန်လည်ကောင်းမွန်လာရေးတို့ကို စဉ်ဆက်မပြတ် အဆင့်ဆင့် စီမံကြီးကြပ်ဆောင်ရွက်သွားရန်၊ (ဂ) ပညာရေးစနစ် ယခင်ထက် အားကောင်းလာ၍ ပိုမိုမျှတစွာ ကောင်းမွန်လာရေး ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို အရှိန်အဟုန်မြှင့်တင်၍ အရည်အသွေး ပိုမိုကောင်းမွန်လာစေရေး ဆောင်ရွက်ရန်တို့အား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ကျန်းမာရေးကဏ္ဍမှ ဆောင်ရွက်ထားရှိမှု အခြေအနေများအား လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး) ဒေါက်တာသန်းနိုင်စိုးက မိဘ၊ ဆရာနှင့် ကျောင်းသားများ လိုက်နာရမည့် အချက်များအား ရေးဆွဲပြုစုထားရှိမှုကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ပတ်ဝန်းကျင်သန့်ရှင်းရေး) ဦးဌေးဝင်းက ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းလမ်းညွှန်အား ရေးဆွဲပြုစုထားရှိမှုကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး) ဒေါက်တာခိုင်ခိုင်စိုးက ပိုးသတ်သန့်စင်ခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်အား ရေးဆွဲပြုစုထားရှိမှုကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သင်ကြား) ဒေါ်ချိုချိုဝင်းက ကျောင်းများတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်အား ရေးဆွဲပြုစုထားရှိမှုကို လည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ကိုဗစ်-၁၉ ကာလအတွင်း သင်ကြားသင်ယူမှု တိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကျောင်းကျန်းမာ) ဒေါက်တာ ဖြူဖြူအေးက ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျောင်းများဖွင့်လှစ်ရာတွင် နိုင်ငံတကာ၌ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များအားလည်းကောင်း၊ နေပြည်တော် ခုတင် (၁,၀၀၀) ပြည်သူ့ဆေးရုံကြီးမှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး၊ ပါမောက္ခဒေါက်တာစန်းလွင်က ကိုဗစ်-၁၉ ဖြစ်ပွားစဉ်ကာလအတွင်း ကျောင်းနေအရွယ်ကလေးငယ်များတွင် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ မရှိစေရေးနှင့် ပုံမှန်ကာလများတွင်လည်း စာသင်ကြားရာ၌ စိတ်ကျန်းမာပျော်ရွှင်စွာဖြင့် သင်ကြားနိုင်ရေးအတွက် လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဆွေးနွေးမှုများ၊ အကြံပြုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- ❒ **ပထမလသည် အရေးအကြီးဆုံးဖြစ်ပြီး စနစ်တကျ အားထုတ်ဆောင်ရွက်သွားပါက နောက်လများတွင် လုပ်ဆောင်မှုများ အသားကျကာ ပိုမိုအဆင်ပြေလာမည်**
- ❒ **စာသင်ချိန်များကိုလည်း ကျောင်းသား ကျောင်းသူ အရေအတွက် အနည်းအများအလိုက် ပုံမှန်၊ တစ်ပတ်ခြား၊ တစ်ပတ်ခြား၍ ကျောင်းချိန်နှစ်သုတ် စသည်ဖြင့် အချိန်များခွဲကာ ဆောင်ရွက်သွားမည်**

# ကိုဗစ်-၁၉ အလွန် ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးမှု အစီအမံများအပေါ် ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇွန် ၁၈**

ကိုဗစ်-၁၉ အလွန် ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးမှု အစီအမံများအပေါ် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ် (၃၆) တွင် ကျင်းပသည်။ (ယာပုံ)

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများ တက်ရောက်ကြသည်။

### ကူညီပံ့ပိုးမှုများဆောင်ရွက်

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ပြည်ပဝင်ငွေ ရှာဖွေပေးလျက်ရှိသော ငါးလုပ်ငန်းများ မွေးမြူ ဖမ်းဆီး၊ ပြုပြင်ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချ တင်ပို့ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ အခြေအနေကြောင့် ကြန့်ကြာခြင်းမျိုးမရှိစေဘဲ လုပ်ငန်းကွင်းဆက်အလိုက် ဟန်ချက်ညီ ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးမှု အစီအမံများအပေါ် တာဝန်ရှိသူအသီးသီးတို့က ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားထုတ်ကြိုးပမ်းကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသည့် ကာလများအတွင်း ရေလုပ်ငန်းကဏ္ဍအောက်ရှိ ရေချို၊ ရေငန် ငါးများ၏ ဈေးနှုန်းများ အထိုက်အလျောက် ကျဆင်းခြင်း၊ ရောင်းအား လျော့နည်းကျဆင်းခြင်း၊ ပြည်ပပို့ကုန် လုပ်ငန်းများ တုံ့ဆိုင်းသွားခြင်း စသည့်အခက်အခဲများကို လုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုအပေါ် ဝန်ကြီးဌာနအနေဖြင့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိခိုက်မှုများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် COVID -19 Economic Relife Plan တွင် ပါဝင်သည့် Action Plan အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်အတွက် ငါးမွေးမြူသူများအား တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ မျိုးငါးနှင့် ငါးသားပေါက်များအား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဧက ၁၅၀၀၀၀ အတွက် ဖြန့်ဖြူးပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန် မျိုးငါးနှင့် ငါးသားပေါက်များ ထောက်ပံ့နိုင်ရေးအတွက် ငွေကျပ်သန်း ၆၀၀၊ ရေလုပ်သားများ ပင်လယ်ပြင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများကို ကမ်းရိုးတန်းဒေသ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်နိုင်ရန် ငွေကျပ်သန်း ၆၀ တို့ကို နိုင်ငံတော်အစိုးရထံ တင်ပြတောင်းခံခဲ့ရာ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ အချိန်မီထောက်ပံ့နိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက အင်တိုက်အားတိုက် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



### SME ချေးငွေရရှိရေး တင်ပြ

ကိုဗစ်-၁၉ အလွန် ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေမှ ဆောင်ရွက်မှုများအပြင် ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် ငါးတင်၊ ငါးချဆိပ်ကမ်းများ လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဆိပ်ခံတံတားတစ်ခုလျှင် ငွေကျပ်သန်း ၂၀၀ နှုန်းဖြင့် ဆိပ်ခံတံတား ၁၀ ခုအတွက် လည်းကောင်း၊ ငါးဖမ်းရေယာဉ်များနှင့် ပတ်သက်၍ ငါးလုပ်ငန်းရာသီ ပြန်လည်ဖွင့်လှစ်ချိန်တွင် လိုအပ်သော ဆီ၊ ရေခဲ၊ ရိက္ခာ၊ ရေလုပ်သားများနှင့် လေ့ထွက်စရိတ်တို့အတွက် ရေယာဉ်တစ်စင်းလျှင် ငွေကျပ် ၁၀ သန်းနှုန်းဖြင့် ရေယာဉ်စင်းရေ ၃၁၉၀ အတွက်လည်းကောင်း၊ ငါး/ပုစွန် ပြုပြင်မွမ်းမံထုတ်လုပ်သော စက်ရုံ/ အလုပ်ရုံများအတွက် စက်ရုံတစ်ရုံလျှင် ငွေကျပ်သန်း ၁၀၀ နှုန်းဖြင့် လည်းကောင်း SME ချေးငွေရရှိရေးအတွက် တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

### ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ

နိုင်ငံတကာအကူအညီရရှိရေး ဆောင်ရွက်မှုအဖြစ် ဥရောပသမဂ္ဂမှ Budget Support Program ဖြင့် အထောက်အပံ့များရရှိရန် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လယ (၃၀)ရရှိပြီး ၆၈၄၁၆ ဒသမ ၅၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုးရှိ ငါးသားပေါက်များအား ဖြန့်ဖြူးပံ့ပိုးနိုင်ရန် ညှိနှိုင်းထားကြောင်း၊ အလားတူ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ ကိုဗစ်-၁၉ ကာလအတွင်း JICA စီမံကိန်း ဆောင်ရွက်ခဲ့သည့် ဧရာဝတီ၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်များမှ မြို့နယ် ၁၈ မြို့နယ်ရှိ တစ်ပိုင်တစ်နိုင် ငါးမွေးကန်များနှင့် ငါးလုပ်ငန်းစခန်းများသို့ ငါးသားပေါက်များ၊ ငါးအစာများ၊ လုပ်ငန်းသုံးပစ္စည်းများ ကူညီပံ့ပိုးပေးနိုင်မည့် အစီအစဉ်များလည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ (၁/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၈**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ (၁/၂၀၂၀)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် ရန်ကုန်မြို့ရှိ SME Center တို့၌ Video Conferencing ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အေဂျင်စီတွဲဖက်ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် အေဂျင်စီ ဒုတိယဥက္ကဋ္ဌ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် MSME Agency အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထူးက ကိုဗစ်ကာလတွင် MSME လုပ်ငန်းများအား ထိခိုက်နစ်နာမှုများ ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ကိုဗစ်ကယ်ဆယ်ရေး အစီအစဉ် (CERP)တွင် နိုင်ငံတော်မှ ချေးငွေများ ထုတ်ချေးပေးရန် ပါဝင်ပါကြောင်း၊ JICA Two-Step Loan မှ ပိုလျှံသည့် ချေးငွေများကို MSME လုပ်ငန်းများသို့ ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း၊ နည်းပညာ၊ ဈေးကွက်ထိုးဖောက်နိုင်ရေး၊ ကျွမ်းကျင်လုပ်သားရရှိရေး စသည့်ဘက်စုံရရှိမှသာ MSME များ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလတွင် MSME များကို ခေတ္တပိတ်ထားခဲ့ရသဖြင့် ထိခိုက်နစ်နာမှုများရှိခဲ့ကြောင်း၊ ကိုဗစ်ကာလအတွင်း ပြန်လည်ရောက်ရှိလာသည့် ကျွမ်းကျင်လုပ်သားများအနေဖြင့် MSME လုပ်ငန်းများကို ထူထောင်ခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်လျှင် နိုင်ငံတော်၏ ထုတ်လုပ်မှုပမာဏ တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်ကာလအတွင်း ထိခိုက်နစ်နာခဲ့သည့် MSME များကို ဆက်လက်ရှင်သန်ရပ်တည်နိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ကိုဗစ်အလွန်တွင် စီးပွားရေးလုပ်ငန်းများ၏ လုပ်ကိုင်မှုပုံစံများ ပြောင်းလဲလာသကဲ့သို့ စားသုံးသူများ၏ လိုအပ်ချက်ပုံစံများပါ ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ စားသုံးသူများ၏ အပြောင်းအလဲနှင့် လိုက်လျောညီထွေ ပြောင်းလဲလုပ်ကိုင်နိုင်ခြင်း မရှိသည့်လုပ်ငန်းများသည် ရပ်တည်ရန်ခက်ခဲလာနိုင်ကြောင်း၊ MSME လုပ်ငန်းများသည် Digital Economy ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ Internationalization SME ဖြစ်လာရေး၊ ဈေးကွက်နှင့် သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီရရှိ၍ MSME ထုတ်ကုန်များသည် ပြည်တွင်းလုပ်ငန်းများမှ ဒေသတွင်း နှင့် ကမ္ဘာ့ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက် Global Value Chain (GVC)နှင့် International Production Nature (IPN) ချိတ်ဆက်ထိုးဖောက် ဆောင်ရွက်သွားရန်အတွက် တက်ရောက်လာသည့်သူများမှ အကြံဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

အစီအစဉ်အရ အေဂျင်စီတွဲဖက်ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုကြောင့် MSME လုပ်ငန်းများ ထိခိုက်ခံစားရမှု အနည်းဆုံးဖြစ်စေရေးနှင့် ကိုဗစ်အလွန်ကာလတွင် MSME လုပ်ငန်းများ အမြန်ဆုံး ပြန်လည်ရပ်တည်နိုင်ရေးအတွက် MSME အေဂျင်စီအနေနှင့် မည်ကဲ့သို့ ကူညီပံ့ပိုးပေးရမည်ကို အဓိကထား ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များအပြင် FNF နှင့် ပူးပေါင်းရေးဆွဲထားသည့် Myanmar MSMEs Master Plan အပေါ် အေဂျင်စီအဖွဲ့ဝင်များက သဘောထားမှတ်ချက်ပေးကြရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်နိုင်ရေးတို့အတွက် အေဂျင်စီအဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း။

ကိုဗစ်ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ဘဏ္ဍာရန်ပုံငွေများကို တိုးမြှင့်ချထား ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်လည်း တိုးမြှင့်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ MSME လုပ်ငန်းများကိုလည်း ထုတ်ချေးပေးလျက်ရှိကြောင်း၊ ထို့ပြင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများကိုပါ တိုးချဲ့ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစားငွေချေးလုပ်ငန်းများကိုလည်း ထောက်ပံ့ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်အလွန်တွင် အမြန်ပြန်လည်တိုးတက်လာနိုင်မည့် Resilient MSME များ ဖြစ်လာစေရေးအတွက် MSME အေဂျင်စီအဖွဲ့ဝင်များက ပိုမိုထိရောက်စွာ ပံ့ပိုးဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အေဂျင်စီဒုတိယဥက္ကဋ္ဌ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အေဂျင်စီအတွင်းရေးမှူးနှင့် တက်ရောက်လာကြသော MSME Agency အဖွဲ့ဝင်များက ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုကြောင့် MSME လုပ်ငန်းများ ထိခိုက်ခံစားရမှု အနည်းဆုံးဖြစ်စေရေး၊ ကိုဗစ်အလွန်ကာလတွင် MSME လုပ်ငန်းများ အမြန်ဆုံး ပြန်လည်ရပ်တည်နိုင်ရေးအတွက် MSME အေဂျင်စီအနေဖြင့် မည်သို့ကူညီပံ့ပိုးပေးမည့် ကိစ္စရပ်များ၊ MSME လုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ FNF နှင့် ပူးပေါင်းရေးဆွဲထားသည့် Myanmar MSMEs Master Plan အပေါ် သဘောထားမှတ်ချက်ပြုမှုများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြင်ဆင်ပြဋ္ဌာန်းသတ်မှတ်ရန်၊ Digital စီးပွားရေးစနစ် အသုံးပြုဆောင်ရွက်နိုင်ရေးအတွက် Digital MSME Application တစ်ခုဆောင်ရွက်ရန်နှင့် အခြားမူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးပြောကြားသည်။

ထို့နောက် အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ရှိ Quarantine Center များနှင့် မြဝတီနယ်စပ်ဂိတ်တွင် ကူညီဆောင်ရွက်ကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြု



**ဘားအံ ဇွန် ၁၈**

နေရပ်ပြန်များ အများဆုံး ပြန်လည်ဝင်ရောက်ကြသည့် မြဝတီနယ်စပ်ဂိတ်နှင့် ကရင်ပြည်နယ်ရှိ Quarantine Center များတွင် ကူညီဆောင်ရွက်ကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များပေးအပ်ခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များပံ့ပိုးခြင်းနှင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ထားသော ကိုယ်ဝန်ဆောင်များ၊ အသက် (၅) နှစ်အောက် ကလေးများ၊ သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေပေးခြင်းတို့ကို ယနေ့ မွန်းလွဲပိုင်းတွင် ဘားအံနည်းပညာတက္ကသိုလ်အတွင်း၌ ဆောင်ရွက်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘားအံနည်းပညာတက္ကသိုလ်အတွင်း၌ Quarantine Center အဖြစ် ဖွင့်လှစ်ထားသည့် နေရာသို့ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးက အသွားအလာ ကန့်သတ်ထားရှိသူများနှင့် မြဝတီနယ်စပ်ဂိတ်မှ ပြန်လည် ဝင်ရောက်လာကြသော နေရပ်ပြန်များအား ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတ အဖွဲ့အစည်းများအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများကို ကရင်ပြည်နယ် ဝန်ကြီးချုပ်ထံ ပေးအပ်ပြီး စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်း ကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကရင်ပြည်နယ်အတွင်းရှိ အသွားအလာကန့်သတ် နေရာများတွင်ရှိသော ကိုယ်ဝန်ဆောင်မိခင် ၂၉၇ ဦး၊ အသက် (၅) နှစ်အောက် ကလေး ၁၇၄ ဦးနှင့် အသက် (၆၀) နှင့်အထက် သက်ကြီးရွယ်အို ၁၈ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၄၆၇၀၀၀၀ ကို ပြည်ထောင်စုဝန်ကြီးက စခန်းတာဝန်ခံထံသို့ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက Quarantine Center များနှင့် မြဝတီနယ်စပ်ဂိတ်တွင် ကူညီဆောင်ရွက်ပေးကြသည့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များအား အထူးကျေးဇူးတင်ရှိကြောင်း၊ အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကာလ၏ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ရာ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား တွေ့ဆုံ၍ တစ်ဦးတစ်ဖွဲ့ချင်း ပေးအပ်ခြင်း၊ အခမ်းအနားဖြင့် ဂုဏ်ပြုပြောကြားခြင်းများကို လက်ရှိအခြေအနေအရ ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ လိုအပ်ချက်များကို မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့မှ အဆင့်ဆင့်သတင်းရယူ၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယနေ့တွင် အမျိုးသားအဆင့် စေတနာ့ ဝန်ထမ်းဦးဆောင်အဖွဲ့က ကရင်ပြည်နယ် ဘားအံခရိုင်၊ မြဝတီခရိုင်တို့အတွင်းရှိ စုစုပေါင်း စေတနာ့ဝန်ထမ်း ၂၄၁ ဦး၊ ပရဟိတအဖွဲ့ ၂၃ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို ကရင်ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ သက်ဆိုင်ရာမြို့နယ် စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့် စိစစ်၍ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ စာရင်းကျန်ရှိခြင်းများ ရှိပါကလည်း ဂုဏ်ပြုခြင်းများ ထပ်မံဆောင်ရွက်ပေးမည်ဖြစ်သည်။

ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများနှင့် စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများ၏ စိစစ်မှုဖြင့် ဆက်လက် ဂုဏ်ပြုပေးအပ်သွားမည် ဖြစ်သည်။

ယနေ့ ကရင်ပြည်နယ်အတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြု ဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ ပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှု မရှိစေရန် လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွာလာလမ်ပူပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း နှစ်လယ်အစီရင်ခံစာနှင့်စပ်လျဉ်းသည့် ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး၊ (၄၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံ-တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ကွာလာလမ်ပူ ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း နှစ်လယ်အစီရင်ခံစာနှင့်စပ်လျဉ်းသည့် ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေး၊ (၄၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံ-တရုတ် ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့တွင် ကွာလာလမ်ပူ ပို့ဆောင်ရေးလုပ်ငန်းစီမံကိန်းပါ လေကြောင်း၊ ရေကြောင်း၊ ကုန်းလမ်း၊ ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ နိုင်ငံအလိုက်နှင့် ဒေသတွင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဆွေးနွေးသုံးသပ်ခဲ့ကြသည်။

(၄၉) ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံ၏ တစ်ခုတည်းသော လေကြောင်းနှင့် ရေကြောင်း ဈေးကွက်ဖော်ဆောင်မှု၊ စင်ကာပူ-ကူမင်း ရထားလမ်းစီမံကိန်းနှင့် အာဆီယံအဝေးပြေးလမ်းကွန်ရက်အပါအဝင် ကုန်းလမ်းပို့ဆောင်ရေး လုပ်ငန်းစဉ်များ၊ အာဆီယံပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက်များကို အကောင်အထည် ဖော်နိုင်မှုများ၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများနှင့် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုများ၊ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးနှင့် ကိုဗစ်-၁၉ အလွန်ကာလများအတွက် ပို့ဆောင်ရေးကဏ္ဍမှ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသုံးသပ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံ-တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့်စပ်လျဉ်း၍ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာ တတိယဆုရရှိသည့် စာရေးဆရာ ဦးသောင်းငွေ၏ "မေရှင့်ဘဝ ဂီတရုပ်ရှင်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာ့ရုပ်ရှင်၊ ဂီတ၊ အနုပညာသမိုင်းတွင် ထွန်းလင်းတောက်ပခဲ့သော ခေတ်ဟောင်းအဆိုတော် ရုပ်ရှင်မင်းသမီးကြီး ဝဏ္ဏကျော်ထင် ဒေါ်မေရှင်၏ ဂီတ၊ ရုပ်ရှင်အကြောင်းများကိုသာမက ဒေါ်မေရှင်တို့ခေတ်မတိုင်မီက ရုပ်ရှင်၊ ဂီတ၊ အသံလွှင့်လုပ်ငန်းသမိုင်းစဉ် နောက်ခံနှင့်တကွ ဒေါ်မေရှင်၏ အနုပညာပတ်ဝန်းကျင်၊ ခေတ်အခြေအနေ၊ လူပုဂ္ဂိုလ်နှင့် စက်မှုအနုပညာဖြစ်ပေါ်တိုးတက်မှုများကိုပါ တစ်နွယ်ငင် တစ်စင်ပါ ဆက်စပ်ရေးသားထားသည့်အပြင် မြန်မာ့ဂီတ၊ မြန်မာ့ရုပ်ရှင်သမိုင်း၏ အထင်ကရ အဖြစ်အပျက်များကို သုတေသနပြုစုရေးသားထားသော စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။




အဆိုပါ စာအုပ်ကို ရောင်းဈေးကျပ် ၁၄၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❐ *ကျောဖုံးမှ*

ယနေ့တွင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၅ ဦးတို့အား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ် နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

**ခေါ်ယူနိုင်ရေးစီစဉ်**

ဇွန် ၂၈ ရက်တွင်လည်း စင်ကာပူနှင့် နိုင်ငံတချို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ နဝမကြိမ်မြောက် ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ဖြောင့်မတ်တည်ကြည်မှု ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်




**ရန်ကုန် ဇွန် ၁၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ထုတ်ဝေသည့် ဖြောင့်မတ်တည်ကြည်မှုကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဟံသာဝတီ ဦးအုန်းကြိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်နှင့် တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းက ယခုရည်ညွှန်းစာစောင်များကို သတင်းမီဒီယာကောင်စီမှတစ်ဆင့် ကောင်စီနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများ၊ ကောင်စီဝင်များသို့ ဖြန့်ဝေခြင်းအားဖြင့် ယင်းအဖွဲ့အစည်းများ၊ မီဒီယာများမှတစ်ဆင့် လူထုကြားသို့ အသိပညာဖြန့်ဝေမှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရာ၌ ကိုးကားအသုံးပြုနိုင်ရန် ယခုရည်ညွှန်းစာစောင်များကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ရည်ညွှန်းစာစောင် အစုံ ၃၀ ကို လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်မြောင်းစီမံခန့်ခွဲမှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ဘိုင်းဒါးဆည်ရေသောက်စနစ်တွင် ရေအသုံးချသူများအဖွဲ့ တိုးချဲ့ဖွဲ့စည်း

**ဒိုက်ဦး ဇွန် ၁၈**

ဒိုက်ဦးမြို့နယ် ဘိုင်းဒါးဆည်ရေသောက်စနစ်တွင် ပူးပေါင်းဆည်မြောင်း စီမံခန့်ခွဲမှု လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန်လဒုတိယပတ်က ဒိုက်ဦးမြို့နယ်အတွင်းရှိ ဗျက်ကြီးကျေးရွာနှင့် အင်းသဇင်ကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံများ၌ ပြုလုပ်ခဲ့သည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးလတ်နှင့် တာဝန်ရှိသူများက ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းရသည့် အကြောင်းရင်း၊ ရည်ရွယ်ချက်၊ ရေအသုံးချသူများအဖွဲ့၏ အခန်းကဏ္ဍ လုပ်ငန်းတာဝန်များ၊ အကျိုးကျေးဇူးများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းမှုအဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဘိုင်းဒါးရေလှောင်တမံ၏ ဆည်ရေသောက် ရေပေးမြောင်းအလိုက် တောင်သူများပါဝင်သော ရေအသုံးချသူများအဖွဲ့ ၂၈ ဖွဲ့ကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။



ဘိုင်းဒါးဆည်တွင် ယခင်က ရေအသုံးချသူများအဖွဲ့ ၃၀ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရပြီး မြောင်းအလိုက် ထပ်မံတိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

**ပိန်းဇလုပ်သိန်းညွှန့်**

# ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ် ကိုပါအီတာလီယာ ဖလားဆွတ်ခူးခဲ့သည့် နာပိုလီ

ကိုပါအီတာလီယာဖိုလ်လုပွဲစဉ်အဖြစ် ဇွန် ၁၈ ရက်နံနက်ပိုင်းက နာပိုလီအသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ ရိုးမားကွင်း အိုလံပီယာကိုတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အတွင်း ဂိုးမရှိ သရေကျနေ၍ ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ပယ်နယ်တီတွင် နာပိုလီအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကိုပါအီတာလီယာဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

နည်းပြ ဂတ်တူဆိုကိုင်တွယ်သည့် နာပိုလီအသင်း၏ ပွဲထွက်အခင်းအကျင်းကိုကြည့်လျှင် ကူလီဘာလီ၊ လော်ရန်ဇို၊ ဖေဘီယန်ရူးစ်၊ မာတင်စ်၊ ကယ်လီဂျွန်၊ အင်ဆက်ဂ်နီစသည်ဖြင့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သည်။ နည်းပြဆာရီ၏ ဂျူဗင်တပ်စ် အသင်းသည်လည်း အဓိက ကစားသမားများဖြစ်သည့် ဘတ်ဖွန်၊ ဒီလစ်၊ မတ်တွီဒီ၊ ပီဂျာနစ်၊ ဒေါက်ကလပ်ကော်စတာ၊ ခရစ္စတီယာနို ရော်နယ်ဒို၊ ဒိုင်ဘာလာတို့ကို အသုံးပြုကာ ပွဲထွက်လာခဲ့ပြီး နာပိုလီအသင်းကို ယှဉ်ပြိုင်ကစားစေခဲ့သည်။ ပထမပိုင်းပွဲစပြီး ငါးမိနစ်အကြာတွင် ဂျူဗင်တပ်စ်အသင်းအတွက် ဦးဆောင်ဂိုးရရှိနိုင်သည့် အခွင့်အရေးတစ်ရပ်ကို ဒိုင်ဘာလာ၏ ဖန်တီးပေးမှုမှတစ်ဆင့် စီရော်နယ်ဒို အပိုင်ပိတ်သွင်းခွင့်ရရှိခဲ့သော်လည်း နာပိုလီဂိုးသမား မီရတ်ကာကွယ်နိုင်ခဲ့သည်။ ပွဲကစားချိန် ၂၃ မိနစ်အရောက်တွင် နာပိုလီအသင်း အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဂိုးရရှိနိုင်လောက်သည့် အခွင့်အရေးကို ဂျူဗင်တပ်စ်ဂိုးသမား ဘတ်ဖွန် ပုတ်ထုတ်ကာကွယ်နိုင်ခဲ့၍ နာပိုလီအသင်း နစ်နာခဲ့ရပြန်သည်။ ယနေ့ပွဲတွင် ဂျူဗင်တပ်စ်အသင်းမှ စီရော်နယ်ဒို ထင်သလောက် ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ ပထမပိုင်း ပွဲကစားချိန် ပြီးခါနီးတွင် နာပိုလီအသင်း ဆက်တိုက်ဂိုးပေါက်ခြိမ်းခြောက်နိုင်မှု ပြုလုပ်နိုင်ခဲ့သော်လည်း ဂျူဗင်တပ်စ်ဂိုးသမား ဘတ်ဖွန် ကာကွယ်နိုင်ခဲ့သည်။



ဒုတိယပိုင်းပွဲကစားချိန်အတွင်း လူစားလဲမှု ပြုလုပ်လာခဲ့ပြီးနောက် တစ်သင်းနှင့်တစ်သင်း ဂိုးပေါက်ကန်သွင်းမှုများ ခပ်စိတ်စိတ်ပြုလုပ်လာနိုင်ခဲ့သော်လည်း လိုအပ်နေသည့် ဂိုးကို မည်သည့်အသင်းမှ သွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရသည်။ ဂျူဗင်တပ်စ်အသင်းအနေဖြင့် ပယ်နယ်တီ အဆုံးအဖြတ်ခံယူရာတွင် ဒိုင်ဘာလာ၊ ဒန်နီလိုတို့ ဂိုးမဝင်ခဲ့သဖြင့် နာပိုလီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ နာပိုလီအသင်းအနေဖြင့် ကိုပါအီတာလီယာဖလားကို ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သလို ဂတ်တူဆို အနေဖြင့်လည်း နည်းပြဘဝဖြင့် ပထမဆုံးအကြိမ် အဓိကဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

**အောင်ဇော်**

○ *ကျော့ဖုံးမှ*

ကုန်ဆုံးတော့မည်ဖြစ်သည်။

သို့သော်လည်း ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့် ရက်အနည်းငယ်အတွင်း ကာလတိုစာချုပ်သစ်ချုပ်ဆိုနိုင်ရေး ပက်ဒရိုနှင့် ဆွေးနွေးရန် အခွင့်အရေး ရှိနေသေးကြောင်း သိရသည်။ ပက်ဒရိုသည် နောက်ထပ် သက်တမ်းတိုးခွင့်နှင့်အတူ ရိုးမားအသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီလိုက်ကြောင်းလည်း သိရသည်။ ချယ်လ်ဆီးအသင်းသည် ပက်ဒရိုနှင့် ဝီလီယံတို့ကို ရာသီမကုန်မီတွင် အသင်းမှ ထွက်ခွာမသွားရန် လုပ်ဆောင်နေကြောင်း သိရသည်။ ပရီမီယာလိဂ်အသင်းများအနေဖြင့် ယခုလကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကစားသမားများကို ဇွန် ၂၃ ရက်အထိ ကာလတိုစာချုပ်ချုပ်ဆိုရန်အလို့ငှာ အဆိုပါ ကစားသမားများနှင့် ညှိနှိုင်းခွင့်ပေးထားကြောင်း သိရသည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် လာမည့် အင်္ဂါနေ့အထိ ပက်ဒရိုကို ကာလတိုစာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးခွင့်ရှိနေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် အသင်းမှ ထွက်ခွာဖွယ်ရှိနေသော ပက်ဒရိုနှင့် ဝီလီယံတို့ကို တနင်္ဂနွေနေ့တွင် ကစားမည့် အက်စ်တွန်ဗီလာနှင့် ပွဲစဉ်၊ လာမည့် ကြာသပတေးနေ့တွင် ကစားမည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်၊ ဇွန် ၂၈ ရက်တွင် ကစားမည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လက်စတာအသင်းတို့နှင့် ပွဲစဉ်ကို ထည့်သွင်းကစားခွင့်ရှိနေသေးသော်လည်း ဇူလိုင် ၁ ရက်တွင် ကစားမည့် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်ကိုတော့ ထည့်သွင်းကစားနိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် ၃၀ အဖြစ် လာမည့် တနင်္ဂနွေနေ့ ညပိုင်းတွင် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ပရီမီယာလိဂ်ပွဲစဉ်များ ပြန်လည်စတင် မန်စီးတီးတို့ အာဆင်နယ်ကို ဂိုးပြတ်အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ၂၀၁၉-၂၀၂၀ ခုနှစ် ဘောလုံးရာသီကို ဇွန် ၁၇ရက် ဗုဒ္ဓဟူးညတွင် ပွဲစဉ်(၂၈)မှ ပွဲကျန်များဖြင့် ပြန်လည်စတင် ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာနှင့် ရှက်ဖီးလ်ယူနိုက်တက်ပွဲတွင် ဂိုးမရှိ သရေကျခဲ့ပြီး ဇွန် ၁၈ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် မန်စီးတီးနှင့် အာဆင်နယ်ပွဲကို အီတီဟတ်ကွင်း၌ ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်မန်စီးတီးအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မန်စီးတီးနှင့် အာဆင်နယ်ပွဲတွင် အိမ်ရှင်အသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် အာဆင်နယ်သည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် စတာလင်းက မန်စီးတီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ၄၉ မိနစ်တွင် အာဆင်နယ်နောက်တန်းကစားသမား ဒေးဗစ်လုဇ် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရကာ မန်စီးတီးတို့ ပယ်နယ်တီကန်ခွင့်ရကာ ဒီဘရိုင်းက အမှားအယွင်းမရှိ ဒုတိယမြောက်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

မန်စီးတီးအတွက် တတိယမြောက်ဂိုးကို ပွဲပြီးခါနီး မိနစ် ၉၀ တွင် ဖိုဒန်က သွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် မန်စီးတီးက အာဆင်နယ်ကို သုံးဂိုးပြတ်အနိုင်ရရှိသည်။ ယင်းပွဲတွင် မန်စီးတီးတိုက်စစ်မှူး စတာလင်းသည် အကောင်းဆုံး ခြေစွမ်းပြခဲ့သည့် ကစားသမားဖြစ်ခဲ့သည်။ ပွဲစဉ်(၂၉) ယှဉ်ပြိုင်အပြီးတွင် မန်စီးတီးသည် ရမှတ် ၆၀ ဖြင့် အဆင့် (၂) တွင် ရပ်တည်နေပြီး အာဆင်နယ်သည် ရမှတ် ၄၀ ဖြင့် အဆင့် (၉) တွင် ရပ်တည်နေသည်။

ပရီမီယာလိဂ် ပွဲစဉ်(၃၀)ကို ဇွန် ၁၉ ရက် သောကြာနေ့ညတွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး နော့ဝှစ်ချ်နှင့် ဆောက်သမ်တန် ယှဉ်ပြိုင်ရမည်ဖြစ်ကာ မန်ယူအသင်းသည် စပါးအိမ်ကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **သီဟ**



## ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၂) အနိုင်အရှုံး

| | | |
|---|---|---|
| ဖရန့်ဖတ် | ၂-၁ | ရှော်လ်ကေး |
| ဒေ့ါမွန် | ၀-၂ | မိန့်ဇ် |
| လိုက်ပ်ဇစ် | ၂-၂ | ဒက်ဆယ်ဒေ့ါဖ် |
| လေဗာကူဆင် | ၃-၁ | ကိုလုံး |
| အော့စ်ဘတ် | ၁-၃ | ဟော်ဖန်ဟိမ်း |

# AA အကြမ်းဖက်သောင်းကျန်းသူများက စိုင်ခြံကျေးရွာအုပ်စုစာရေးဖြစ်သူအား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

**နေပြည်တော် ဇွန် ၁၈**
ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် စိုင်ခြံကျေးရွာအုပ်စု စိုင်ခြံကျေးရွာ (မြောက်) နေ အုပ်စုစာရေးဖြစ်သူ ဦးစိုးမင်းထွန်းအား မျက်နှာတွင် အဝတ်များဖြင့် စည်းထားသော AA အကြမ်းဖက် သောင်းကျန်းသူ ၂၀ ခန့်က နေအိမ်သို့ လာရောက်၍ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ပြီး သတ်ဖြတ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် စိုင်ခြံကျေးရွာအုပ်စု စာရေးဖြစ်သူ ဦးစိုးမင်းထွန်းသည် နေအိမ်၌ မိသားစုနှင့် အတူရှိနေစဉ် ဇွန် ၁၆ ရက် ည ၁၂ နာရီခွဲခန့်တွင် မျက်နှာများအား အဝတ်များဖြင့် စည်းထားသည့် AA အကြမ်းဖက် သောင်းကျန်းသူ ၂၀ ဦးခန့် ရောက်ရှိလာပြီး နေအိမ်တံခါးများအား ထုရိုက်တွန်းဖွင့် ဝင်ရောက်ကာ ဦးစိုးမင်းထွန်းအား ထိုးကြိတ်ပြီး မိသားစုဝင်များကို ခြိမ်းခြောက်၍ ၎င်းအား ကျောက်ဖြူမြို့ တောင်ရင်းရပ်ကွက် ကျောက်ဖြူလေဆိပ်၏ တောင်ဘက်လမ်းမဘေးသို့ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားပြီး ၎င်းနေရာ၌ပင် သတ်ဖြတ်ခဲ့ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးမှု မရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများကို အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်ဖြူမြို့နယ် ရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ်တွင် အမျိုးသမီး လေးဦး ရေနစ်သေဆုံးမှုဖြစ်

**သံဖြူဇရပ် ဇွန် ၁၈**
မွန်ပြည်နယ် သံဖြူဇရပ်မြို့မရဲစခန်း၌ ဇွန် ၁၇ ရက် ည ၇ နာရီခန့်က ဒုရဲအုပ် အောင်သူလှိုင် တာဝန်မှူးအဖြစ် ဆောင်ရွက်စဉ် သံဖြူဇရပ်မြို့နယ် ဝဲကဝါကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးသန်းက မိန်ဗလာတောင်ခြေ မြေကျင်းဟောင်းတွင် အမျိုးသမီး သုံးဦး ရေနစ်သေဆုံးနေသည်ကို တွေ့ရှိကြောင်း သတင်းပေးပို့သဖြင့် စခန်းမှူးဒုရဲမှူးဇော်မင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ရေပြင်အကျယ်ပေ ၆၀ ခန့်၊ ရေအနက် ၅ ပေခန့် ရှိသည့် မြေကျင်းဟောင်း၌ အမျိုးသမီးကြီး တစ်ဦးနှင့် အမျိုးသမီးငယ် နှစ်ဦး သေဆုံးနေသည်ကို တွေ့ရသည်။ ဆက်လက်၍ အမျိုးသမီးငယ် တစ်ဦးအား မတွေ့ရသဖြင့် မြို့နယ်နာရေးကူညီမှုအသင်းနှင့် ပရဟိတ အဖွဲ့ဝင်များက ရေငုပ်ရှာဖွေရာ ရေအောက်၌သေဆုံးနေသူ တစ်ဦး ထပ်မံ တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်အားစစ်ဆေးရာတွင် အခင်းဖြစ်နေရာနှင့် တစ်ဖာလုံခန့်အကွာရှိ ဓမ္မဂရုဏာဘုန်းတော်ကြီးကျောင်း၌ နွေရာသီကျောင်းပိတ်ရက်အတွင်း မွန်စာပေသင်ကြားရန်အတွက် သံဖြူဇရပ်မြို့နယ် ပငကျေးရွာနေ မိုးသဇင် (၁၀နှစ်)၊ မရွှေပန်း (၁၂နှစ်)၊ အေးသီရိစံ (၁၂နှစ်)တို့ သုံးဦးသည် ဆွေမျိုးတော်စပ်သည့် ကျောင်းကပ္ပိယ ဒေါ်ခင် (၆၆ နှစ်)နှင့်အတူ ဘုန်းကြီးကျောင်း၌ ညအိပ်ညနေနေထိုင်ကြကြောင်း၊ အခင်းဖြစ်သည့် မွန်းလွဲ ၃ နာရီခန့်တွင် ဘုန်းကြီးကျောင်းဝင်း အပြင်ဘက် မြေကျင်းဟောင်းအနီး၌ ၎င်းတို့ လေးဦးက ဝဥပင် စိုက်ပျိုးကြောင်း၊ ညနေ ၆ နာရီခန့်တွင် ကျောင်းသို့ ပြန်လည်မရောက်ရှိသဖြင့် ဆရာတော်နှင့်အတူ ကျန်ရှိသူများက လိုက်လံရှာဖွေရာ မြေကျင်းအဆင်းလမ်းရေစပ်တွင် ၎င်းတို့၏ ဖိနပ်လေးရံကို တွေ့ရှိပြီး ရေအိုင်အလယ်၌ သေဆုံးနေသူ သုံးဦးကို တွေ့ရှိ၍ သက်ဆိုင်ရာသို့ အကြောင်းကြားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သံဖြူဇရပ်ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(သံဖြူဇရပ်)**

# သဃ်န်းကျွန်း၊ တာချီလိတ်နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၇ ရက် ညနေ ၄ နာရီက သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် လေးထောင့်ကန်လမ်းမကြီးနှင့် ဗဟိုလမ်းမကြီးအနီးတွင် တွေ့ရှိသူ အောင်မျိုးသူ(ခ)အာကာ၊ စိုးမင်းထွန်း(ခ)ဆန်နီနှင့် မဆွေးရဲမ်မွဲ (ခ) မသီတာဝင်းတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မဆွေးရဲမ်မွဲ နေထိုင်သည့် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် အမှတ်(၃)လမ်း တိုက်အမှတ်(၆၈၉) ဒုတိယထပ်ရှိ အခန်းအမှတ်(၂) အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ကျထီးနားကျေးရွာအထွက်တွင် ရပ်ထားသည့် တိုယိုတာ ဟိုင်းလတ်ရီဘို အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်မောင်း ကျဘိုရှဲအား တွေ့ရှိပြီး ကျအူနှင့် ကျခူတို့ နှစ်ဦးမှာ တောအတွင်းသို့ ထွက်ပြေးသဖြင့် မော်တော်ယာဉ်ကို ဆက်လက်ရှာဖွေရာ အမ်-၂၁ တစ်လက်၊ ယင်းကျည် ၇၁ တောင့်၊ ၉ မမပစ္စတိုတစ်လက်၊ ယင်းကျည် အိမ်တစ်ခု ယင်းကျည် ၄၇ တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀၀ နှင့် ဘိန်းဖြူ ၂ ဒသမ ၄၅ ကီလိုတို့ကို လည်းကောင်း၊ ထို့အတူ မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကျေးရွာရှိ မစန်းအေး(ခ)မကျိန်းကြူ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၈**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၇ စီး၊ သွင်းကုန် ၃၉၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၀၇၀ သန်း တန်ဖိုးရှိ PSI စလောင်းနှင့် ဆက်စပ်ပစ္စည်းများ၊ အလှကုန်များကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာ(အရှေ့ပိုင်း) နှင့် (အနောက်ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ်အသုံးပြု၍ လက်ကိုင်ဖုန်းများ လုယူသူတစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၁၈**
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၄ ရက်က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက်



သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဖုန်းလုယက်မှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ သက်ဇော်ရှိန်း(ခ)ဗိုလ်ရှိန်အား အလယ်ရွာလေး၊ ဗိုလ်အောင်ကျော်လမ်းမပေါ်၌ ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ ၎င်းလက်အတွင်း ကိုင်ဆောင်ထားသော ဟွာဝေးလ် အမျိုးအစားဖုန်းတစ်လုံးမှာ ၂၀၂၀ ပြည့်နှစ် ဧပြီလက ယင်းလမ်းမပေါ်၌ စက်ဘီးစီးနင်းလာသော အသက် (၂၀နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးထံက လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူ သက်ဇော်ရှိန်း(ခ)ဗိုလ်ရှိန်အား အခြားပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ မရှိ စစ်ဆေးရာ ၎င်းသည် ၂၀၂၀ ပြည့်နှစ် ဧပြီလနှင့် မေလတို့တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တို့ အတွင်း ဆိုင်ကယ်ဖြင့် လှည့်လည်သွားလာ၍ ခရီးသွားပြည်သူများထံက လက်ကိုင်ဖုန်း ခုနစ်လုံးကို လုယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း လက်ကိုင်ဖုန်း ခုနစ်လုံးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ဖုန်းလုယက်မှုကျူးလွန်သူ သက်ဇော်ရှိန်း(ခ)ဗိုလ်ရှိန်အား (ဝဲပုံ) ဥပဒေနှင့်အညီ တရားစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေဦး - ကလေးဝ ကားလမ်း၌ တိမ်းမှောက်နေသော ထော်လာဂျီယာဉ်ပေါ်မှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**တန့်ဆည် ဇွန် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တွင် ဇွန် ၁၇ ရက် နံနက်ပိုင်းက တိမ်းမှောက်နေသော ထော်လာဂျီယာဉ်ပေါ်မှ တရားမဝင်အင်ခွဲသားများ ဖမ်းဆီးရမိကြောင်း သိရသည်။

တန့်ဆည်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်စန်းယု ပါဝင်သော ပူးပေါင်းအဖွဲ့နှင့် တောဂျင်ရဲကင်းစခန်းမှ ဒုရဲအုပ်ပြည့်ဖြိုးအောင် ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၁၇ ရက် နံနက် ၅ နာရီခန့်က ရေဦး - ကလေးဝ ကားလမ်းတစ်လျှောက် တရားမဝင်သစ်များ သယ်ဆောင်သွားလာခြင်း မရှိစေရေးအတွက် စစ်ဆေးရှာဖွေဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၄၇/၄ အနီးတွင် လူတစ်ဦးမှမရှိဘဲ တိမ်းမှောက်နေသည့် ယာဉ်နံပါတ်မပါ ထော်လာဂျီ တစ်စီးကို တွေ့ရှိစစ်ဆေးရာ ယာဉ်ပေါ်တွင် ဝါးများနှင့်အတူ တရားမဝင် အင်ခွဲသား ၄၃ ချောင်း (၇ ဒသမ ၇၀၆၆ တန်) ပိုင်ရှင်မဲ့ ဖမ်းဆီးရမိသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရန် တန့်ဆည်မြို့နယ် ကံထူးမနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# မရမ်းကုန်းမြို့နယ်တရားရုံး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ ဖြင့် စွဲဆိုမှုအရ တရားလိုပြသက်သေ သုံးဦး စစ်ဆေးပြီး တစ်ဦးပယ်

**ရန်ကုန် ဇွန် ၁၈**
သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ အရ တရားစွဲဆိုခံထားရသည့် ဦးဒေးဗစ်(ခ) စောဒေးဗစ်(ခ)ဒေးဗစ်လားနှင့် ဦးဝေထွန်းတို့အား ယနေ့ နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် တရားရုံးသို့ ခြောက်ကြိမ်မြောက် ရုံးထုတ်ခဲ့ပြီး မရမ်းကုန်းမြို့နယ် မြို့နယ်တရားသူကြီး ဦးမိုးဆွေ၏ တရားခွင်၌ တရားလိုပြသက်သေ သုံးဦးတို့အား စစ်ဆေးမှုပြုလုပ်ခဲ့ရာ မွန်းလွဲ ၃ နာရီခွဲခန့်တွင် စစ်ဆေးမှုပြီးဆုံးသွားပြီး ထပ်မံစစ်ဆေးရန် ဇွန် ၂၃ ရက် (အင်္ဂါနေ့)သို့ ချိန်းဆိုခဲ့၍ ယင်းနေ့တွင် ကျန်ရှိတရားလိုပြသက်သေ သုံးဦးအား အပြီးသတ် စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် တရားရုံးသတင်းပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီး ဦးမိုးဆွေက "ဒီကနေ့ ကျွန်တော်တို့ မြို့နယ်တရားရုံးရဲ့ ရာဇဝတ်ကြီးမှု အမှတ်- ၆၈၅/ ၂၀၂၀ ဦးဝေထွန်းပါ နှစ်ဦးကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ အရ ဦးရဲဝင်းအောင်က စွဲဆိုမှုကို ချိန်းဆိုစစ်ဆေးတာ ဖြစ်ပါတယ်။ ဒီကနေ့မှာတော့ တရားလိုပြသက်သေများဖြစ်တဲ့ ဦးစောဘလုစိုးမိုး၊ ဦးရူပါလှမိုးထွဋ်၊ ဒေါက်တာ နော်အဲထူးထူးတို့ သုံးဦးကို ဆက်လက်စစ်ဆေးခဲ့ပါတယ်။ တရားလိုပြ သက်သေစာရင်းထဲက ဦးဝင်းမင်းထွန်းကိုတော့ တရားလိုဘက်က ပယ်လိုက်ပါတယ်။ ဒါကြောင့် နောက်အပတ်မှာ ကျန်ရှိတရားလိုပြ သက်သေ သုံးဦးကို အပြီးသတ်စစ်ဆေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါအမှုတွင် စစ်ဆေးမှုပြုလုပ်ရသော တရားလိုပြသက်သေ စုစုပေါင်း ၁၄ ဦး တင်ပြထားသည့်အနက် ၁၀ ဦး စစ်ဆေးခဲ့ပြီးဖြစ်ကြောင်းနှင့် တစ်ဦးပယ်ထားသည့်အတွက် စစ်ဆေးရန် တရားလိုပြသက်သေ သုံးဦးသာ ကျန်ရှိကြောင်း၊ သို့ဖြစ်၍ ဤအမှုသည် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ အလျင်အမြန်ဆောင်ရွက်ရမည့် ရာဇဝတ်ကြီးမှုအဖြစ် သတ်မှတ်ထားခြင်းကြောင့် ရက်ပေါင်း ၉၀ အတွင်း အပြီးစစ်ဆေးရန်လျာထားစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖေ့စ်ဘွတ်က အမေရိကန်ရွေးကောက်ပွဲအတွင်း ပြည်ပအစိုးရပိုင်မီဒီယာများမှ ကြော်ငြာများကို ပိတ်ပင်မည်

ဝါရှင်တန် ဇွန် ၁၈

**အမေရိကန်ရွေးကောက်ပွဲကာလအတွင်း ဖေ့စ်ဘွတ်ကုမ္ပဏီက ပြည်ပအစိုးရမီဒီယာများမှ ကြော်ငြာများထည့်သွင်းခြင်းကို ပိတ်ပင်မည်ဖြစ်ပြီး ဖေ့စ်ဘွတ်သုံးစွဲသူများအနေဖြင့် နိုင်ငံရေးဆိုင်ရာ သတင်းစကားများကို ၎င်းတို့၏ စာမျက်နှာများပေါ်တွင် ဖုံးကွယ်ထားခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။**

သမ္မတဒေါ်နယ်ထရမ့်၏ ပို့စ်များအပါအဝင် လူထုကို ဒေါသထွက်အောင် လှုံ့ဆော်ရာရောက်သည့် ပို့စ်များနှင့် သတင်းအမှားများကို ကိုင်တွယ်ရန် ပျက်ကွက်ခဲ့မှုနှင့် ၂၀၁၆ ခုနှစ်သမ္မတရွေးကောက်ပွဲအတွင်း ပြည်ပမှ စွက်ဖက်မှုများကို ဖေ့စ်ဘွတ်က မျက်ကွယ်ပြုခဲ့သည်ဟုဆိုကာ ဝေဖန်မှုများ မြင့်တက်လာပြီးနောက်တွင် ဖိအားများစွာ ကျရောက်ခဲ့သည့် ဖေ့စ်ဘွတ်ကုမ္ပဏီက ထိုသို့ လုပ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်၏ဒေးလီးတယ်လီဂရပ်ဖ် နေ့စဉ်သတင်းစာတွင် ရေးသားနေသူ နစ်ကလက်ဂ်က ဖေ့စ်ဘွတ်သည် အမေရိကန်ရွေးကောက်ပွဲကာလအတွင်း အခြားနိုင်ငံများရှိ အစိုးရထိန်းချုပ်ထားသော မီဒီယာအဖွဲ့အစည်းများမှ ကြော်ငြာများအားလုံးကို တားမြစ်ပိတ်ပင်မည်ဖြစ်ကြောင်း ဇွန် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

လူမှုကွန်ရက်ပေါ်၌ နိုင်ငံရေးကြော်ငြာထည့်သွင်းလိုသူမှန်သမျှသည် ထိုသို့ထည့်သွင်းရန် ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပြီးခဲ့သည့် မတ်နှင့် မေလအတွင်း ဖေ့စ်ဘွတ်သည် အမေရိကန်၏ ရွေးကောက်ပွဲကို ပစ်မှတ်ထားသည့် နိုင်ငံရေးကြော်ငြာပေါင်း ၇၅၀၀၀၀ ကျော်ကို ရပ်ဆိုင်းခဲ့ကြောင်း၊ အကြောင်းမှာ ကြော်ငြာလိုသူများသည် ခွင့်ပြုချက်လျှောက်ထားသည့်လုပ်ငန်းစဉ်ကို ပြည့်ပြည့်စုံစုံဖြည့်စွက်ခဲ့ခြင်း မရှိသည့်အတွက်ဖြစ်ကြောင်း ကလက်ဂ်ကပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



ဖေ့စ်ဘွတ်တည်ထောင်သူ မက်ဇူကာဘတ်။

# တရုတ်နိုင်ငံက ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုတစ်လုံးလွှတ်တင်




ဇွန် ၁၇ ရက်က တရုတ်အနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ် ဂျူကွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဂိုဖမ်-၉ ၀၃ ဟု အမည်ပေးထားသော ဂြိုဟ်တုကိုသယ်ဆောင်ထားသော လောင်းမာ့ချ်-၂ ဒီ ဒုံးပျံကြီးကို လွှတ်တင်နေစဉ်။

**ဂျူကွမ် ဇွန် ၁၈**

တရုတ်နိုင်ငံသည် ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုတစ်လုံးကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ဂျူကွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဇွန် ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၁၉ မိနစ်တွင်လွှတ်တင်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။ အဝေးထိန်းအာရုံခံစနစ်ပါသော ဂိုဖမ်-၉ ၀၃ဟုအမည်ပေးထားသော ယင်းဂြိုဟ်တုကို လောင်းမာ့ချ် -၂ ဒီ ဒုံးပျံသယ်ဆောင်ရေးယာဉ်ဖြင့် ပတ်လမ်းအတွင်းသို့ ပစ်လွှတ်ပေးခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုကို အဓိကအားဖြင့် မြေယာလေ့လာရေး၊ မြို့တော်စီမံကိန်း၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးသီးနှံအထွက်နှုန်း ခန့်မှန်းတွက်ချက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးသက်သာစေရေးတို့တွင် အသုံးပြုသွားမည်ဖြစ်သလို ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတည်ဆောက်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကိုလည်း ထောက်ပံ့ကူညီပေးမည်ဖြစ်သည်။ အဆိုပါဒုံးပျံဖြင့် အလားတူဂြိုဟ်တုနှစ်လုံးကိုလည်း အာကာသထဲသို့ ပစ်လွှတ်သွားမည်ဖြစ်သည်။ ယင်းတို့ထဲမှတစ်ခုကို စီကျန်းတက္ကသိုလ်က ပြုလုပ်ထားပြီး ပီကိုဂြိုဟ်တုနှင့် နာနိုဂြိုဟ်တုနည်းပညာများကို လေ့လာရန်ဖြစ်သည်။

နောက်ထပ်တစ်လုံးကို ပေကျင်းအခြေစိုက် ဟက်အာကာသနည်းပညာကုမ္ပဏီက ပြုလုပ်ထားပြီး သင်္ဘောများနှင့် လေယာဉ်များ၏ သတင်းအချက်အလက်များနှင့် အင်တာနက်ဆက်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ရယူရန်ဖြစ်ကြောင်း သိရသည်။ ဇွန် ၁၇ ရက်က လွှတ်တင်မှုသည် လောင့်ချ်မာ့ချ် ဒုံးပျံ၏ (၃၃၅) ကြိမ်မြောက် အောင်မြင်စွာလွှတ်တင်မှုဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အာကာသဆိုင်ရာ ကာကွယ်ရေး နည်းဗျူဟာသစ်တစ်ရပ်ကို အမေရိကန်ထုတ်ဖော်ကြေညာ

**ဝါရှင်တန် ဇွန် ၁၈**

တရုတ်နိုင်ငံနှင့် ရုရှားတို့သည် စစ်ရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့် ၎င်းတို့၏ အာကာသဆိုင်ရာ လှုပ်ရှားမှုများကို ပိုမိုချဲ့ထွင်လာလျက်ရှိပြီး အမေရိကန်၏ မဟာမိတ်အဖွဲ့အစည်းများကို ပူးပေါင်းပါဝင်ရန် တိုက်တွန်းလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အာကာသထဲ၌ အမေရိကန်၏ စစ်ရေးအရ စိန်ခေါ်မှုများကို အကြမ်းဖျင်း ချပြထားသည့် အာကာသဆိုင်ရာ ကာကွယ်ရေးဗျူဟာအသစ်တစ်ရပ်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဇွန် ၁၇ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ နည်းဗျူဟာတွင် ဖော်ပြထားသည်မှာ တရုတ်နိုင်ငံနှင့် ရုရှားတို့သည် အမေရိကန်၏ အာကာသဆိုင်ရာ လှုပ်ရှားမှုများကို မြန်မြန်ဆန်ဆန်နှင့် ပြင်းပြင်းထန်ထန် ခြိမ်းခြောက်လာလျက်ရှိသည်ဟု ဆိုသည်။

တရုတ်နှင့်ရုရှားနှစ်နိုင်ငံလုံးသည် အာကာသထဲ၌ အမေရိကန်နှင့် မဟာမိတ်များ၏ စစ်ရေးအရ အရေးပါမှုကို လျှော့ချလိုသည့် သဘောသက်ရောက်သည့်အာကာသဆိုင်ရာ စစ်ရေးလှုပ်ရှားမှုများကို တိုးချဲ့လာလျက်ရှိကြောင်း ထုတ်ပြန်ချက်ထဲတွင် ဖော်ပြထားသည်။

ထို့ကြောင့် အာကာသထဲ၌ အမေရိကန်၏ စစ်ရေးဆိုင်ရာ အားသာချက်တစ်ခုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် စစ်ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဖြန့်ကြက်နိုင်စွမ်းရှိရေး ကြိုးပမ်းဆောင်ရွက်ရန် အာကာသဆိုင်ရာ လုံခြုံရေးနည်းဗျူဟာအသစ်တွင် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## အွန်လိုင်းမူပိုင်ခွင့်ချိုးဖောက်မှုများကို တရုတ်အာဏာပိုင်များ ထိရောက်စွာနှိမ်နင်းမည်

**ပေကျင်း ဇွန် ၁၈**

တရုတ်အာဏာပိုင်များသည် အွန်လိုင်းမူပိုင်ခွင့်ချိုးဖောက်မှုများနှင့် မူပိုင်ခွင့်ထိပါးနှောင့်ယှက်မှုများကို နှိမ်နင်းရန် တစ်နိုင်ငံလုံးအဆင့် လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြလိုက်သည်။

အဆိုပါလှုပ်ရှားဆောင်ရွက်မှုများကို အမျိုးသားမူပိုင်ခွင့်စီမံခန့်ခွဲရေးအဖွဲ့နှင့် ဝန်ကြီးဌာနများပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ် ဇွန်လမှ အောက်တိုဘာလအထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့လှုပ်ရှားဆောင်ရွက်မှုများအတွင်း ဥပဒေစိုးမိုးရေးဌာနများကလည်း ရုပ်ရှင်များ၊ ဇာတ်လမ်းတိုများ၊ တခြားမီဒီယာအသုံးပြုတင်ဆက်မှုများအပါအဝင် ရုပ်သံဖန်တီးမှုများအပေါ် မူပိုင်ခွင့် ချိုးဖောက်မှုများအပေါ် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ပြန်သော ကြေညာချက်တွင် ပြောကြားလိုက်သည်။ အွန်လိုင်းအသုံးပြုကုန်သွယ်ရေးဆိုင်ရာမူဝါဒများကိုလည်း စိစစ်သွားမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ခိုးကူးစာအုပ်များ၊ ရုပ်သံဖန်တီးမှုများနှင့် တခြားတရားမဝင်နည်းလမ်းဖြင့် စာအုပ်စာတမ်းများကို အွန်လိုင်းမှတစ်ဆင့် ရောင်းချမှုများကိုလည်း ထိရောက်စွာတားဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ လူမှုမီဒီယာချိတ်ဆက်ဆောင်ရွက်မှုဆိုင်ရာ မူဝါဒများနှင့် အွန်လိုင်းသင်ကြားခြင်းတွင်လည်း မူပိုင်ခွင့်ဆိုင်ရာ ချိုးဖောက်မှုများကို သက်ဆိုင်သူများက စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ အွန်လိုင်းမူပိုင်ခွင့်ချိုးဖောက်မှုများနှင့် မူပိုင်ခွင့်ထိပါးနှောင့်ယှက်မှုများကို တစ်နိုင်ငံလုံးအဆင့် နှိမ်နင်းဆောင်ရွက်လျက်ရှိပြီး ယင်းကဲ့သို့ဆောင်ရွက်မှုများပြုလုပ်ခဲ့သည်မှာ ၂၀၀၅ ခုနှစ်ကတည်းကဖြစ်သည်။

**ဆင်ဟွာ**

## ကမ္ဘာတစ်ဝန်း၌ နေအိမ်စွန့်ခွာထွက်ပြေးနေရသည့် ပြည်သူ သန်း ၈၀ နီးပါးရှိကြောင်း ကုလသမဂ္ဂဖော်ပြ

**ဂျီနီဗာ ဇွန် ၁၈**

ပဋိပက္ခဖြစ်ပွားမှု၊ အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် နေအိမ်စွန့်ခွာထွက်ပြေးနေကြရသည့် ပြည်သူ သန်း ၈၀ နီးပါးရှိကြောင်း ကုလသမဂ္ဂက ဇွန် ၁၈ ရက်တွင် ပြောကြားခဲ့သည်။ ယင်းပမာဏသည် ဆယ်စုနှစ်တစ်ခုအတွင်း ကမ္ဘာတစ်ဝန်းရှိ နေအိမ်စွန့်ခွာထွက်ပြေးသူအရေအတွက်၏ နှစ်ဆနီးပါးဖြစ်လာခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာပေါ်ရှိ ပြည်သူ ၉၇ ဦးလျှင် တစ်ဦးမှာ နေအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက သတင်း ဖော်ပြခဲ့ပြီး ဆီးရီးယားနှင့် ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံများကဲ့သို့ နေရာများတွင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးရမှုများကို အလေးပေးဖော်ပြခဲ့သည်။

စစ်ပွဲများ၊ အနိုင်ကျင့်နှိပ်စက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အခြားသော ပဋိပက္ခအမျိုးမျိုးကြောင့် ကမ္ဘာပေါ်ရှိ လူဦးရေ၏ ၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ နေအိမ်များဆီ ပြန်မသွားနိုင်တော့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီမှ အကြီးအကဲ ဖိလစ်ပိုဂရန်ဒီက အေအက်ဖ်ပီသို့ ဖြေကြားခဲ့သည်။

**အေအက်ဖ်ပီ**



# အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် အာရှတိုက်တွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်မှု စံချိန်တင်၍ ဩစတြေးလျနယ်စပ်များ ပြန်ဖွင့်မည့်အခြေအနေမရှိ

**ပေကျင်း ဇွန် ၁၈**

အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ဇွန် ၁၇ ရက်က ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ အာရှ-ပစိဖိတ်ဒေသတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ဆက်လက်ဖြစ်ပေါ်နေသေးသည့်အတွက် ဩစတြေးလျ ခရီးသွားလာရေးဝန်ကြီးကလည်း ယခု ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာခရီးသွားများအတွက် နယ်စပ်များကို ပြန်ဖွင့်ပေးရန် မဖြစ်နိုင်သေးကြောင်း ပြောကြားလိုက်သည်။

### အိန္ဒိယ

အိန္ဒိယနိုင်ငံတစ်ဝန်း စုစုပေါင်းသေဆုံးမှု ၁၁၉၀၃ ဦးအထိ မြင့်တက်လာပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၃၅၀၀၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များအရ သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူပေါင်း ၂၀၀၃ ဦးရှိခဲ့ပြီး ထပ်မံကူးစက်ခံရသူပေါင်း ၁၀၉၇၄ ဦးရှိကြောင်း သိရသည်။

အဆိုပါပမာဏသည် ယခုအချိန်အထိ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

### ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မတ် ၈ ရက်၌ ပထမဆုံး ကိုဗစ်-၁၉ စတင်တွေ့ရှိကတည်းက ယခုအချိန်အထိ တစ်ရက်အတွင်း ကိုဗစ်-၁၉ အများဆုံးကူးစက်သည့်နေ့တစ်နေ့ဖြစ်ခဲ့ကာ တစ်ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၄၀၀၀ ကျော်ရှိခဲ့သည်။

အဆင့်မြင့်ကျန်းမာရေးအရာရှိတစ်ဦးက အွန်လိုင်းအစည်းအဝေးတစ်ခုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံတွေ့ရှိသူပေါင်း ၄၀၀၈ ဦးရှိခဲ့ပြီး သေဆုံးသူပေါင်း ၄၃ ဦးရှိကြောင်း ပြောကြားသည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင်လည်း တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၃၁ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၁၄၃၁ ဦးရှိခဲ့ကာ တစ်ရက်အတွင်း သေဆုံးသူ ၄၅ ဦးအပါအဝင် စုစုပေါင်းသေဆုံးသူ ၂၂၇၆ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးဖြစ်သူ အာချ်မက်ယူရီရန်တိုက သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

### ဩစတြေးလျ

ထို့အတူ ဩစတြေးလျခရီးသွားလာရေးဝန်ကြီးက နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်စပ်များကို ၂၀၂၀ ပြည့်နှစ်တွင် ပြန်လည်ဖွင့်လှစ်ပေးရန် ဖြစ်နိုင်ခြေမရှိသေးကြောင်း ပြောကြားခဲ့သည်။ ကုန်သွယ်ရေး၊ ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံရေးဝန်ကြီး ဆိုင်မွန် ဘာမင်ဂန်က နယ်စပ်ပိတ်ထားမှုများသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို အောင်မြင်စွာ တားဆီးရာတွင် ဩစတြေးလျနိုင်ငံအတွက် အရေးပါကြောင်း ပြောကြားသည်။


ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင်လည်း တစ်လကျော်ကာလအတွင်း တစ်နေ့တည်း ၁၂ ဦး ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရပြီး ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံးနေ့အဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဇွန် ၁၇ ရက် မွန်းလွဲပိုင်းမှစကာ စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူအရေအတွက်သည် ၁၇၆၂ ဦးရှိကြောင်း သိရသည်။

### အာဖဂန်နစ္စတန်

ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၅၆၄ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်သည် ၂၆၈၇၄ ဦးရှိလာကြောင်း သိရသည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၅၇ ဦးရှိကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရမှုသည် ၂၇၂၃၈ ဦး အထိမြင့်တက်လာခဲ့သည်။




အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကို ထိရောက်စွာ ကာကွယ်လမ်းညွှန်ဆိုင်းဘုတ်အနီး လူတစ်ဦးဖြတ်လျှောက်သွားသည်ကို တွေ့ရစဉ်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင်လည်း နောက်ထပ် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၃ ဦးရှိကြောင်း ဖော်ပြလိုက်သည့်အတွက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရမှုသည် ၁၂၁၉၈ ဦးအထိမြင့်တက်လာခဲ့သည်။ တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၀ ကျော်သည် လေးရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသည့်အရေအတွက်ထက် ပိုမိုများပြားလာပြီး စုစုပေါင်း သေဆုံးသူမှာ ယခုဆိုလျှင် ၂၇၉ ဦးအထိ မြင့်တက်လာပြီဖြစ်သည်။

### နယူးဇီလန်

နယူးဇီလန်နိုင်ငံတွင်လည်း ၂၄ ရက်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း နှစ်ဦးရှိကြောင်း ဇွန် ၁၆ ရက်က ပထမဆုံး ထပ်မံဖော်ပြလာပြီးနောက်ပိုင်းတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူအရေအတွက်ကို ယခုအချိန်အထိ ထပ်မံဖော်ပြမှုပြုခြင်းမတွေ့ရသေးပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ပေးပို့လိုက်သော ကိုဗစ်-၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာစာရင်းဖြစ်သည့် ၁၁၅၆ ဦးအပါအဝင် စုစုပေါင်းလက်ရှိ ကိုဗစ်-၁၉ ဖြစ်နိုင်သော လူနာစာရင်းသည် ၁၅၀၆ ဦး ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ပေကျင်းအာဏာပိုင်များ ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုကို ထိန်းချုပ်ရန် ဆောင်ရွက်

**ပေကျင်း ဇွန် ၁၈**

ပေကျင်းသည် ကိုဗစ်-၁၉ ကို ကာကွယ်၊ ထိန်းချုပ်နိုင်ရန် ၎င်း၏ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက်ကိုအဆင့် ၃ မှ အဆင့် ၂ သို့ (အဆင့်လေးဆင့်ရှိသည့် အနက် ဒုတိယအမြင့်ဆုံးအဆင့်) သို့ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ဇွန် ၁၁ ရက်မှ ၁၆ ရက်အထိ ပေကျင်းတွင် နိုင်ငံခြားပြန်များမှမဟုတ်ဘဲ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်မှု ၁၃၇ ဦးရှိကြောင်း၊ ကူးစက်မှုအများစုမှာ လယ်ယာထွက်ကုန်များ ရောင်းချသော လက်ကားဈေးကြီးနှင့် ဆက်စပ်မှုရှိကြောင်း သိရသည်။ အဆိုပါဈေးသည် ပေကျင်းမြို့တော် ဖန်တိုင်းဒေသတွင် ရှိသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ရေး ဆောင်ရွက်ချက်များကိုလည်း ဆောင်ရွက်ခဲ့သည်။



ပေကျင်းအပြာရောင်ကောင်းကင်လူမှုကူညီရေးအဖွဲ့မှ အဖွဲ့ဝင်များက ပေကျင်းမြို့တော်ရှိ လက်ကားဈေးကြီးဖြစ်သော ယွီဂယ်ကျောင်ဈေးကြီးကို ဇွန် ၁၆ ရက်က ပိုးသတ်ဆေးများဖျန်းနေစဉ်။

အဆိုပါ ဆောင်ရွက်ချက်များတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနေရာများကို အသွားအလာ ကန့်သတ်ထိန်းချုပ်ခြင်းများ ပါဝင်သည်။ ပေကျင်းနှင့် ဆက်စပ်လျက်ရှိသော တစ်ကျော့ပြန် ဖြစ်ပွားလာသော ကိုဗစ်-၁၉ ဖြစ်စဉ်အတော်များများကို တခြားပြည်နယ် အနည်းငယ်တွင်လည်း တွေ့ရှိရကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၅၇ ရက်ဆက်တိုက် ကိုဗစ်-၁၉ ဖြစ်စဉ် ဖြစ်ပွားခြင်းမရှိဘဲ ရုတ်တရက် တစ်ကျော့ပြန် ကူးစက်ဖြစ်ပွားလာခြင်းဖြစ်သည်။ ပေကျင်း ကူးစက်ရောဂါအခြေအနေသည် စိုးရိမ်ဖွယ်အခြေအနေရှိနေသေးကြောင်းနှင့် မကြာသေးမီရက်များအတွင်း ပေကျင်းမြို့တော်တွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ခံရမှုအခြေအနေမှာ မြင့်တက်လာကြောင်း ပေကျင်းမြို့တော်အစိုးရ ဒုတိယအတွင်းရေးမှူးချုပ် ချန်ဘေက ဇွန် ၁၇ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

ဇွန် ၁၇ ရက်က ကျင်းပသော မြို့တော်၏ ပါတီခေါင်းဆောင်ပိုင်း အစည်းအဝေးတွင် ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်ရန် ပိုမိုပြတ်သားပြီး တိကျသည့်ဆောင်ရွက်ချက်များ ပြုလုပ်ရန်၊ ဗိုင်းရပ်စ်ရှိ၊ မရှိ စစ်ဆေးမှုများ ပိုမိုဆောင်ရွက်ရန်၊ ကူးစက်မှုဆိုင်ရာ စုံစမ်းလေ့လာမှုများပြုလုပ်ရန်၊ မူလဇာစ်မြစ်ကို ခြေရာခံနိုင်ရေးများ ဆောင်ရွက်ရန်၊ ကူးစက်ရောဂါပျံ့နှံ့နိုင်သည့် လမ်းကြောင်းများအားလုံးပိတ်ဆို့ရန်နှင့် အခြေအနေကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးများကို ဆွေးနွေးကြသည်။ အဆိုပါ အစည်းအဝေးကို မြို့တော်၏ ပါတီအကြီးအကဲကိုင်ချီက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားကိုယ်စားလှယ်ကို မြောက်ကိုရီးယားပယ်ချ

**ပြုံယမ်း ဇွန် ၁၈**

တောင်နှင့်မြောက်နှစ်နိုင်ငံအကြား တင်းမာမှုများကို လျှော့ချရေးအတွက် တောင်ကိုရီးယားသမ္မတ၏ ကိုယ်စားလှယ်တစ်ဦးကို ပြုံယမ်းမြို့သို့ စေလွှတ်ရေး တောင်ကိုရီးယားနိုင်ငံ၏ အဆိုပြုချက်ကို မြောက်ကိုရီးယားနိုင်ငံက ပယ်ချခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံအနောက်တောင်ပိုင်း ကေဆောင်းမြို့ရှိ ဆက်ဆံရေးရုံးကို မြောက်ကိုရီးယားက အင်္ဂါနေ့တွင် ဖျက်ဆီးလိုက်ပြီး တစ်ရက်အကြာတွင် ယခုလို လုပ်ဆောင်ချက်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါရုံးကို ကိုရီးယားနှစ်နိုင်ငံအကြား ပြန်လည်ပေါင်းစည်းရေးသင်္ကေတအဖြစ် ရှုမြင်ကြသည်။ တောင်ကိုရီးယားသို့ ထွက်ပြေးလာသူများက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအား ပြစ်တင်ရှုတ်ချထားသည့် လက်ကမ်းစာစောင်များကို လွန်ခဲ့သောလက မိုးပျံပူဖောင်းများတွင် ချိတ်ဆွဲကာ လွှတ်တင်ခဲ့သည့်အတွက် နှစ်နိုင်ငံအကြား တင်းမာမှုများမြင့်တက်လာခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားက တန်ပြန်အရေးယူမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တောင်ကိုရီးယားနှင့်ပတ်သက်သည့် မူဝါဒများကို ကင်ဂျုံအန်း၏ညီမ ကင်ယိုဂျုံးက စောင့်ကြည့်လုပ်ကိုင်ရပြီး တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံလုံခြုံရေးဆိုင်ရာ ညွှန်ကြားရေးမှူးချောင်ဝေးယောင်ကို စေလွှတ်ရန် ရည်ရွယ်ထားကြောင်း မြောက်ကိုရီးယားနိုင်ငံကို တနင်္လာနေ့က အသိပေးခဲ့သည့်အကြောင်းပါဝင်သည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအဆိုပြုချက်သည် မရိုးသားဟုဆိုကာ ရှုတ်ချထားပြီး လျှို့ဝှက်လုပ်ရပ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ တောင်ကိုရီးယားသမ္မတရုံးက ဇွန် ၁၇ ရက်က အရေးပေါ်ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အလွန်ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ခြောက်ဦး ထပ်မံပေါ်ထွက်

**ဘန်ကောက် ဇွန် ၁၈**

ထိုင်းနိုင်ငံ၌ ဇွန် ၁၈ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ခြောက်ဦး ထပ်မံပေါ်ထွက်လာခဲ့ပြီး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၃၁၄၁ ဦးဖြစ်လာခဲ့ကြောင်းသိရသည်။သို့ရာတွင် ရောဂါကူးစက်မှုကြောင့် နောက်ထပ်သေဆုံးသူမရှိသေးသည့်အတွက် သေဆုံးသူ အရေအတွက်မှာ ၅၈ ဦးတွင် ဆက်လက်ရပ်တန့်နေဆဲဖြစ်သည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ် ကိုဗစ်-၁၉ လူနာတစ်ဦး ပြန်လည်ကျန်းမာလာပြီး ဆေးရုံ၌ တက်ရောက်နေသူ ၈၆ ဦး ကျန်ရှိကြောင်းသိရသည်။ ရောဂါကူးစက်ခံရသူ ခြောက်ဦးစလုံးမှာ ပြည်ပမှ ကူးစက်ခံရသူများဖြစ်ကြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေ စီမံခန့်ခွဲရေးဌာနပြောရေးဆိုခွင့်ရှိသူ ပန်ပရာပါ ရန်ထရာကာလ်က ပြောကြားသည်။

နောက်ထပ်ရောဂါကူးစက်ခံရသူများအနက် ငါးဦးမှာ ထိုင်းနိုင်ငံသားများဖြစ်ကြပြီး ပြီးခဲ့သည့် ရက်သတ္တပတ်က ဆော်ဒီအာရေဗျနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပြန်ရောက်လာကြသူများဖြစ်ကြောင်း ဒေါက်တာ ပန်ပရာပါ ရန်ထရာကာလ်က ပြောသည်။ နောက်တစ်ဦးမှာ ဇွန်၁၅ ရက်က အိန္ဒိယနိုင်ငံမှ ပြန်လာသည့် ထိုင်းနိုင်ငံသားဖြစ်ကြောင်း သိရသည်။

**ဘန်ကောက်ပို့စ်**

## နိုင်ငံတကာ သတင်းတိုထွာ

### ပြင်သစ် အိုးပင်း တင်းနစ်ပြိုင်ပွဲကြီးကို စက်တင်ဘာ ၂၇ ရက်တွင် ပြန်လည်စတင်မည်

**ပါရီ ဇွန် ၁၈**

ရွှေ့ဆိုင်းထားရသည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲကြီးကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၁ ရက် အထိ ကျင်းပမည်ဟု သိရသည်။

မေ ၂၄ ရက်တွင် ပြိုင်ပွဲစတင်ရန် မူလကသတ်မှတ်ထားခဲ့သော်လည်း ကိုဗစ် -၁၉ ကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ပြင်သစ်တင်းနစ်အဖွဲ့ချုပ်က အားကစားရုံအတွင်း လူများ၏ ကျန်းမာရေး လုံခြုံစိတ်ချရစေရေးအတွက် အစိုးရနှင့် ပူးပေါင်းကာ လိုအပ်သည့်ပြင်ဆင်မှုများ လုပ်ဆောင်သွားမည်ဟု ၎င်းတို့၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ရေးသားထားသည်။ နောက်ထပ်ဖြစ်နိုင်ခြေရှိသည့် အလားအလာများကိုလည်း ပြင်သစ်တင်းနစ်အဖွဲ့ချုပ်က ထည့်သွင်းစဉ်းစားထားသော်လည်း အားကစားရုံအတွင်း ပွဲကြည့်ပရိသတ် လက်ခံမည်ဟုတ် မဟုတ်ကိုမူ မသိရသေးပေ။ အီတလီနိုင်ငံတွင်လည်း အမျိုးသမီးအပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲကို ပွဲကြည့်ပရိသတ်မပါဘဲ ဩဂုတ် ၇ ရက်တွင် ကျင်းပမည်ဟု သိရသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အမျိုးသား နယ်လှည့်ယှဉ်ပြိုင်ပွဲကိုလည်း အမေရိကန်ပြည်ထောင်စု၌ ဩဂုတ် ၁၄ ရက်တွင် ပွဲကြည့်ပရိသတ်မပါဘဲ သို့မဟုတ် ပုံမှန်ထက်နည်းသည့် ပွဲကြည့်ပရိသတ် ပမာဏဖြင့် ကျင်းပမည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

### တောင်အာဖရိကတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၈၀၀၀၀ ကျော်လွန်လာ

**ကိပ်တောင်း ဇွန် ၁၈**

တောင်အာဖရိကတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ မတ်လအတွင်းမှစ၍ ကူးစက်ခံရသူပေါင်း ၈၀၄၁၂ ဦးရှိကာ ၁၆၇၀ သေဆုံးခဲ့ပြီး ဖြစ်ကြောင်း တောင်အာဖရိကသမ္မတ စီရယ် ရာမာဖိုဆာက ပြောသည်။

တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၄၄၃၃၁ ဦးရှိသဖြင့် ရောဂါကူးစက်ခံရသူများတွင် ၅၅ ရာခိုင်နှုန်း ပြန်လည်ကျန်းမာလာပြီဟု ရာမာဖိုဆာက ရုပ်သံမှတစ်ဆင့် မိန့်ခွန်းပြောကြားခဲ့သည်။ တိုင်းပြည်အနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများ ပြုလုပ်ထားသော်လည်း ဗိုင်းရပ်စ်နှိမ်နင်းရေးတွင် အောင်မြင်မှုရရန် ကြန့်ကြာနေသေးကြောင်း ၎င်းကပြောကြားသည်။ အသွားအလာပိတ်ဆို့ကန့်သတ် ထားစဉ်အတွင်း ကျန်းမာရေးစနစ်ကို အဆင့်မြှင့်တင်ပြင်ဆင်ခဲ့ပြီး လူထုအတွင်း ကူးစက်မှု နည်းနိုင်သမျှနည်းအောင် လုပ်ဆောင်ခဲ့ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်း တိုင်းပြည်အတွင်း ကူးစက်မှုနှုန်းမှာ လျင်လျင်မြန်မြန် တိုးမြင့်သွားကြောင်းလည်း ၎င်းကပြောသည်။

ဆင်ဟွာ

# ကပ်ရောဂါဆိုတာ သဘာဝပတ်ဝန်းကျင်ဖျက်ဆီးခံရမှုရဲ့ အကျိုးဆက်လေလား

ခြူးစန္ဒီနွေး

ကိုဗစ် -၁၉ ဗိုင်းရပ်စ်ကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါတွေဟာ လူသားတွေ သဘာဝတရားကို နှောင့်ယှက်ဖျက်ဆီးမှုကြောင့် ဖြစ်ပေါ် လာရတဲ့ ရလဒ်တွေပဲဖြစ်တယ်လို့ ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (WWF)တို့က ပြောပါတယ်။

ဒါပေမယ့်လည်း ကမ္ဘာကြီးကတော့ သဘာဝအလှတရားတွေ နှောင့်ယှက်ဖျက်ဆီးခံနေရတဲ့ဖြစ်ရပ်ကို ဆယ်စုနှစ်များစွာကြာအောင်မသိမသာနဲ့လျစ်လျူရှုခဲ့တယ်လို့ ဆက်လက်ပြောကြားခဲ့ပါတယ်။ တရားမဝင် တောရိုင်းတိရစ္ဆာန်ရောင်းဝယ်ဖောက်ကားမှုနဲ့ သစ်တောများဖျက်ဆီးခံရခြင်း၊ တောရိုင်းတိရစ္ဆာန်တွေ ကျင်လည်ကျက်စားရာနေရာတွေ ဖျက်ဆီးခံရခြင်းတို့ဟာ တောရိုင်းတိရစ္ဆာန်တွေဆီကနေ လူတွေဆီကို ရောဂါကူးစက်စေတဲ့ နောက်ကွယ်ကအကြောင်းတရားတွေ ဖြစ်ခဲ့ပါတယ်လို့ ကုလသမဂ္ဂနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က သည်ဂါဒီးယန်းကို ပြောပါတယ်။

## ကိုဗစ် -၁၉ ၏ သတိပေးချက်

သဘာဝတရားနဲ့ လူသားတွေဆက်ဆံရေး ပြိုပျက်နေတာကိုပြင်ဆင်ဖို့အတွက် ကိုဗစ်-၁၉ ရောဂါက သတိပေးနေတာပါ။ ကိုဗစ် -၁၉ ရောဂါကနေ ကမ္ဘာကြီးစိမ်းစိမ်းစိုစိုနဲ့ အမြန်ပြန်လည်ကျန်းမာလာဖို့ လူတိုင်းလိုလားနေကြပြီး အထူးသဖြင့် သဘာဝတရားကိုဖျက်ဆီးနေတဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ၊ မသင့်လျော်တဲ့ စားသောက်နေထိုင်မှုပုံစံတွေကို ပြင်ဆင်ရမှာပါ။ အနာဂတ်မှာ (တောရိုင်းတိရစ္ဆာန်ကနေ လူကိုကူးစက်နိုင်တဲ့ ) ရောဂါသစ်တွေ ပေါ်ပေါက်လာနိုင်မှုအခြေအနေဟာ အမြဲလိုလို မြင့်မားနေဆဲပဲလို့ WWF အဖွဲ့က ဇွန် ၁၇ ရက်မှာ ပြောကြားပါတယ်။

## နောက်ထပ်ကပ်ရောဂါတွေဖြစ်လာနိုင်

အဲဒီရောဂါတွေဟာ ကျန်းမာရေးထိခိုက်ရုံသာမက စီးပွားရေးနဲ့ ကမ္ဘာ့လုံခြုံရေးတို့ကိုပါ ခြိမ်းခြောက်ဖျက်ဆီးနိုင်တဲ့ အလားအလာတွေ ရှိနေပါတယ်။ ဘရက်ဆစ်ကာလနှောင်းပိုင်းစာချုပ်မှာလည်း ဗြိတိန်အနေနဲ့ သဘာဝတရားကို အကာအကွယ်ပေးဖို့ ပျက်ကွက်ခဲ့မယ်ဆိုရင် နောက်ထပ်ကပ်ရောဂါတွေဆိုတာလည်း ဖြစ်ပွားလာနိုင်တယ်လို့ ဗြိတိန်မှာရှိတဲ့ WWF အဖွဲ့ခေါင်းဆောင်က ပြောပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သဘာဝပတ်ဝန်းကျင် ဖျက်ဆီးနေမှုတွေ အလျင်အမြန် မရပ်တန့်နိုင်ဘူးဆိုရင်တော့အနာဂတ်ကာလမှာ အခုလက်ရှိကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ပိုမိုကြောက်စရာကောင်းတဲ့ ဗိုင်းရပ်စ်တွေဖြစ်ပေါ်လာနိုင်တယ်လို့ ဇီဝမျိုးကွဲဆိုင်ရာပညာရှင်တွေက ပြောကြားခဲ့ပါတယ်။

## ငြင်းလို့မရတဲ့အချက်

ဇွန်လအစောပိုင်းကလည်း ကိုဗစ် -၁၉ ဟာ လူတွေရဲ့ လုပ်ငန်းတွေအတွက် အဓိကအချက်ပြမှုတစ်ခုလို့ ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြီးအကဲနဲ့ စီးပွားရေးပညာရှင်အဖွဲ့ခေါင်းဆောင်တို့က ပြောကြားခဲ့ကြပါတယ်။ လူသားတွေရဲ့ ချမ်းသာကြွယ်ဝမှုဟာ သဘာဝတရားရဲ့ကျန်းမာရေးနဲ့ ဆက်စပ်နေတယ်ဆိုတာ ငြင်းလို့မရဘူးလို့ ပြောခဲ့ကြပါတယ်။ "ကျွန်တော်တို့ဟာ ရောဂါတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ရဖူးပါ



အမေဇုန်မိုးသစ်တောအတွင်း မီးရှို့ခံထားရသည်ကို တွေ့ရစဉ်။

တယ်။ ဥပမာအားဖြင့် ဇီကာ၊ အေအိုင်ဒီအက်စ်၊ ဆားစ်နဲ့ အီဘိုလာတို့ဟာ ဆိုးရွားလှတဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအောက်က တောရိုင်းတိရစ္ဆာန်တွေဆီက အစပြုလာတာပဲဖြစ်တယ်လို့ ကုလသမဂ္ဂ ဇီဝမျိုးကွဲဆိုင်ရာညီလာခံမှ အကြီးအကဲဖြစ်သူ အဲလစ်ဇဘတ် မာရူမာ မရီမာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာညွှန်ကြားရေးမှူး မာရီယာနိုင်ရာနဲ့ အပြည်ပြည်ဆိုင်ရာ WWF အဖွဲ့ ခေါင်းဆောင်မာကိုလန်ဘာတင်နီတို့က ပြောပါတယ်။

## လူတွေရဲ့ကျန်းမာရေးကိုခြိမ်းခြောက်

ကိုဗစ်-၁၉ ဟာ သဘာဝတရားနဲ့ လူတွေအကြား ဆက်ဆံရေး ကြောက်မက်ဖွယ်ကောင်းအောင် ပျက်စီးယိုယွင်းနေတယ်ဆိုတာကို ကိုယ်ထင်ပြလိုက်တာပဲလို့ သူတို့ကဆက်ပြောပါတယ်။ လူတွေကိုယ်တိုင်ပြုလုပ်လိုက်တဲ့ သဘာဝတရားကို ပျက်စီးစေတဲ့အပြုအမူတွေဟာ လူတွေရဲ့ကျန်းမာရေးကို လာပြီး ခြိမ်းခြောက်စေတာပဲလို့ ဆက်ပြောကြပါတယ်။ ကိုဗစ်-၁၉ ကြောင့် သဘာဝတရားကို ထိန်းသိမ်းကာကွယ်ဖို့ နောက်ထပ်အကြောင်းပြချက်တွေ ရလာပါတယ်။

## ရန်ပုံငွေတွေဖြတ်တောက်ခံရ

မဲခေါင်ဒေသ၊ အမေဇုန်သစ်တောနဲ့ မာဒါဂတ်စကာနိုင်ငံတို့မှာ တရားမဝင်သစ်ထုတ်လုပ်မှုတွေ၊ တောမီးရှို့မှုတွေနဲ့ပတ်သက်ပြီးအစီရင်ခံမှုတွေကိုလည်း ကြားသိနေရပါတယ်။ အချို့သောနိုင်ငံတွေဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် ရန်ပုံငွေတွေကို အလျင်စလိုပဲ လျှော့ချတာ၊ ဖြတ်တောက်တာတွေ ပြုလုပ်နေကြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် အလိုအပ်ဆုံးဖြစ်နေတဲ့အချိန်မှာ ရန်ပုံငွေဖြတ်တောက်ခံရတာမျိုးဖြစ်နေပါတယ်။ WWF အဖွဲ့တော့ တောရိုင်းတိရစ္ဆာန်တွေဆီကနေ လူသားတွေဆီ ရောဂါကူးစက်စေတဲ့ အဓိကအကြောင်းရင်းကတော့ သဘာဝပတ်ဝန်းကျင်ဖျက်ဆီးခံရလို့ပဲလို့ ပြောကြားခဲ့ပါတယ်။

## ထိန်းချုပ်မှုတွေလုပ်ဆောင်သင့်

စိုက်ပျိုးရေးနဲ့ မွေးမြူရေးတို့ကို အဆမတန်တိုးချဲ့လုပ်ဆောင်လာခြင်း၊ အန္တရာယ်ကြီးတဲ့ တောရိုင်းတိရစ္ဆာန်တွေကို ရောင်းဝယ်ဖောက်ကားခြင်းနဲ့ စားသုံးခြင်းတို့ကြောင့်ပဲလို့ ပြောကြားခဲ့ပါတယ်။ အစိုးရတိုင်း၊ အစိုးရတိုင်းအနေနဲ့လည်း သဘာဝတရားကို ဖျက်ဆီးစေတဲ့အရာတွေအတွက် တရားဥပဒေနဲ့ထိန်းချုပ်သွားဖို့ လူသားတွေအနေနဲ့လည်း သင့်လျော်တဲ့စားသောက်နေထိုင်မှုပုံစံနဲ့သာ စားသောက်ကြဖို့ ထိန်းချုပ်မှုတွေလုပ်ဆောင်သင့်တယ်လို့ WWF အဖွဲ့က တိုက်တွန်းထားပါတယ်။

## တောရိုင်းတိရစ္ဆာန်တွေဆီကကူးစက်

နွားမွေးမြူရေး၊ စားအုန်းဆီနဲ့ ပဲပုပ်စိုက်ပျိုးခြင်းတို့ဟာ သစ်တောပြုန်းတီးမှုကိုဖြစ်စေတဲ့အရာတွေနဲ့ ဆက်စပ်နေပါတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို လျှော့ချဖို့အတွက်ဆိုရင် အသားနဲ့နို့ထွက်ပစ္စည်းတွေကို ရှောင်ကြဉ်ခြင်းဟာ အဓိကနည်းလမ်းတစ်ခုပဲလို့ သိပ္ပံပညာရှင်တွေက ပြောပါတယ်။ WWF အဖွဲ့ရဲ့ အစီရင်ခံစာအရ ၁၉၉၀ ပြည့်နှစ်ကစလို့ လူတွေမှာ ဖြစ်ပေါ်လာတဲ့ ရောဂါသစ်တွေရဲ့ ၆၀ ရာခိုင်နှုန်း ဒါမှမဟုတ် ၇၀ ရာခိုင်နှုန်းဟာ တောရိုင်းတိရစ္ဆာန်တွေဆီကနေ လာတာပါလို့ ဖော်ပြထားပါတယ်။ အဲဒီအချိန်ကာလအတောအတွင်းမှာပဲ ဗြိတိန်နိုင်ငံထက် ခုနစ်ဆနီးပါးလောက်ရှိတဲ့ သစ်တောတွေလည်း ခုတ်ထွင်ရှင်းလင်းခြင်းခံထားရတယ်လို့ ဆက်လက်ဖော်ပြထားပါတယ်။

## သဘာဝပတ်ဝန်းကျင်နဲ့ လူသားဆက်စပ်မှု

သဘာဝပတ်ဝန်းကျင်ဖျက်ဆီးခံရမှုနဲ့ လူသားတွေရဲ့ကျန်းမာရေး ဆက်စပ်မှုရှိတယ်ဆိုတာကို အသိအမှတ်ပြုရပါမယ်။ ဒါကို လက်မခံနိုင်ဘူးဆိုရင် နောက်ထပ်ကမ္ဘာ့ကပ်ရောဂါ ထပ်မံကြုံတွေ့နိုင်တယ်လို့ WWF အဖွဲ့မှ လန်ဘာတင်နီက ပြောပါတယ်။ "ဘာမှငြင်းခုံနေစရာမလိုပါဘူး။ သိပ္ပံက ရှင်းရှင်းလေးပါပဲ။ သဘာဝတရားကိုလူသားတွေဆန့်ကျင်လို့မရဘူး။ သဘာဝအရင်းအမြစ်တွေကို အဆမတန်ထုတ်ယူသုံးစွဲမယ်ဆိုရင် လူသားတွေအားလုံးအတွက် အန္တရာယ်ကြီးတဲ့အရာတွေဖြစ်လာမှာပဲ" လို့ သူကဆက်ပြောပါတယ်။

## သဘာဝပတ်ဝန်းကျင်တစ်ခုလုံးအနားရ

ကိုဗစ် -၁၉ ကူးစက်ခံရမှာကြောက်တာကြောင့် လူတွေအိမ်ထဲမှာပဲနေစဉ်ကာလအတွင်းမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးတွေရရှိခဲ့ပါတယ်။ ဥပမာအားဖြင့်ပြောရမယ်ဆိုရင် လေထုညစ်ညမ်းမှုလျော့ကျပြီး လေသန့်စင်သွားတာ။ ကာဗွန်ထုတ်လုပ်မှုလျော့ကျသွားတာနဲ့ သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံး အနားရသွားတာပါပဲ။ ။

ကိုးကား-သည်ဂါဒီးယန်း

> "သဘာဝတရားနဲ့ လူသားတွေဆက်ဆံရေးပြိုပျက်နေတာကို ပြင်ဆင်ဖို့အတွက် ကိုဗစ်-၁၉ ရောဂါက သတိပေးနေတာပါ။ ကိုဗစ် -၁၉ ရောဂါကနေ ကမ္ဘာကြီးစိမ်းစိမ်းစိုစိုနဲ့ အမြန်ပြန်လည်ကျန်းမာလာဖို့ လူတိုင်းလိုလားနေကြပြီး အထူးသဖြင့် သဘာဝတရားကိုဖျက်ဆီးနေတဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ၊ မသင့်လျော်တဲ့ စားသောက်နေထိုင်မှုပုံစံတွေကို ပြင်ဆင်ရမှာပါ။ အနာဂတ်မှာ (တောရိုင်းတိရစ္ဆာန်ကနေ လူကိုကူးစက်နိုင်တဲ့) ရောဂါသစ်တွေ ပေါ်ပေါက်လာနိုင်မှုအခြေအနေဟာ အမြဲလိုလို မြင့်မားနေဆဲပဲလို့ WWF အဖွဲ့က ဇွန် ၁၇ ရက်တွင် ပြောကြား"

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၁၇–၆–၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၆၅၉) ခုနှင့် ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် – ၁၀၀၀)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၂၃၅) ခုနှင့် စုစုပေါင်း (၈၉၄) ခုတွင်–

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရပါသည်။

၂။ (၁၈–၆–၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၃) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၇–၆–၂၀၂၀)ရက်နေ့တွင်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၀၅၂ )ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၅၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL–Mdy) မှ ဓာတ်ခွဲနမူနာ (၃၇၅) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် – ၁၀၀၀) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၁၂)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၂,၀၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၈–၆–၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၁၇–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၉) ခု |
| (၁၇–၆–၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် – ၁၀၀၀) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ | (၂၃၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၈–၆–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၂၆၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၈၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၈ -၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**
ဇယား -၁

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှုခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID - 19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 263 | ၁၇ နှစ် | မ | ဘူးသီးတောင်မြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-262 နှင့် ထိတွေ့မှုရှိ) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မောင်တောမြို့နယ်) |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၁၈–၆–၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၆၅၈)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၇၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၈၈) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင် ၁,၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၀၃)ခု

စုစုပေါင်း (၁,၆၅၉)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၈–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case- 133, 231) ထပ်မံထွက်ပေါ်လာသဖြင့် စုစုပေါင်း ပိုးကင်းစင်သူ (၁၈၇) ဦးရှိပြီး ၎င်းတို့အနက် (၁၇၂) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၇–၆–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၈–၆–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၈–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၈–၆–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၈) ခု |
| (၁၈–၆–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၀) ခု |
| (၁၈–၆–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၀) ခု |
| (၁၈–၆–၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ပထမအသုတ်)ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈)ခု |
| (၁၈–၆–၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁,၀၀၀)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၈–၆–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၆၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၁၈၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၈ ရက်နေ့၊ ၁၆:၃၀ နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် –

**COVID–19 ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၁၈–၆–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | ဦးတင်စိုး + ဒေါ်ခင်နှင်းခိုင်၊ ရန်ကုန် | 100.00 |
| ၂။ | ဒေါ်ခင်နှင်းခိုင်၊ ရန်ကုန် | 75.00 |
| ၃။ | ဦးအောင်သိန်း+ ဒေါ်ဝင်းကြည် ၊ လမ်းမတော် | 50.00 |
| ၄။ | Myanmar Chelsea Official Supporters Club | 20.00 |
| ၅။ | ဦးအုန်းမောင်(စစ်မှုထမ်းဟောင်း)၊ ရွှေပေါက္ကံ | 20.00 |
| ၆။ | ဒေါက်တာလှဲ့လှဲ့ဝင်း၊ အင်းစိန် | 10.00 |
| ၇။ | Kyu Kyu Win & Associates Services Co.,ltd (Audit Firm) | 10.00 |
| ၈။ | ဦးစိုးနောင်ခိုင်၊ ရန်ကုန် | 10.00 |
| ၉။ | ဦးဌေးလှိုင်၊ ရန်ကုန် | 5.00 |
| ၁၀။ | ဦးဝင်းငွေ၊ MD, Myanma Ocean Win Services Co.ltd | 5.00 |
| ၁၁။ | ဦးကိုကိုသန်းအားရည်စူး၍ ဒေါ်အေးအေးအောင်၊ သမီး ထားအိရွှေရည်၊ ဆုလှဲ့စန္ဒီ ၊ ရန်ကုန် | 3.00 |
| ၁၂။ | ဒေါက်တာမျိုးမောင်မောင်+ ဒေါက်တာနုနုလွင်၊ ကထိက၊ ဓာတုဗေဒဌာန၊ ဒဂုံတက္ကသိုလ် | 1.00 |
| | **စုစုပေါင်း** | **309.00** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက် အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့် ဗဟိုကော်မတီ**

# ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဒေသသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ပေးအပ်လှူဒါန်း

**တောင်ကြီး ဇွန် ၁၈**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနာယက၊ ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်း၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီဝင်များ၊ ပရဟိတအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဒေသသို့ သွားရောက်၍ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ ပေးအပ်လှူဒါန်းသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆိုက်ခေါင်ဒေသသို့ ရောက်ရှိပြီး ပါလောပါကယ်ကျေးရွာအုပ်စုအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိသော တံတားဦးရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်ရှိ အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်၊ ရိက္ခာထုပ်များနှင့် ငွေကျပ်သိန်း ၂၀ တို့ကို ထောက်ပံ့ပေးအပ် လှူဒါန်းသည်။ (ယာပုံ)

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့်အဖွဲ့ သည် ဆိုက်ခေါင်ကျေးရွာအတွင်းရှိ ပအိုဝ်းတိုင်းရင်းသားအခြေခံပြည်သူများအတွက် စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီနာယက၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ဆိုက်ခေါင်ကျေးရွာ အများပြည်သူသောက်သုံးရေကန်နှင့် ရေချိုးဆိပ်ပြုပြင် တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း ၁၅၀ ကို ထိုခရီးစဉ်တွင် ပေးအပ်လှူဒါန်းသည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်မှ မတည်ငွေကျပ်သိန်း ၁၀၀၀၀ နှင့် အများပြည်သူများ၏ လှူဒါန်းငွေများဖြင့် ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားပေါင်းစုံနေထိုင်ရာ ဒေသများသို့လည်းကောင်း၊ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်များအား စောင့်ကြည့်ရေးစခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများသို့ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို နေရာအရောက် ဆက်လက်ထောက်ပံ့ ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ယင်းကော်မတီမှ သိရသည်။




ကမ္ဘောဇဘဏ်သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အတွက် KBZ MS General Insurance ၊ KBZ Life၊ Myanmar Airways International–MAI နှင့် Air KBZ တို့နှင့်လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှစကာ ယနေ့အချိန်ထိ ငွေကျပ်သိန်းပေါင်း ၄၇၃၄၈ သိန်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**စိုးညွန့်ရွှေ (ပြန် /ဆက်)**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။


ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**




## COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာနေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဇွန် ၁၈ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၃ ဦး ရှိသွားပြီ

နေပြည်တော် ဇွန် ၁၈

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၆၃ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ တစ်ဦးမှာ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်မှဖြစ်ပြီး ပြည်ပခရီးသွားရာဇဝင် မရှိဘဲ လူနာအမှတ် ၂၆၂ နှင့် ထိတွေ့မှုရှိခဲ့သူဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၆၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၈၇ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၇၂ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၅၆၇၂၆ | ၂၆၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၈၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၆၂၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၇၂ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၀၁ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ပဲခူး | ၈ | ၁ |
| ၅ | ရခိုင် | ၉ | |
| ၆ | ရှမ်း(တောင်) | ၄ | |
| ၇ | မန္တလေး | ၃ | |
| ၈ | ရှမ်း(ရှေ့) | ၃ | |
| ၉ | ရှမ်း(မြောက်) | ၃ | |
| ၁၀ | မကွေး | ၃ | |
| ၁၁ | နေပြည်တော် | ၂ | |
| ၁၂ | ကရင် | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၂ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၆၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၈-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

### ၁၈-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၂၃၅၉၉၄ | ၉၁၈၇၉၆ | ၁၁၉၉၅၉ |
| ၂။ | ဘရာဇီး | ၉၆၀၃၀၉ | ၅၀၃၅၀၇ | ၄၆၆၆၅ |
| ၃။ | ရုရှား | ၅၆၁၀၉၁ | ၃၁၃၉၆၃ | ၇၆၆၀ |
| ၄။ | အိန္ဒိယ | ၃၆၈၇၀၅ | ၁၉၅၁၃၉ | ၁၂၂၈၀ |
| ၅။ | ဗြိတိန် | ၃၀၀၄၆၉ | စိစစ်ဆဲ | ၄၂၂၈၈ |
| ၆။ | စပိန် | ၂၉၁၇၆၃ | စိစစ်ဆဲ | ၂၇၁၃၆ |
| ၇။ | ပီရူး | ၂၄၀၉၀၈ | ၁၂၈၆၂၂ | ၇၂၅၇ |
| ၈။ | အီတလီ | ၂၃၇၈၂၈ | ၁၇၉၄၅၅ | ၃၄၄၄၈ |
| ၉။ | ချီလီ | ၂၂၀၆၂၈ | ၁၅၆၂၃၂ | ၃၆၁၅ |
| ၁၀။ | အီရန် | ၁၉၇၆၄၇ | ၁၅၆၉၉၁ | ၉၂၇၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ – ၆ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၇၆၂ | ၁၆၇၉၈ | ၂၃၃၉ |
| စင်ကာပူ | ၄၁၄၇၃ | ၃၁၉၃၈ | ၂၆ |
| ဖိလစ်ပိုင် | ၂၇၇၉၉ | ၇၀၉၀ | ၁၁၁၆ |
| မလေးရှား | ၈၅၂၉ | ၈၀၀၀ | ၁၂၁ |
| ထိုင်း | ၃၁၄၁ | ၂၉၉၇ | ၅၈ |
| ဗီယက်နမ် | ၃၄၂ | ၃၂၅ | ၀ |
| မြန်မာ | ၂၆၃ | ၁၈၇ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၉ | ၁၂၆ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် ဇွန် ၁၈

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center ဖုန်းနံပါတ်– (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## ကချင်ပြည်နယ်ရှိ IDP စခန်းများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မြို့သစ်ကြီးဂျန်မိုင်ကောင်း၊ ရွှေစက် နှစ်ခြင်းနှင့် မန်ခိန်နှစ်ခြင်း စသည့် IDP စခန်း သုံးခုသို့ သွားရောက်၍ ဆပ်ပြာ ၁၁၅၂ ခဲ သွားရောက်ထောက်ပံ့ခဲ့သည်။ (ယာပုံ)



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၁၈**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၁၃ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ် ၄၅ မြို့နယ်ရှိ နေရာ ၉၈ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၈၇ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၃၀ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ဇွန် ၁၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများအား ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၁၃ ရက်က မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်ရှိ Quarantine Center အဖြစ် အသုံးပြုခဲ့သော အ.ထ.က(၁) စာသင်ကျောင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်ရှိ Quarantine Center အဖြစ် ထားရှိခဲ့သော စာသင်ကျောင်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

# မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံသား အစားထိုးယာဉ်မောင်းခွင့် မူဝါဒကြောင့် ယာဉ်ကြောများ ပိတ်ဆို့၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသဖြင့် မူလအတိုင်း မြန်မာယာဉ်မောင်းများဖြင့်သာ ပေးဝင်ရန်တောင်းဆို

**မူဆယ် ဇွန် ၁၈**

မူဆယ်နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံသား အစားထိုးယာဉ်မောင်းခွင့် မူဝါဒကြောင့် ယာဉ်ကြောများပိတ်ဆို့၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသဖြင့် မူလအတိုင်း မြန်မာယာဉ်မောင်းများဖြင့်သာ ပေးဝင်ရန် မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းက တောင်းဆိုလိုက်သည်။

တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို မပျံ့နှံ့စေရေး ကာကွယ်ထိန်းသိမ်းရန်အတွက် နယ်စပ်ဒေသစီမံခန့်ခွဲရေးကို တင်းကျပ်စွာ ဆောင်ရွက်လျက်ရှိပြီး ဧပြီလအတွင်းမှစ၍ တရုတ်နိုင်ငံသို့ ကုန်တင်ယာဉ်များ ဝင်ရောက်ရာတွင် သတ်မှတ်ပေးထားသော အစားထိုးယာဉ်မောင်းဖြင့် ဝင်ထွက်ခွင့် မူဝါဒကြောင့် မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့တို့တွင် ကုန်တင်ကားကြီးများ ရက်ရှည်တန်းစီ စောင့်ဆိုင်းနေရပြီး ယာဉ်ကြောပိတ်ဆို့လျက်ရှိသည်။

“အစားထိုးယာဉ်မောင်းစနစ်စပြီးနောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှုက ပိုဆိုးလာတယ်။ အခုဆိုရင် တော်တော်ကို ဆိုးဆိုးရွားရွား ဖြစ်နေတယ်။ ပထမစဖြစ်တုန်းက မြန်မာပြည်ဘက်ခြမ်းမှာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်တာ၊ အခုလက်ရှိ အခြေအနေမှာတော့ တရုတ်ပြည်နယ်စပ် ကျယ်ဂေါင်ထဲမှာကို ယာဉ်ကြောပိတ်ဆို့မှုက ဆိုးဆိုးရွားရွား ဖြစ်နေတယ်”ဟု မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ပြောသည်။

သို့ဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုအဆင်ပြေစေရန် ကုန်ကားများကို မူလအတိုင်း မြန်မာယာဉ်မောင်းများဖြင့်သာ ပေးဝင်ရန်၊ နှစ်နိုင်ငံဝင်ပေါက်များကို ချဲ့ရန်၊ တရုတ်နိုင်ငံဘက်ခြမ်းရှိ လုပ်ဆောင်ရသော စစ်ဆေးမှုများကို အချိန်လျှော့ချပေးရန်နှင့် မြန်မာဘက်ရှိ သက်ဆိုင်ရာဌာနများ၏ လုပ်ဆောင်မှုများ မြန်ဆန်စေရေး မလိုအပ်သည်များကို လျှော့ချစီစဉ်ပေးရန် လိုအပ်ကြောင်း ဦးဝင်းအောင်ခန့်က ဆက်ပြောသည်။

“ကျွန်တော်တို့ ကုန်တင်ကားတွေကို ကျွန်တော်တို့ ယာဉ်မောင်းနဲ့ ပေးဝင်ဖို့ လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်တင်ကားတွေကို ကျွန်တော်တို့ ယာဉ်မောင်းတွေနဲ့ ပေးဝင်မယ်ဆိုရင် အစားထိုးယာဉ်မောင်းနဲ့ အချိန်စောင့်ဆိုင်းရတာတို့၊ ပြီးတော့ အခုဘယ်လိုဖြစ်လဲဆိုရင် ကျယ်ဂေါင်ထဲမှာဆိုရင် ရှန်တိန်သမား အစားထိုးယာဉ်မောင်းတစ်ယောက်ဟာ ကား လေး၊ ငါး၊ ဆယ်စီးကို တစ်ယောက်ထဲ ပတ်မောင်းပြီး တန်းစီနေတာ၊ ဒါကြောင့် ကျွန်တော်တို့ ကုန်တင်ကားတွေကို ကျွန်တော်တို့ ယာဉ်မောင်းတွေနဲ့အတူ ပေးဝင်ဖို့ လိုအပ်တယ်”ဟု ၎င်းက ဆက်ပြောသည်။

ယခင်က တစ်ရက်လျှင် မူဆယ်မှ တရုတ်ပြည် ကျယ်ဂေါင်သို့ ကားကြီးအစီးရေ ၂၅၀ ခန့် ဝင်နေသော်လည်း ယခုအခါ ယာဉ်ကြောကျပ်တည်းမှုကြောင့် ကားကြီးအစီးရေ ၁၅၀ ဝန်းကျင်သာ ဝင်ရောက်လျက်ရှိကြောင်း၊ ထို့ပြင် ယခင် မူဆယ်မန့်ဝိန်းမှ တရုတ်ပြည် ကျယ်ဂေါင်သို့ ဝင်ရောက်ရာတွင် သုံး၊ လေးရက်ဝန်းကျင်သာ ကြာသော်လည်း ယခုအခါ ၁၀ ရက်မှ ၁၂ ရက်ကြား ကြာမြင့်ကြောင်း၊ ယခင်က ကျယ်ဂေါင်မှ မူဆယ်အပြန်တွင် တစ်ရက်သာကြာသော်လည်း ယခုအခါ ခုနစ်ရက်၊ ရှစ်ရက်ခန့် ကြာကြောင်း မူဆယ်အဝေးပြေး ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းထံက သိရသည်။

ထိုသို့ တရုတ်နိုင်ငံသား အစားထိုးယာဉ်မောင်းခွင့်မူဝါဒကြောင့် ယာဉ်ကြောများ ပိတ်ဆို့၍ ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှုများကြောင့် မလိုလားအပ်သည့် အချိန်များ ဆုံးရှုံးခဲ့သည့်အတွက် တရုတ်နိုင်ငံ ကျယ်ဂေါင်မှ မြန်မာနိုင်ငံ မူဆယ်အဆင်း ကုန်ကားခ ဈေးအဆမတန်မြင့်တက်ပြီး တရုတ်နိုင်ငံမှ မြန်မာနိုင်ငံရှိ လယ်ယာထွက်ကုန် ကုန်ပစ္စည်းအမှာ မှာလည်း လျော့သွားကြောင်း ဦးဝင်းအောင်ခန့်က ရှင်းပြသည်။

ပြီးခဲ့သည့် ဇွန် ၈ ရက်ကလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**ငြိမ်းငြိမ်း**

# မယ်ဆိုင်ချောင်းကို ဖြတ်ကူးကာ တာချီလိတ်မြို့သို့ တရားမဝင် ဝင်ရောက်မှုရှိနေသဖြင့် ဒေသခံများ စိုးရိမ်နေ

**တာချီလိတ် ဇွန် ၁၈**

ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးအတွက် မြန်မာ-ထိုင်း နယ်စပ်ဖြတ်သန်းခွင့်များအား ဒေသန္တရအမိန့်များထုတ်ပြန်၍ တားဆီးဆောင်ရွက်လျက်ရှိသော်လည်း စည်းကမ်းမလိုက်နာသူအချို့က မြန်မာ-ထိုင်းနယ်စပ်ဒေသ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မြို့တွင်းပြေးယာဉ်လိုင်းဂိတ်အနီးတွင် နယ်ခြားမျဉ်းအဖြစ် သတ်မှတ်ထားသည့် မယ်ဆိုင်ချောင်းကို ကူးဖြတ်ကာ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင်ဝင်ရောက်မှုများ (ယာပုံ) ရှိနေသည့်အတွက် တည်ငြိမ်စပြုနေပြီဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်လာမည်ကို ဒေသခံပြည်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



# ပေါက်တောမြို့တွင် ကိုဗစ်-၁၉-ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

**ပေါက်တော ဇွန် ၁၈**

ရခိုင်ပြည်နယ် ပေါက်တောမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးရေးနှင့် သတင်းထုတ်ပြန်စုဆောင်းရေးကော်မတီများနှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ်လူမှုရေးအဖွဲ့များ ပူးပေါင်းလျက် မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်၍ အသိပညာပေးခြင်း၊ အဝေးပြေးကားဂိတ်နှင့် အမြန်ရေယာဉ်ဂိတ်များ၊ လူစည်ကားသော နေရာများသို့ သွားရောက်၍ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ ဆေးကြောပေးခြင်း၊ လက်အိပ်များစွပ်ပေးခြင်း၊ ဈေးနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများသို့ သွားရောက်ပြီး ပိုးသတ်ဆေးများ ဖျန်းပေးခြင်း၊ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခြင်း စသည်တို့ကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ဆက်)**

# တာမွေ(ယာယီဈေး)ကို အဆင့်မြင့် ငါးထပ်ဈေးသစ်ကြီးအဖြစ် လပေါင်း ၃၀ အတွင်း အပြီးတည်ဆောက်မည်

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ တာမွေမြို့နယ် (က+ဂ)ရပ်ကွက် ကျိုက္ကဆံလမ်းမကြီးဘေးမှ တာမွေ(ယာယီ)ဈေးကြီးကို ခေတ်နှင့်လျော်ညီသည့် အဆင့်မြင့်ငါးထပ်ဈေးသစ်ကြီးအဖြစ် တည်ဆောက်တော့မည်ဖြစ်ကြောင်း ဈေးများဌာနမှ သိရသည်။

"တာမွေဟာ ရန်ကုန်ရဲ့ အချက်အချာကျတဲ့နေရာဖြစ်ပါတယ်။ ဒီလိုအချက်အချာကျတဲ့နေရာမှာ ဈေးကြီးက ယိုယွင်းပျက်စီးနေတယ်။ မြို့ပြအင်္ဂါရပ်နဲ့လည်း ညီညွတ်မှုမရှိဘူး။ မြို့ဖွံ့ဖြိုးမှုအရလည်း ခေတ်နောက်ကျကျန်ခဲ့တဲ့အခြေအနေဖြစ်နေတယ်။ ဒါကြောင့် မဖြစ်မနေ အဆင့်မြှင့်တင်ရမယ့် အခြေအနေပါ။ လမ်းဘေးပျံ့ကျဈေးတွေ ပျောက်သွားပြီး အဆင့်မြင့် ဈေးကြီးတွေ ပေါ်ထွန်းလာစေချင်တယ်"ဟု တာမွေ (ယာယီဈေး) တာဝန်ခံ ဦးသူရဝင်းက ပြောသည်။

တာမွေ(ယာယီဈေး)သည် ယခင်က ဈေးရုံအဟောင်း ၁၈ ရုံရှိပြီး ဆိုင်ခန်းပေါင်း ၆၀၈ ခန်းရှိသည်။ အဆိုပါ ဈေးဆိုင်ခန်းများအတွက် ယာယီဆိုင်တန်းများကို ၂၀၁၉ ခုနှစ် ဩဂုတ်လဆန်းပိုင်းက စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ယာယီဈေးဆိုင်ခန်းများ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ လာမည့် ဇူလိုင် ၁၀ ရက်တွင် ယာယီဈေးဆိုင်ခန်းသစ်များပေါ်သို့ ပြောင်းရွှေ့ရောင်းချခွင့်ရတော့မည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဆိုင်ဖွင့်ရောင်းချနိုင်မှုမရှိသော တာမွေပလာဇာမှ ဆိုင်ခန်း ၃၀ ကျော်ကိုလည်း ပြန်လည်နေရာချပေးမည်ဖြစ်၍ စုစုပေါင်း ဆိုင်ခန်း ၆၄၂ ခန်း နေရာချပေးမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ခန်းပြောင်းရွှေ့သည့်လုပ်ငန်းများ ပြီးစီးပါက ယခုဈေးဟောင်းနေရာ၌ အဆင့်မြင့် ငါးထပ်ဈေးသစ်ကြီး စတင်တည်ဆောက်မည်ဖြစ်ပြီး အဆိုပါဈေးသစ်ကြီး၏ မြေညီထပ်နှင့် ပထမထပ်တို့တွင် ယခင် ဈေးဟောင်းမှ ဆိုင်ခန်းများကို ပြန်လည် နေရာချထားပေးမည်ဖြစ်သည်။ ဒုတိယထပ်နှင့် တတိယထပ်တွင် ကားအစီးရေ ၃၈၀ ဝန်းကျင်ဆံ့ကားပါကင် ပါရှိမည်ဖြစ်ပြီး အပေါ်ဆုံးထပ်တွင် အများပြည်သူ အပန်းဖြေနိုင်မည့် ဖျော်ဖြေရေးဆိုင်ရာနေရာများ ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

"တာမွေ(ယာယီ)ဈေးကို အဆင့်မြင့် ငါးထပ်ဈေးသစ်အဖြစ် တည်ဆောက်ပေးမယ်ဆိုတော့ ဝမ်းသာပါတယ်။ အခုလည်း မြို့တော်စည်ပင်နဲ့ ကုမ္ပဏီ ပူးပေါင်းပြီး ယာယီဈေးဆိုင်ခန်းသစ်တွေကို သပ်သပ်ရပ်ရပ်နဲ့ တည်ဆောက်ပေးတော့ အတော်လေးကို အဆင်ပြေပါတယ်။ တချို့တော့ အခက်အခဲ နည်းနည်းရှိတာပေါ့။ တစ်ခုပဲ တင်ပြချင်တာက ခုလိုဈေးတွေဆောက်ပြီးရင် သက်ဆိုင်ရာအနေနဲ့ လမ်းဘေးပျံ့ကျဈေးသည်တွေကိုတော့ လုံးဝမရှိအောင် ထိန်းသိမ်းပေးစေချင်တယ်"ဟု တာမွေ(ယာယီဈေး)မှ ဈေးဆိုင်ရှင်တစ်ဦးဖြစ်သူ ဦးမျိုးဝင်းဦးက ပြောသည်။

အဆင့်မြင့် ငါးထပ်ဈေးကြီး တည်ဆောက်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၉ ခုနှစ်က တင်ဒါခေါ်ယူခဲ့ရာ 111(တစ်သုံးလုံး)ကုမ္ပဏီက တင်ဒါအောင်ခဲ့ပြီး အကျိုးတူခံစားခွင့်အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၅၈ ရာခိုင်နှုန်းနှင့် တင်ဒါအောင်ကုမ္ပဏီက ၄၂ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။ တင်ဒါအောင်ကုမ္ပဏီအနေဖြင့် မြေပြင်လုပ်ငန်းများအပါအဝင် ယာယီဆိုင်ခန်းများ ဆောက်လုပ်ခြင်းကို ပြီးခဲ့သည့်နှစ် ဩဂုတ်လဆန်းက စတင်ဆောင်ရွက်ခဲ့ပြီး ယာယီဆိုင်ခန်း နေရာချထားမှုများ ပြီးစီးပါက ငါးထပ်ဈေးသစ်ကြီးကို လပေါင်း ၃၀ အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



ဆိုင်ခန်းများပြောင်းရွှေ့ဖွင့်လှစ်ရန် ယာယီဈေးဆိုင်ခန်းများ တည်ဆောက်နေစဉ်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန


## မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၆ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၆၀/၅၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၆၅/၅၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၀/၅၁၀ | ကျပ် | ၅၃၀/၅၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၀/၆၁၀ | ကျပ် | ၆၅၅/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၃ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၆ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၄ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၇ . ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၉၇၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၂၂၈၅ | ၂၄၉၄၃၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၅၃၂ | ၅၈၂၁၆၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁ | ၈၁၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၃၉၈ | ၉၁၅၄၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၁၀၂၉ | ၂၈၈၁၉၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၅၂ | ၁၄၀၄၀၀ |

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၅) ရွေးကောက်ပွဲနှင့်အမုန်းစကား

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်အချိန် နီးလာသည်နှင့်အညီ အမုန်းစကားပြောကြားခြင်းများလည်း ရှိလာပါတော့မည်။ ဤသည်မှာ နိုင်ငံအသီးသီး၏ ရွေးကောက်ပွဲများတွင်လည်း တွေ့ကြုံရတတ်သည်။ သို့ဖြစ်သည်ကြောင့် အမုန်းစကားဟူသည်မှာ အဘယ်နည်း။ အမုန်းစကားများနှင့်စပ်လျဉ်း၍ နိုင်ငံတကာဥပဒေများတွင် မည်သို့ပြဋ္ဌာန်းထားသနည်း။ မြန်မာနိုင်ငံတွင်လည်း ဥပဒေပြဋ္ဌာန်းချက်များ မည်သို့ရှိသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။**

## အမုန်းစကားအဓိပ္ပာယ်ဖွင့်ဆိုထားချက်များ

ကုလသမဂ္ဂ၏ နည်းမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေး အပြည်ပြည်ဆိုင်ရာ ကော်မတီက အမုန်းစကားဟူသည် "လူ့အခွင့်အရေးဆိုင်ရာ အခြေခံစည်းမျဉ်းဖြစ်သော လူ့ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှုကို တိုက်ရိုက်ငြင်းပယ်သည့် စကားအမျိုးအစားဖြစ်ပြီး လူ့အဖွဲ့အစည်း၏ ထင်မြင်ယူဆချက်တွင် လူပုဂ္ဂိုလ်များ၊ အုပ်စုများတို့၏ ရပ်တည်ချက်ကို အရှက်ရသိမ်ငယ်စေရန်ဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထိုသို့ဖွင့်ဆိုရာတွင် ယေဘုယျအားဖြင့် နိုင်ငံအမျိုးမျိုး၏ ရာဇသတ်ကြီးပုဒ်မများတွင် "အုပ်စုတစ်အုပ်စုမှလူများက အခြားအုပ်စုတစ်စုအပေါ် ပြစ်မှုကျူးလွန်ရန် လှုံ့ဆော်သော" သို့မဟုတ် "အုပ်စုများအကြား ရန်ငြိုးကိုဖြစ်စေသည့် " စကားဟု ဖော်ညွှန်းထားသည်။

နည်းမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှုများ ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ် (CERD) ကို ၁၉၆၅ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက စတင်ကျင့်သုံးခဲ့ပြီး လူမျိုးရေးခွဲခြားဆက်ဆံမှုကို တိုက်ရိုက်ကိုင်တွယ်ခဲ့သည့် ပထမဆုံး အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆို ဖြစ်ခဲ့သည်။ အဆိုပါစာချုပ်၏ အပိုဒ် ၄ တွင် အမုန်းစကား(၄)မျိုးကို ဤသို့ သတ်မှတ်ဖော်ထုတ်ခဲ့သည်-

၁။ လူမျိုးရေးသာလွန်မှုအပေါ် အခြေခံသည့် အတွေးအခေါ်များဖြန့်ဝေခြင်း၊
၂။ လူမျိုးရေးမုန်းတီးမှုအပေါ် အခြေခံသည့် အတွေးအခေါ်များဖြန့်ဝေခြင်း၊
၃။ လူမျိုးရေးခွဲခြားဆက်ဆံမှုကို လှုံ့ဆော်ခြင်းနှင့်
၄။ လူမျိုးရေးအခြေခံသည့် အကြမ်းဖက်လုပ်ရပ်များကို လှုံ့ဆော်ခြင်း။

## နိုင်ငံအချို့၏ ဥပဒေများတွင် ပြဋ္ဌာန်းချက်များ

ကင်ညာနိုင်ငံတွင် နိုင်ငံရေးပါတီများ အက်ဥပဒေ (၂၀၁၂)တွင် နိုင်ငံရေးပါတီများ အကြမ်းဖက်မှုတွင် ပါဝင်ခြင်း၊ ယင်း၏အဖွဲ့ဝင်များနှင့် ထောက်ခံအားပေးသူများအား ထိုသို့ပြုလုပ်ရန် အားပေးခြင်းကို တားမြစ်ထားသည့် ကျင့်ဝတ်စည်းကမ်း ထည့်သွင်းထားသည်။ ထို့ပြင် အခြားသော ကန့်သတ်ချက်များအဖြစ် တိုင်းရင်းသားများကို လှုံ့ဆော်ခြင်း၊ အခြားသူများအား သားပုပ်လေလွင့်ပြောခြင်း သို့မဟုတ် ထိခိုက်နစ်နာစေရန် ရည်ရွယ်လှုံ့ဆော်ခြင်းစသည့် အမုန်းတရားကို ထောက်ခံဆော်ဩအားပေးခြင်းတို့ကို ကန့်သတ်ထားသည်။

နိုင်ဂျီးရီးယားနိုင်ငံ၏ ရွေးကောက်ပွဲအက်ဥပဒေတွင် နိုင်ငံရေးစိတ်ဓာတ်သွင်းပေးမှုဖြင့် အမုန်းစကားပြောဆိုမှုကိုတားမြစ်ကြောင်း အသေးစိတ်ပြဋ္ဌာန်းချက်များ ပါဝင်သည်။ ယင်းအက်ဥပဒေတွင် " နိုင်ငံရေးဆိုင်ရာ မဲဆွယ်စည်းရုံးရေးပွဲ သို့မဟုတ် ကြွေးကြော်ပွဲများကို ဘာသာရေး၊ တိုင်းရင်းသားရေး၊ မျိုးနွယ်စု သို့မဟုတ် ဂိုဏ်းဂဏဆိုင်ရာ ခံစားချက်များကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ထိခိုက်နိုင်သည့် ရန့်ရင်းကြမ်းတမ်းသော စကားအသုံးအနှုန်းများဖြင့် မညစ်နွမ်းစေသင့်ပါ။ နိုင်ငံရေးဆိုင်ရာ မဲဆွယ်စည်းရုံးရေးပွဲများတွင် ရန့်ရင်းကြမ်းတမ်းသော၊ စောင့်စည်းမှု မရှိသော၊ လုပ်ကြံအသရေဖျက်သော သို့မဟုတ် ယုတ်ညံ့သော အသုံးအနှုန်း သို့မဟုတ် စောင်းပါးရိပ်ခြည် သို့မဟုတ် စောင်းမြောင်းပြောဆိုမှုပုံစံ သို့မဟုတ် အကြမ်းဖက်တုံ့ပြန်ချက် သို့မဟုတ် စိတ်ခံစားမှုကို နှိုးဆွမှုများဖြင့် အသုံးမချသင့်ပါ" ဟုဆိုသည်။

တီမောလက်စ်နိုင်ငံတွင် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးပွဲများ၌ " လူမျိုး၊ ကျား၊ မ ဖြစ်တည်မှု၊ အတွေးအခေါ်အယူအဆ၊ ဘာသာရေးယုံကြည်ချက်များ၊ လူမှုရေးအဆင့်အတန်းပေါ်တွင် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် မည်သည့်လူ့အခွင့်အရေးအပေါ် ဆန့်ကျင်မှုကိုမဆို နှုတ်ဖြင့် သို့မဟုတ် စာဖြင့်ရေးသားအသုံးပြုခြင်းကို " အစိုးရအမိန့် ၁၈ / ၂၀၁၇ ပုဒ်မ ၁၃ ဖြင့် တားမြစ်ထားသည်။

> ❑ **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ တွင် နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း တစ်မျိုးမျိုးဖြစ်ပေါ်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာစေရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟူ၍ ပြဋ္ဌာန်းထား။**
>
> ❑ **လွတ်လပ်၊ သန့်ရှင်း၊ တရားမျှတသော ရွေးကောက်ပွဲကြီး ဖြစ်စေရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူအားလုံးတို့သည် အမုန်းစကားပြောကြားခြင်းများကို ရှောင်ရှားကြရပါမည်။ မတော်မတရား အမုန်းစကားများ ပြောကြားခြင်းဖြင့် ရွေးကောက်ပွဲကြီးကို မညစ်ထေးစေသင့်ပါ။**

ဇမ်ဘီယာနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်သည်လည်း သတင်းထောက်များလိုက်နာရန် ကျင့်ဝတ်ကို ထုတ်ပြန်ကြေညာခဲ့သည်။"သတင်းမီဒီယာအားလုံးသည်ရွေးကောက်ပွဲသတင်းများကို မှန်ကန်တိကျစွာတင်ပြ၍ လူမျိုးရေး၊ တိုင်းရင်းသား၊ လူမျိုးနွယ်စု၊ ကျား၊ မ ဖြစ်တည်မှု၊ နိုင်ငံရေး သို့မဟုတ် ဘာသာရေး ခံယူချက်အပေါ်အခြေခံ၍ အမုန်းတရားလှုံ့ဆော်အားပေးခြင်း သို့မဟုတ် အကြမ်းဖက်မှုကို လှုံ့ဆော်ခြင်း၊ မလျော်သော မှတ်ချက်များ ဖော်ပြခြင်း မလုပ်ရ"ဟု ဖော်ပြပါရှိသည်။

အိန္ဒိယနိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးပွဲများအတွက် ထုတ်ပြန်ထားသောကျင့်ဝတ်များတွင် " အသိုင်းအဝိုင်းများ၊ ဘာသာရေး သို့မဟုတ် ဘာသာစကားများအကြား တင်းမာမှုကိုဖြစ်စေ၊ အပြန်အလှန်အမုန်းတရားကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် လက်ရှိခြားနားချက်များကို ပိုမိုဆိုးရွားစေခြင်းစသည့် မည်သည့်လှုပ်ရှားမှုမျိုး၌မဆို ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းသည် ပါဝင်လုပ်ဆောင်ခြင်း မရှိစေရ" ဟုဖော်ပြထားသည်။

## မြန်မာနိုင်ငံ၏ဥပဒေများတွင် ပြဋ္ဌာန်းချက်များ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ တွင် နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ သာသနာကို အလွဲသုံးစားမပြုရ။ ထို့ပြင် လူမျိုးရေးကြောင့်သော်လည်းကောင်း၊ ဘာသာရေးကြောင့်သော်လည်းကောင်း တစ်ဖက်နှင့် တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲပြားခြင်း တစ်မျိုးမျိုးဖြစ်ပေါ်လာစေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာစေရန် အကြောင်းရှိသော အပြုအမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။

ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၅၃ (က) တွင် မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နေထိုင်သူ အမျိုးအစားတစ်ခုနှင့် တစ်ခု ရန်ငြိုးစိတ်ထားအောင်သော်လည်းကောင်း၊ မုန်းတီးစိတ်ထားအောင် သော်လည်းကောင်း၊ အားပေးအားမြှောက်ပြုခြင်း၊ ထိုသို့ အားပေးအားမြှောက်ပြုရန်၊ ကြိုးပမ်းအားထုတ်ခြင်းမပြုလုပ်ရန် တားမြစ်ထားသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ (ဃ) နှင့် (င) တို့တွင် လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် လူတစ်ဦး၊ နှစ်ဦး သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားတို့ကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု၊ စည်းရုံးလှုံ့ဆော်မှုများ မပြုလုပ်ရန်နှင့် ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုလုပ်ရန် တားမြစ်ထားသည်။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၅၈ (ဂ) တွင် လူမျိုးရေးကိုဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်၊ မပေးရန် ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းတို့ မပြုရန် တားမြစ်ထားသည်။ ဖောက်ဖျက်က ပြစ်မှုမြောက်ကြောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၆၆ (ဌ) တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး ရွေးကောက်တင်မြှောက်ခံရရေးအတွက် လူမျိုးကိုဖြစ်စေ၊ ကိုးကွယ်ရာဘာသာကိုဖြစ်စေ၊ အကြောင်းပြုမဲပေးကြရန် သို့မဟုတ် မဲမပေးဘဲနေကြရန် အစီအစဉ်ပြုလျက် လှုံ့ဆော်ခြင်းမပြုရန်နှင့် ပုဒ်မခွဲ (ဍ) တွင် ပါတီတစ်ခုကိုဖြစ်စေ၊ လူတစ်ဦးဦးကိုဖြစ်စေ အကြမ်းဖက်ခြင်း၊ မမှန်မကန်စွပ်စွဲခြင်း၊ အများပြည်သူဆူပူမှုဖြစ်အောင် ဖန်တီးခြင်းတို့ မပြုရန် တားမြစ်ထားသည်။ ထိုသို့ပြုလုပ်ပါက တရားမဲ့ပြုကျင့်ရာရောက်ကြောင်း ပြဋ္ဌာန်းထားသည်။

၁၆-၆-၂၀၁၅ ရက်နေ့က နိုင်ငံရေးပါတီများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ကျင့်ဝတ် (Code of Conduct) စာပိုဒ် (၄-၁)တွင် မဲဆွယ်စည်းရုံးရေးကာလအတွင်း အခြားပါတီများအား အသရေဖျက်ခြင်း၊ ပုတ်ခတ်ခြင်း၊ မမှန်မကန် ဝေဖန်တိုက်ခိုက်ခြင်းများ မပြုလုပ်ရန်နှင့် အပိုဒ် (၄-၃)တွင် မဲဆွယ်စည်းရုံးမှုတွင် ဘာသာရေးနှင့် လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုပြုသော အသုံးအနှုန်း ပြောဆိုမှုများ မပြုရဟု ဖော်ပြထားသည်။

## သန့်ရှင်းစွာပါဝင်ယှဉ်ပြိုင်ကြခြင်းဖြင့် ဂုဏ်ယူနိုင်ကြပါစေ

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကတော့ ရွေးကောက်ပွဲကြီးကို ဥပဒေနှင့်အညီ လွတ်လပ်ရမည်၊ မျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံနိုင်မှုရှိရမည်၊ မဲဆန္ဒရှင်များ၏ဆန္ဒနှင့် မဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဟူသော စံ ၅ ချက်နှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်သူများသို့ ကတိကဝတ်ပြုထားသည်။

ဤစံ ၅ ချက်နှင့်အညီ လွတ်လပ်၊ သန့်ရှင်း၊ တရားမျှတသော ရွေးကောက်ပွဲကြီး ဖြစ်စေရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူအားလုံးတို့သည် အမုန်းစကားပြောကြားခြင်းများကို ရှောင်ရှားကြရပါမည်။ မတော်မတရား အမုန်းစကားများ ပြောကြားခြင်းဖြင့် ရွေးကောက်ပွဲကြီးကို မညစ်ထေးစေသင့်ပါ၊ ရွေးကောက်ပွဲ၏ပုံရိပ် မပျက်ယွင်းစေသင့်ပါ။

ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် အမြဲအစဉ် ရှင်သန်နေပါမည်။ ရွေးကောက်ပွဲတိုင်းတွင် ပါဝင်ယှဉ်ပြိုင် ရွေးကောက်ခံခွင့်များ ရရှိနေပါမည်။ ရွေးကောက်ပွဲတစ်ခုတွင် ရွေးကောက်တင်မြှောက်ခြင်းမခံရပါက နောင်လာမည့် ရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခံရနိုင်ရေး အစဉ်ကြိုးစားအားထုတ် ဆောင်ရွက်နေကြရပါမည်။

ရွေးကောက်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်ရွေးကောက်ခံမည်ဆိုပါက မတော်မတရား အမုန်းစကားများထုတ်လွှင့်ပြောကြားကာ ဟောပြောစည်းရုံးခြင်းဖြင့် အနိုင်ရရှိခြင်းထက် တော်တည့် ဖြောင့်မှန်၊ သန့်ရှင်းစင်ကြယ်စွာဖြင့် အပြုံးစကားများ ဟောပြောစည်းရုံးခြင်းဖြင့် ရှုံးနိမ့်ခြင်းက ဂုဏ်ယူဖွယ်ကောင်းလှသည်ဟူ၍ ဆိုရိုးစကား ကြားဖူးနေကြောင်းပါဗျာ။

- » **အမုန်းစကားများရှောင်၍ အပြုံးစကားများ ဆောင်နိုင်ကြပါစေ၊**
- » **သန့်ရှင်းဖြောင့်မှန်စွာ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြင့် ဂုဏ်ယူနိုင်ကြပါစေ၊**
- » **လွတ်လပ်၊ မျှတ၊ သန့်ရှင်းသော ရွေးကောက်ပွဲကြီးဖြစ်ပါစေ။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး စစ်တွေခရိုင်၊ စစ်တွေမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေဖြင့် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များရှိ လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၀-၇-၂၀၂၀ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၁-၇-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၇-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေခရိုင်

တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို စစ်တွေခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၄၃-၂၁၀၆၅ တွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ် (၆၄)၊ ၁၉၆၀-၆၁ ခုနှစ်၊ ဦးပိုင်အမှတ် (၃၉)၊ ၃၁-၁၂-၁၈၆၃ခု ရက်စွဲပါ ထာဝရ၊ ဂရန်အမှတ် (၁၂၃၃) ၉-၂-၁၉၀၄ ရက်စွဲပါ ဂရန်အမှတ်စဉ်နံပါတ် (၄၀၀)၊ မြေချိန်ဧရိယာ (.၁၈၀) ဟုခေါ်တွင်သော ဦးအေးမောင်အမည်ပေါက် ဘိုးဘပိုင်ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်(၅၆၈) အောက်လမ်းမကြီး၊ တောင်ဖိုလ်ချုပ်လမ်း၊ ဘိုကုန်းရပ်ကွက်ရှိ အဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအေးမောင် (ကွယ်လွန်)နှင့် ဇနီးဖြစ်သူ ဒေါ်သောင်းမေ(ကွယ်လွန်) တို့၏သားသမီး (၅)ဦးက အမွေဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ ၎င်းတို့မှာ သားကြီး ဦးတင်ရွှေ (ကွယ်လွန်)၏ဇနီးဖြစ်သူ ဒေါ်သန်းရှင်(ဆက်ခံသူက)လည်းကောင်း၊ သမီး ဒေါ်ရင်ကြည် (ကွယ်လွန်)၏ တစ်ဦးတည်းသောသား ဦးအောင်သန်းစိုး (အမွေဆက်ခံသူအဖြစ်လည်းကောင်း)၊ သမီးဒေါ်ဆွေဆွေမြင့်၊ သမီးဒေါ်သန်းမြင့်နှင့်သား ဦးစိုးသိန်းတို့က ယခုအခါ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုကြပါသည်။ အထက်ပါလက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိကြသူများဖြစ်သည့် ဒေါ်သန်းရှင် ၁၂/ဥကမ(နိုင်)၁၀၇၃၈၈၊ ဒေါ်ရင်ကြည်(ကွယ်လွန်)၏ ကိုယ်စား တစ်ဦးတည်းသောသား ဦးအောင်သန်းစိုး ၁၀/မလမ(နိုင်) ၀၃၇၄၈၃၊ ဒေါ်သန်းမြင့် ကျန်းမာရေးမကောင်းသူ (ကိုယ်စား)အစ်မဖြစ်သူ ဒေါ်ဆွေဆွေမြင့် ၁၀/မလမ(နိုင်)၀၃၇၄၈၄ နှင့် ဦးစိုးသိန်း ၁၀/မလမ(နိုင်) ၁၂၄၂၉၈ တို့မှ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သည့် ဦးအောင်ထွန်းမင်း ၁၀/မလမ(နိုင်)၁၈၂၄၅၉၊ ဒေါ်နှင်းကေခိုင် ၁၀/မလမ(နိုင်)၁၇၅၄၇၅ တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းမောင် (စဉ်-၁၆၂၈)** | **ဒေါ်အေးအေးမိုး(စဉ်-၁၅၀၉၂)** |
| **B.A(Law),LL.B** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၇၈)၊ ဗဟိုလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/79998 Avenger Street 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစံပိုင် ၉/နထက(နိုင်)၁၆၂၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/9602 NISSAN DIESEL CG 45 Ch TRUCK (8x4)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဆိုင်လှိုင်း ၁၃/ကသန(နိုင်)၀၄၁၇၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/5218 TOYOTA DYNA XZU 378 L/T (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထွန်းမြင့် ၁၃/ကမန(နိုင်)၀၆၃၀၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၄၃၀၂၈ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနီကိုကို ၉/အမရ(နိုင်)၀၆၃၀၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး (၁)၊ အဆောက်အဦအထူးအဖွဲ့ (၂) မှ တာဝန်ယူတည်ဆောက်နေသည့် နေပြည်တော် ကောင်စီနယ်မြေ သမ္မတရုံးဝန်ကြီးဌာန ရုံးအသစ် အဆောက်အဦတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေဖြင့် လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော လျှပ်စစ်ပစ္စည်းများနှင့် ဆက်စပ်လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းမည့်ရက်** - ၂၂-၆-၂၀၂၀ ရက်(ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၀-၇-၂၀၂၀ ရက် ညနေ ၄:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၅-၇-၂၀၂၀ ရက် မွန်းလွဲ ၁:၀၀နာရီ ရုံးအမှတ်(၄၀)၊ အဆောက်အဦ ဦးစီးဌာနရုံး(အသစ်)၊ အစည်းအဝေးခန်းမ
(ဃ)**ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၇၀၇၉၊ ၀၉-၄၃၀၀၈၂၅၂

(ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

(အသေးစိတ်အချက်အလက်များကို လျှပ်စစ်ဌာနခွဲ၊ အဆောက်အဦဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၄၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အဆောက်အဦဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၄၀)၊ နေပြည်တော်**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) ထီးချိုင့်မြို့နယ်တရားရုံး ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၁၀ နှင့်ဆက်နွယ်သည့် ၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၁၃

| | | |
|---|---|---|
| ဦးဝင်းနိုင်ထွန်း | **နှင့်** | ၁။ ဦးကျော်ကျော်ဦး<br>၂။ ဒေါ်ရီရီဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ဦးကျော်ကျော်ဦး (ဘ)ဦးကံလှိုင်နှင့် ဇနီးဒေါ်ရီရီဝင်း (ဘ)ဦးအေး အလည်တောကျေးရွာ၊ ထီးချိုင့်မြို့နယ်၊ ကသာခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၁၀တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဝင်းနိုင်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြစ်စေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၅ရက် (၁၃၈၂ခုနှစ် ပထမဝါဆို လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၂၀ပြည့်နှစ် ဇွန် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ထီးချိုင့်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/15337 New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ သွင်မင်းနိုင် ၉/ပသက(နိုင်)၀၇၅၅၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8051 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/5779 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/6530 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/70582 Honda ND 125M M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအောင် ၉/ပကခ(နိုင်) ၀၂၂၃၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/86684 Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ရဲအောင် ၉/အမရ(နိုင်)၁၃၂၈၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**သွေးသည် အသက်**

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ DONGGUAN RUIDEFENG BIOTECHNOLOGY CO.,LTD မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar WAI FUNG AGRICULTURE CO.,LTD မှ Y AGRO SOLUTION CO.,LTD သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ **Y AGRO SOLUTION CO,Ltd ဖုန်း-၀၉-၇၈၇၆၃၀၂၇၂**

| Sr. | Trade Name | Active Ingredient | Registration No |
|---|---|---|---|
| 1 | RDF Foison | Isoprothiolane 40% EC | P2018-4418 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ SHAANXI ROYAL CROPSCIENCE CO.,LTD မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar WAI FUNG AGRICULTURE CO.,LTD မှ Y AGRO SOLUTION CO.,LTD သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ သို့ ကန့်ကွက်နိုင်ပါသည်။ **Y AGRO SOLUTION CO,Ltd ဖုန်း-၀၉-၇၈၇၆၃၀၂၇၂**

| Sr. | Trade Name | Active Ingredient | Registration No |
|---|---|---|---|
| 1 | HP Cruiser | Dimethomorph 50%WP | P2018-4417 |
| 2 | Prelan | Azoxystrobin 20%+Difenoconazole 12%SC | P2019-4743 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ SHANDONG JOPHEN BIOTECHNOLOGY CO.,LTD မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar WAI FUNG AGRICULTURE CO.,LTD မှ Y AGRO SOLUTION CO.,LTD သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ **Y AGRO SOLUTION CO,Ltd ဖုန်း-၀၉-၇၈၇၆၃၀၂၇၂**

| Sr. | Trade Name | Active Ingredient | Registration No |
|---|---|---|---|
| 1 | ZFN Titan | Indoxacarb 30% SC | P2018-4461 |

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၉ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၂၂၃

| | | |
|---|---|---|
| ၁။ ဦးစိုင်းလုံ<br>၂။ ဒေါ်အေးအေးသန့် | **နှင့်** | ၁။ ဦးကျော်သန်း<br>၂။ ဒေါ်သန်းသန်းမြင့် |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်စွဲပါ မန္တလေးခရိုင်တရားရုံးမှ တရားမကြီးမှုအမှတ် ၂၁/၂၀၁၈ ကို အယူခံမှု။

အယူခံတရားပြိုင်(၂) ဒေါ်သန်းသန်းမြင့် (ဘ) ဦးဖေ၊ အမှတ် (စ-၁၀၂)၊ ၂၉ လမ်း၊ ၇၁x၇၂ လမ်းကြား၊ ပတ်ကုန်းဝန်းကျင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင်တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဦးစိုင်းလုံပါ၂ က အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး၊ ထိုအယူခံမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၇ ရက်တွင်ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်း ၂၂ အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ နေပြည်တော် ဒက္ခိဏခရိုင်တရားရုံး ၂၀၁၉ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၂၉

| | | |
|---|---|---|
| ကိုစိုးလွင်ဦး | **နှင့်** | ၁။ ကိုကျော်မင်းထွန်း<br>၂။ ကိုဇေယျာထွန်း |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

လျှောက်ထားခံရသူ (၂) ကိုဇေယျာထွန်း (ဘ) ဦးသန်းထွန်း၊ အမှတ်(၈၉)၊ ဂန္ဓမာလမ်း၊ (၁၃၄)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ကိုစိုးလွင်ဦးက ဤရုံးသို့ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၅/၂၀၁၉ တွင် ၃-၁၀-၂၀၁၉ ရက်က ချမှတ်သည့်အမိန့်နှင့် ထုံးပုံကျအမိန့်တို့အား ပယ်ဖျက်ပေးပါရန် လျှောက်ထားသည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၇ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆို လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်ရာတွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာနွယ်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဒက္ခိဏခရိုင်တရားရုံး**

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အထက(၁) ထားဝယ်၊ အဋ္ဌမတန်းမှ (ဘ)ဦးဆန်းတင်၏သမီး မနွေသကြန်ဦးအား ယနေ့မှစ၍ မယွန်းမီမီဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မယွန်းမီမီဦး**

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(၅) နောက်လယ်ကျောင်းမှ သတ္တမတန်းအောင် မနှင်းသဇင်၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဝင်းကျော်သူနှင့် ဒေါ်ခင်စန်းနွေး ဖြစ်ပါကြောင်း။ **ဦးဝင်းကျော်သူ-ဒေါ်ခင်စန်းနွေး**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် စသန်းအုန်း ၁၄/အမန(နိုင်)၁၂၉၃၆၁ ၏ ဒုတိယတန်းစက်ခန်းအုပ်လက်မှတ်အမှတ် စမဒ-၅၄၀/၂၀၁၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၆၉၃၃၃၀၁၆၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/3362 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7U/8116 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/7378 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## Request for Letter of Interest

**British American Tobacco Myanmar Limited**
Plot No. 55-56, Survey Ward No. 14
Shwe Than Lwin Industrial Zone
Hlaing Tharyar Township
Yangon, Myanmar

(the "Company")

Ref: Y20/OPTS/ENG/012

The Company request

**the Letter of interest(LOI)**

for the below Products

**Subject : Required the below items**

1. **Selling for used Dry Container_ 1 unit**

We are planning to call for online tender.

If you are interested to participate in the tender, please submit the **LOI** to the below emaill address by 23rd June 2020

**British American Tobacco Myanmar Limited**
Plot No (55,56), Survey Ward No. (14),
Hlaing Tharyar Township, Yangon, Myanmar
Attn: mya_hnin_ei_pwint@bat.com

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၄၃၈၊ အလျား ပေ၃၀xအနံ ပေ၆၀ရှိ ဒေါ်စန်းမြင့်အမည်ပေါက်၊ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်-၄၃၈၊ ဦးဘခင်လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်သည်ဆိုသော ဒေါ်အေးအေးငယ် ၁၂/သဃက(နိုင်)၃၁၁၈၈၉ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၇-၆-၂၀၂၀ရက်စွဲပါ နှစ်ဦးသဘောတူမြေနှင့်အိမ်အရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ယနေ့ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယုတင်(LL.B,D.B.L)(စဉ်-၆၂၃၀)၊ ဒေါ်ဖြူသွယ်ယု(LL.B,D.B.L)(စဉ်-၁၁၂၀၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၅)၊ မြေညီထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၀၉၀၈၊ ၀၉-၄၂၁၀၇၄၆၀၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ အကွက်အမှတ် (၁၇/ပုဏ္ဏားစုရပ်)၊ ဦးပိုင်အမှတ် (၉၀)၊ မြေယာအမှတ် (74/186)၊ မြေဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သီတာစိန် ပါ(၄) ဦး ၁၄/မမက(နိုင်)၀၅၈၆၀၄ မှဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ အကွက်အမှတ် (၁၂/ညံ့တော၊ အနောက်)၊ ဦးပိုင်အမှတ် (၁၇၀၊၁၇၆)၊ မြေယာအမှတ်(-)၊ မြေဧရိယာ ၀ဒသမ ၀၃၈ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ရွှေရင်မြင့် ၉/မမန(နိုင်)၀၀၁၀၄၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

`ယာဉ်အမှတ် ၅၂ယ/၂၅၉၁၉ Honda Scoopy 110 MC ယာဉ် လက်ဝယ်ရှိသူ ဒေါ်ချောစုခိုင် ၉/ခအဇ(နိုင်)၀၁၈၉၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7046 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ အထကမှ မသက်ဖူးဝေ (တက္ကသိုလ်ဝင်တန်း)၊ မဇွန်ပွင့်ဖြူ(Grade-7)၊မောင်လလင်းအောင်(Grade-6) နှင့် မခက်လင်းဝေ (Grade-2) တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်တိုး ၈/စလန(နိုင်)၁၃၆၃၇၈ ဖြစ်ပါကြောင်း။

**ဦးအောင်တိုး**

**မိဘ အမည်မှန်**

ကျိုက်မရောမြို့နယ်၊ အထက(ခွဲ)ဓမ္မသ၊ စတုတ္ထတန်းအောင်မှ မင်းကောင်းထက်စံ၏ မိဘအမည်မှန်မှာ မင်းအောင်မွန် ၁၀/ကမရ(နိုင်)၁၂၆၇၁၅ နှင့် မိခင်အေး ၁၀/ကမရ(နိုင်)၀၇၁၄၇၁ ဖြစ်ပါကြောင်း။

**မင်းအောင်မွန်-မိခင်အေး**

## အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး(ရန်ကုန်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ဆိပ်ကမ်း (၈)ခုနှင့် တံတား(၉)စင်းတို့တွင် CCTV Camera (၁၂၀)လုံး တပ်ဆင်ရန်နှင့် တပ်ဆင်ထားသည့်CCTV များကို တိုက်ရိုက်ကြည့်ရှုထိန်းချုပ်မည့် Monitoring Control Room (၂)နေရာတွင် LCD (၁၆)လုံးဖြင့် Control တပ်ဆင်ခြင်းလုပ်ငန်းများအတွက် စိတ်ပါဝင်စားသူ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူးရုံး၊ ဆရာစံလမ်းနှင့်စက်မှု(၁)လမ်းထောင့်၊ပြည်ထဲရေးရုံး(ဟောင်း)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၆-၂၀၂၀ ရက်

(ဂ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၂၀-၇-၂၀၂၀ ရက်(၁၆:၀၀)နာရီ

(ဃ) **တင်ဒါပုံစံတင်သွင်းရမည့်ရက်** - ၂၁-၇-၂၀၂၀ ရက်(၁၆:၀၀)နာရီ

၂။ အထက်ဖော်ပြပါ CCTV camera များ တပ်ဆင်ခြင်းလုပ်ငန်းအား စိတ်ပါဝင်စားသူ ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများမှ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၉၅၅၅၀၀၆၊ ၀၁-၉၅၅၅၆၈၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI)အား
## Swiss Challenge တင်ဒါစနစ်ဖြင့် ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ဘယ်လင်း-ရွှေစာရံ-အုန်းချောလမ်း(၂၁)မိုင် (၅)ဖာလုံအား အဆင့်မြှင့်တင် တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား Build, Operate & Transfer (B.O.T) စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီတစ်ခုမှ စီမံကိန်းအဆိုပြုလွှာရေးဆွဲတင်ပြလာပါသည်။

အဆိုပါ လမ်းစီမံကိန်းအား အကောင်အထည်ဖော်နိုင်ရေးအတွက် Swiss Challenge တင်ဒါစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ရာ မူလအဆိုပြုလွှာနှင့် ယှဉ်ပြိုင်ရွေးချယ်နိုင်ရန် စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) အား ၁၈-၇-၂၀၂၀ ရက် ညနေ ၅:၀၀ နာရီမတိုင်မီ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့ စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၈၆**

ဦးဇော်ဝင်းမော်ဦး **နှင့်** ဒေါ်စန်းစန်းမာ
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်၊ အကွက်အမှတ် (အပိုင်း-၅/ခ)တိုက်အမှတ် (B)၊ အခန်း (B-6)၊ စတုတ္ထထပ်နေ ဒေါ်စန်းစန်းမာ (ဘ) ဦးဝေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်အတိုင်း တိုက်ခန်းလက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၉ ဧကရှိ ဒေါ်မေသက်လှိုင် ၁၂/ဗတထ(နိုင်)၀၁၁၆၆၃ (ဘ)ဦးလှိုင်မြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၀၅၀၃)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၉၂၄/၂၀၁၉ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဦးဆန်းဝင်းနိုင် ၉/မသန(နိုင်)၁၂၇၇၄၂ (ဘ)ဦးမြင့်အောင်မှ ဒေါ်ဟန်နွေငြိမ်း ၉/အမဇ(နိုင်)၀၆၃၀၂၉ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/3438 Nissan Candar Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းငွေ ၇/သနပ(နိုင်)၀၀၀၃၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ရွာသာကြီး**

## ပိုးသတ်ဆေးကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းကြော်ငြာခြင်း

SHANDONG BINNONG TECHNOLOGY CO.,LTD. မှ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားပြီး Y AGRO SOLUTION CO.,LTD. မှ တင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါပိုးသတ်ဆေးများအား ကုန်သွယ်မှု အမည်ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ Y AGRO SOLUTION CO,.LTD.

ဖုန်း-၀၉-၇၈၇၆၃၀၂၇၂

| Sr. | Old Trade Name | New Trade Name | Active Ingredient | Registration Number |
|---|---|---|---|---|
| 1 | BNS Quinclo | BNS Kwin Myat Shinn | Quinclorac 25%SC | P2017-3665 |
| 2 | BNS Fome | BNS Van To | Fomesafen 25% SL | P2017-3643 |
| 3 | BNS Atra 80 | BNS Htoo Shinn | Atrazine 80%WP | P2017-3653 |
| 4 | BNS Ema 5.7 | BNS Darr Sat Kyar | Emamectin Benzoate 5.7%WDG | P2017-3650 |
| 5 | BNS Azoxy | BNS Hmaw Ka Wi | Azoxystrobin 25%SC | P2017-3656 |
| 6 | BNS Buta A | BNS Pyi Shinn | Butachlor 60% EC | P2017-3659 |
| 7 | BNS Difeno | BNS Say Wake Zar | Difenoconazole 25% EC | P2017-3661 |
| 8 | BNS Cyper 25 | BNS Wu Khone | Cypermethrin 25% EC | P2017-3649 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ SHENZHEN NOPOSION AGROCHEMICALS CO,.LTD. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါစိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar WAI FUNG AGRICULTURE CO.,LTD. မှ Y AGRO SOLUTION CO.,LTD. သို့ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ Y AGRO SOLUTION CO.,LTD. ဖုန်း-၀၉-၇၈၇၆၃၀၂၇၂

| Sr. | Trade Name | Active Ingredient | Registration No |
|---|---|---|---|
| 1 | Ywet Nu Hla | Dimethomorph 9%+Mancozeb 60%WP | P2018-1927 |
| 2 | NPS Seer | Thiamethoxam 35% FS | P2018-4439 |
| 3 | Blue Fire | Glyphosate 41%SL | F2019-1935 |
| 4 | Noposion Iprodione 50 WP | Iprodione 50%WP | F2020-2728 |

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ GUANGDONG HAODE CROP SCIENCE CO.,LTD. မှ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar WAI FUNG AGRICULTURE CO.,LTD. မှ Y AGRO SOLUTION CO.,LTD. သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက် နိုင်ပါသည်။ Y AGRO SOLUTION CO.,LTD. ဖုန်း-၀၉-၇၈၇၆၃၀၂၇၂

| Sr. | Trade Name | Active Ingredient | Registration No |
|---|---|---|---|
| 1 | HD Sharp | Quizalofop-P-ethyl 10% EC | P2018-4449 |

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၆-၂၀၂၀ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးဖိုးတင့်အစား ဦးစိုးတင့်ဟုလည်းကောင်း၊ ကျမ်းကျိန်လွှာ (၂၂၄၁/၁၈-၁၁-၂၀၁၉)အစား (၂၄၄၁/၁၈-၁၁-၂၀၁၉ )ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/88170 Suzuki Viva-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၉/မနတ(နိုင်)၀၅၀၂၀၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ဖခင်အမည်မှန်

မန်စီမြို့နယ်၊ မန်ဝိန်းကြီးကျေးရွာ မူလွန်-ပန်စွန်(၂) ဆင္ဃမတန်းမှ မောင်နော်ဆန့်၏ ဖခင်အမည်မှန်မှာ ဦးကြားရှီ ၁၃/ကခန(နိုင်)၀၂၈၇၈၃ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/1402 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**သံဖြူဇရပ်မြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၄**

ဒေါ်မြသက်မူ **နှင့်** ၁။ ဦးငွေခင်
၂။ မစိုးစိုးခိုင်
**တရားလို** **တရားပြိုင်များ**

သံဖြူဇရပ်မြို့နယ်၊ ကျိုက္ခမီမြို့၊ အောင်သုခရပ်ကွက်၊ သီရိမြိုင်လမ်းမတန်းနေ မစိုးစိုးခိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေကျပ်(၃၄)သိန်းရလိုမှု လျှောက်ထားစွဲဆိုခဲ့သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၅ရက် (၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အာကာစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၉၆၄၈၁ Avemger Street 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးသိန်း ၉/အမရ(နိုင်)၁၀၃၉၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈/၆၂၄၂ Mitsubishi Pajero V46 S/W(4x4)(R) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခိုင် ၉/မခန(နိုင်)၁၈၂၂၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**


Magical World
Exquisite Small Apartment
ကျေးဇူးတုံ့ပြန်ခြင်း
Magical World
Covid-19 သည်ပြည်သူလူထုကိုကြောက်ရွံ့မှုဖြစ်စေသည်။ သို့သော်အစိုးရနှင့်ဆေးဖက်ဆိုင်ရာဝန်ထမ်း
များ၏ကြိုးပမ်းမှုကြောင့် ကျွန်တော်တို့ပြည်သူအားလုံးကိုလုံခြုံမှုရစေသည်။
Magical World မှလူမှုအဖွဲ့အစည်းကိုကျေးဇူးတုံ့ပြန်သောအနေဖြင့် အောက်ပါရင်းနှီးမြုပ်နှံမှုနှင့်
အိမ်ခန်းဝယ်ယူမှုမူဝါဒကိုစတင်သွားမည်ဖြစ်သည်။
1.အိမ်ခန်းအလှဆင်ပေးခြင်း၊Branded Furnituresနှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းများလက်ဆောင်ပေးခြင်း။
2.အိမ်ခန်းတစ်ခန်းကိုကားပါကင်တစ်နေရာစာလက်ဆောင်ပေးခြင်း။
3.စာချုပ်ချုပ်ပြီး၆လအတွင်း30%ငွေပေးချေခြင်း။
အခန်းအပ်ချိန်တွင်40%ငွေပေးချေခြင်း။
အခန်းအပ်ပြီး6လအတွင်း30%ငွေပေးချေခြင်း။
4.8% Promotion ခံစားခွင့်။
5.ဤPromotionများကိုပထမဦးဆုံးလူဦးရေ50သာခံစားခွင့်ရှိခြင်း။
6. အထက်ဖော်ပြပါPromotionများကိုဇွန်လ၂၀ရက်နေ့မှစတင်ပေးသွားမည်ဖြစ်ပါသည်။
Hot Line : 09-7877 10 777 / 09-7877 20 777
SALE GALLERY ADDRESS: No.15-D, Than Ta Man Street, Dagon Township, Yangon, Myanmar.
PROJECT ADDRESS: No.29, Kha Yay Pin Street, Lanmadaw Township, Yangon, Myanmar.

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငါးရာကျပ်တန်ငွေစက္ကူထုတ်ဝေမည်




မျက်နှာစာဘက်




ကျောဘက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ပုံဖြင့် ငွေစက္ကူပုံစံသစ်အမျိုးမျိုးကို ထုတ်ဝေရန် ဆောင်ရွက်လျက်ရှိရာ ငါးရာကျပ်တန် ပုံစံသစ်ငွေစက္ကူကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် စတင်ထုတ်ဝေပါမည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငါးရာကျပ်တန်ငွေစက္ကူအရွယ်အစားမှာ အလျား ၁၅၀ မီလီမီတာ၊ အနံ ၇၀ မီလီမီတာ ရှိပါသည်။ ငွေစက္ကူသည် ပေါ်လွင်သော နီညိုရောင်ရှိပြီး ငွေစက္ကူ၏အပေါ်ဘက်တွင် "မြန်မာနိုင်ငံတော်ဗဟိုဘဏ်" စာတန်း ရိုက်နှိပ်ထားပါသည်။

ငါးရာကျပ်တန်ငွေစက္ကူ၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပုံရိုက်နှိပ်ထားပြီး ငွေစက္ကူ၏ လက်ယာဘက်တွင် ငွေစက္ကူ၏ တန်ဖိုးကို မြန်မာစာသားဖြင့် "ငါးရာကျပ်" ဟု ဖော်ပြထားပါသည်။ ထောင့်သုံးထောင့်တွင်လည်း ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

ငွေစက္ကူနံပါတ်ကို မြန်မာအက္ခရာ မြန်မာဂဏန်းဖြင့် အလျားလိုက်၊ အင်္ဂလိပ်အက္ခရာ အင်္ဂလိပ်ဂဏန်းဖြင့် ဒေါင်လိုက်ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူ၏ လက်ဝဲဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းပုံ ရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေးကြိုးကို ဒေါင်လိုက်မြှုပ်နှံထည့်သွင်းထားပါသည်။ ငွေစက္ကူ၏ ဘယ်ညာအစွန်းများတွင် ဖောင်းကြွလိုင်းတိုများ ရိုက်နှိပ်ထားပါသည်။

ငါးရာကျပ်တန်ငွေစက္ကူ၏ ကျောဘက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက်အဦပုံ ရိုက်နှိပ်ထားပြီး အပေါ်ပိုင်း၌ " CENTRAL BANK OF MYANMAR" စာတန်း၊ အောက်ပိုင်း၌ "FIVE HUNDRED KYATS" ဟူသော စာတန်းများ ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏တန်ဖိုးများကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

လက်ရှိသုံးစွဲလျက်ရှိသော ငါးရာကျပ်တန် ငွေစက္ကူများသည်လည်း တရားဝင်ငွေအဖြစ် ဆက်လက်တည်ရှိမည် ဖြစ်ပါသည်။




## စင်ကာပူ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၁၈**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားစုစုပေါင်း ၄၁၈၃ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❐

## ကပ်ရောဂါဆိုတာ သဘာဝပတ်ဝန်းကျင် ဖျက်ဆီးခံရမှုရဲ့ အကျိုးဆက်လေလား
စာမျက်နှာ – ၁၄

## COVID -19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၁၈-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ
စာမျက်နှာ – ၁၅

## ရိုးမားသို့ ပြောင်းရွှေ့ရန် ပက်ဒရို သဘောတူ




စပိန်တောင်ပံကစားသမား ပက်ဒရိုသည် ရိုးမားအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နည်းပြလမ်းပတ်အနေဖြင့် အဆိုပါ တောင်ပံကစားသမားကို ရာသီကုန်အထိ အသင်းတွင် ဆက်လက်ထိန်းထားလိုကြောင်း သိရသည်။ ပက်ဒရိုနှင့် ချယ်လ်ဆီးအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ဇွန် ၃၀ ရက်တွင်

*စာမျက်နှာ ၁၀ ကော်လံ ၅* ❍

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုတန်ဖိုးအရ ရင်းနှီးမြှုပ်နှံမှုအများဆုံး (၁၀) နိုင်ငံ
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး)


(အမေရိကန်ဒေါ်လာသန်းပေါင်း)




ဓာတ်မြစ် : ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

### ကဏ္ဍအလိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး)

(အမေရိကန်ဒေါ်လာသန်းပေါင်း)




ဓာတ်မြစ် : ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။